www.burmeseclassic.com

အောင်မြင်စာပေ

# GHOST STORY

EXPLORING THE WORLD OF THE UNEXPLAINED



## သရဲ တဝဉ်

Vol: 4 - Second Edition


အငမ
စိတ်
သရဲ နှင့် စကားပြောခြင်း
ထိတ်လန့်ဖွယ်တိုက်ဆိုင်မှုများ

စိညာဉ်ခရီးသည်
လောင်းကစားမျက်လုံး
ကြောက်စရာအကောင်းဆုံး
သရဲမများ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ရ၉၅-၈၃
GHOST STORY
သရဲတစ္ဆေ(၄)/GHOST STORY။ - ရန်ကုန်၊
အောင်မြင့်စာပေ၊ ၂၀၁၂။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) GHOST STORY



## ပုံနှိပ်မှတ်တမ်း

၂၀၁၆ခုနှစ်၊ (ဒီဇင်ဘာလ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်၊
ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြ-၀၁၀၇၇)၊ အမှတ်(၁၄၅)၊ နှင်းဆီခြံလမ်း၊ ... ရွာ။
အောင်မြင့်စာပေ (မြ-၀၀၂၇၆)၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



# GHOST STORY

## မာတိကာ


| | | |
|---|---|---|
| ၁။ | ကြောက်စရာအကောင်းဆုံး သရဲမများ | ၆ |
| ၂။ | သရဲနှင့် စကားပြောခြင်း | ၂၈ |
| ၃။ | ပန်းနုရောင်ဝိညာဉ်ခရီးသည် | ၄၈ |
| ၄။ | အမေ | ၉၂ |
| ၅။ | ထိတ်လန့်ဖွယ်တိုက်ခိုက်မှုများ | ၁၁၂ |
| ၆။ | လောင်းကစားမျက်လုံး | ၁၂၈ |
| ၇။ | စိတ် | ၁၄၆ |


www.burmeseclassic.com

www.burmeseclassic.com

# Scariest Female Ghosts

# ကြောက်စရာအကောင်းဆုံး သရဲမများ



စာဖတ်သူတိုင်းသည် တစ္ဆေသရဲဝတ္ထုကောင်းများကို ဖတ်ရှု သိကြသည်။ အချို့သရဲတစ္ဆေဝတ္ထုများသည်. . စံထားလောက်သော ထူးဆန်းထွေလာ ကြောက်လန့်စရာဇာတ်လမ်းများဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ညဘက်တွင် မီးပုံအနီး၌ ဝိုင်းထိုင်ကာ စကား ပြောကောင်းသူက တစ္ဆေသူရဲပုံပြင်များကို အသံပါပါ၊ ဟန်ပါပါဖြင့် ပြောပြလေလျှင် နားထောင်နေသူများမှာ မငြီးငွေ့နိုင်ကြပေ။

သရဲဇာတ်လမ်းများကို ပြောပြနေသူ၏ အသံအနိမ့်အမြင့် အတက်အကျနှင့် လိုက်လျောစွာ သူ၏ မျက်နှာအမူအရာ၊ လက်ဟန် ခြေဟန်များသည် နားထောင်နေသူများ၏ စိတ်တွင် ကြောက်ရွံ့မှုကို ပို၍ ခံစားရစေသည်။

သရဲဇာတ်လမ်းများအကြောင်းကို ဖွဲ့နွဲ့ရေးသားထားသော စာအုပ်တစ်အုပ်ကို ဖတ်နေရသည့် စာဖတ်သူသည်လည်း ဇာတ်လမ်း ကောင်းလျှင် ကောင်းသလို၊ စာရေးသူ၏ အဖွဲ့အနွဲ့ကောင်းလျှင် ကောင်းသလို စိတ်တွင် ရသမျိုးစုံခံစားကာ မငြီးနိုင်အောင်ဖြစ်ရလေ သည်။

စာရေးသူတို့ငယ်စဉ်က အဘိုးအဘွားများနှင့် မိဘများက တစ္ဆေသူရဲပုံပြင်များကို အိပ်ရာဝင်ပုံပြင်အဖြစ် ပြောပြပါလျှင် . . ကြောက်ရွံ့ထိတ်လန့်စိတ်နှင့်အတူ နားထောင်ကြသည်သာ ဖြစ်သည်။

ထိုသို့ငယ်စဉ်ကကြားရနားထောင်ရသိမှတ်ရသော သရဲ ဇာတ်လမ်းများကို ကြီးပြင်းလာသည့်အရွယ်ထိ စွဲစွဲလမ်းလမ်း မှတ်မိ နေဆဲဖြစ်ပေသည်။ အမြဲတမ်း မမေ့နိုင်အောင်ရှိနေပေဦးမည်။

သရဲဇာတ်လမ်းများတွင် ပါလေ့ပါထရှိသည့် လူပ၍ ကြောက် လန့်စရာကောင်းသော အမျိုးသမီးများ၊ ဒေါသကြီးပြီး အငြိုးအတေး ဖြင့် ခြောက်လှန့်တတ်သည့် အရုပ်ဆိုးအကျည်းတန် အမျိုးသမီးများ သည် ဥစ္စာစောင့်၊ သူရဲ၊ တစ္ဆေ စသည့် . . ပရလောကသားများဖြစ်ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ယခုတင်ပြမည့်အကြောင်းအရာများမှာ စာဖတ်သူများအတွက် အကျော်ကြားဆုံး၊ ကြောက်စရာအကောင်းဆုံး၊ ထိတ်လန့်ဖွယ်ရာအဖြစ်ဆုံးသော အမျိုးသမီးတစ္ဆေမများ အကြောင်းပင် ဖြစ်ပေသည်။

ထိုတစ္ဆေမများသည် အသက်အရွယ်ကြီးသူနှင့်ငယ်သူ၊ ရုပ်ရည်ချောမောသူနှင့်အကျည်းတန်သူ၊ ချမ်းသာသူနှင့်ဆင်းရဲသူ ဟူ၍ ကွာခြားချက် ရှိကောင်းရှိနိုင်သော်လည်း ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသည်မှာ ထပ်တူထပ်မျှ ဖြစ်ပေသည်။

## ဝတ်စုံဖြူနှင့်တစ္ဆေမ
## (The White Lady)

လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုများစွာတွင် ဝတ်စုံဖြူနှင့် အမျိုးသမီး (The White Lady)ကို လူမျိုးအလိုက်တွေ့ဖူးသူများ ရှိနိုင်ပါသည်။

အင်္ဂလန်နိုင်ငံ၏ အလယ်ခေတ်တွင် ဝတ်စုံဖြူနှင့်အမျိုးသမီးသည် သေခြင်းတရား၏ ရှေ့တော်ပြေးအဖြစ် ဆောင်ရွက်ခဲ့ဖူးပေသည်။ သူမသည် အိမ်တစ်အိမ်တွင် သေကာနီး လူတစ်ဦးတစ်ယောက်ရှိပါက ထိုအိမ်တွင် နေ့ရောညပါ ကိုယ်ရောင်ပြတတ်သည်။

ပုံတွင် ဖော်ပြထားသကဲ့သို့ ဝတ်စုံဖြူကိုဝတ်ဆင်ထားသည့် အမျိုးသမီးကို နေ့ရောညပါ အိမ်တွင်တွေ့မြင်ရပါက ထိုအိမ်ရှိ လူတစ်ဦးဦးသေဆုံးတော့မည့် အတိတ်နိမိတ်ကို ဆောင်သည်ဟု ယူဆခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





ဝတ်စုံဖြူနှင့်တစ္ဆေမ (The White Lady)

www.burmeseclassic.com

www.burmeseclassic.com



➤ စကော့တလန်သားတို့၏ အယူအဆတွင်မူ ရှက်ကြောက်ဖွယ်အဖြစ်ဆိုးနှင့်ကြုံတွေ့ခဲ့ရသည့် အမျိုးသမီးငယ်တစ်ဦးသည် အလွန်မြင့်မားလှသော ရဲတိုက်မျှော်စင်ထက်သို့တက်ကာ ထိုအမြင့်ဆုံးနေရာမှ အောက်သို့ခုန်ချ၍ ကိုယ့်ကိုသတ်သေခဲ့သည်။

ထိုအချိန်မှစ၍ ဝတ်စုံဖြူနှင့်အမျိုးသမီးသည် ရဲတိုက်တစ်ဝိုက်တွင်ရှိသည့်နေရာများနှင့် သူမနေထိုင်ခဲ့ရာ အခန်းတွင် တစ္ဆေခြောက်လှန့်ခဲ့ပေသည်။

➤ အင်္ဂလန်နိုင်ငံတွင်မူ ဝတ်စုံဖြူနှင့်အမျိုးသမီး တစ္ဆေခြောက်လှန့်သည့် ပုံပြင်များစွာရှိခဲ့သည်။

ကမ်ဘရီယား(Cumbria)ဒေသရှိ တစ္ဆေခြောက်သည့် ရဲတိုက်တွင်မူ ထိုရဲတိုက်တွင်သာ သီးသန့်ခြောက်လှန့်တတ်သည့် ဝတ်စုံဖြူနှင့် တစ္ဆေမ ရှိခဲ့သည်။ သူမ၏အမည်သည် မေရီဘရက်(Mary Bragg) ဖြစ်သည်။

➤ အမေရိကန်ပြည်ထောင်စုတွင်လည်း ဝတ်စုံဖြူတစ္ဆေမနှင့် ဆက်စပ်သည့်တစ္ဆေဇာတ်လမ်းများစွာရှိနေပေသည်။

ဇာတ်လမ်းများ စွာရှိသော်လည်း ကျောရိုးဇာတ်လမ်းမှာ တူနေတတ်သည်။

သတို့သမီးတစ်ဦးသည် သူမ လက်ထပ်သည့်ညတွင် မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးသွားခဲ့သည်။

ဝတ်စုံဖြူဝတ်ဆင်ထားသည့် သတို့သမီးဖြစ်၍ သူမသေဆုံးသွားသောအခါ ဝတ်စုံဖြူတစ္ဆေဟု ခေါ်ကြခြင်းဖြစ်သည်။

အမေရိကတွင် ထင်ရှားကျော်ကြားသည့် ဝတ်စုံဖြူတစ္ဆေ ဇာတ်လမ်းတစ်ပုဒ်မှာ နယူးယောက်ရှိ ဂျူရန်အိစ်မင်း ပန်းခြံ (Durand-



www.burmeseclassic.com

www.burmeseclassic.com



Eastman Park)ရှိ ဝတ်စုံဖြူတစ္ဆေမဖြစ်ပေသည်။

ဒေသခံလူများ၏ ဆိုစကားအရ ဝတ်ရုံဖြူတစ္ဆေမဖြစ်လာမည့် အမျိုးသမီးတွင် ရုတ်တရက်ပျောက်ဆုံးသွားသော သမီးတစ်ယောက် ရှိခဲ့သည်။

သူမသည် ညစဉ်ညတိုင်း သူမ၏ဂျာမန်သိုးထိန်း (German Shepard)အမျိုးအစား ခွေးကြီးနှစ်ကောင်နှင့်အတူ သမီးပျောက် ရှာပုံတော် ဖွင့်ခဲ့သည်။

သီတင်းပတ်ပေါင်းများစွာ ရှာဖွေခဲ့သော်လည်း ပျောက်ဆုံးသွားသောသမီး၏ သတင်းအစအနကိုမျှ စုံစမ်း၍ မရသောအခါ ထိုအမျိုးသမီးသည် စိတ်အားလျော့ခြင်း၊ စိတ်ပျက်ခြင်း၊ စိတ်ရှုပ်ထွေးနောက်ကျိမှုနှင့်အတူ စိတ်ဓာတ်ကျလာလေတော့သည်။

သို့ဖြစ်၍ စိတ်ကိုတည်ငြိမ်အောင် ဆောက်တည်မရနိုင်သည့် အဆုံးတွင် သူမသည် မြင့်မားလှသော ကျောက်ဆောင်ထက်မှ ခုန်ချ၍ ဘဝကိုအဆုံးသတ်ခဲ့လေသည်။

ထိုနေ့မှစ၍ အဆိုပါအမျိုးသမီးသည် ဝတ်ရုံဖြူတစ္ဆေမ ဘဝသို့ ကူးပြောင်းကာ နေရာဒေသအနှံ့လျှောက်၍ သူမ၏ ပျောက်ဆုံးနေသော သမီးကို ရှာဖွေနေဆဲဖြစ်သည်။

နေရာအနှံ့၊ နိုင်ငံအနှံ့တွင် ဝတ်ရုံဖြူတစ္ဆေမဟူ၍ ခေါ်ဝေါ်မှုမျိုးရှိတတ်ပါသည်။

အကြောင်းတိုက်ဆိုင်မှုများမှာ အဆိုပါတစ္ဆေမသည် အရပ်မြင့်မြင့်နှင့် ဝတ်ရုံဖြူဝတ်ဆင်ထားပြီး တစ်ခုခုကိုစွဲရပ်ကို အလဲ့စားချေလိုခြင်း၊ မကျေနပ်၍ရှာဖွေခြင်း၊ ဆောင်ရွက်နေခြင်းမျိုးတွင် တူညီမှုရှိနေတတ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





သမီးပျောက် ရှာပုံတော်ဖွင့်နေသည့် ဝတ်ရုံဖြူတစ္ဆေမဟု မှတ်ယူကြသည့် တစ္ဆေဓါတ်ပုံ

# ငယ်သံပါအောင်အော်သည့်ဂျင်းနီ
## (Screaming Jenny)

ဗာဂျီးနီးယားအနောက်ပိုင်းရှိ တောင်များကို ကျော်လွန်သွားလျှင် ကြောက်လန့်တကြား ငယ်သံပါအောင် အော်သည့် ဂျင်းနီ၏ အတ်လမ်းသည် စိတ်ချောက်ချားဖွယ်ရာ ကောင်းလှပေသည်။

ချောမောလှပ၍ ချစ်စရာကောင်းသော ဂျင်းနီသည် ဆင်းရဲချို့တဲ့သော်လည်း ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မီးရထားသံလမ်းဘေးရှိ ပျက်စီးယိုယွင်းနေသော ကုန်သိုလှောင်ရုံဟောင်းတစ်ခုတွင် အိမ်အဖြစ် မှီခိုနေထိုင်ရသည်။

သူမ၏အသက်မွေးဝမ်းကျောင်းအလုပ်မှာ အိမ်တကာသို့ လှည့်လည်၍ ခိုင်းစေမည့်သူများရှိပါက ထိုအလုပ်ကို ကူညီမှုပေးခြင်းဖြင့် ဝမ်းစာရှာဖွေရသည်။

သူမသည် ဖြူစင်ရိုးသားပြီး စိတ်သဘောကောင်းသည်။ သူတစ်ပါးအပေါ်တွင် အပြစ်မြင်လွယ်သူတစ်ဦးလည်း မဟုတ်ပေ။ သို့သော်လည်း အကြောင်းအရာတစ်ခုကို ကြိုတင်မျှော်တွေး သိမြင်တတ်သည့် အရည်းအချင်းမျိုးတော့ သူမမှာ ရှိမနေပါချေ။

ရိုးအ လှသည့် သူမအတွက် ကံကြမ္မာဆိုးသည် မညှာမတာ ရက်စက်မှုပြုလေတော့သည်။

အောက်တိုဘာလ၏ မှောင်စပြုသည့် ညနေခင်းတစ်ခုတွင် ဂျင်းနီသည် သူမနေထိုင်ရာ ဂိုဒေါင်ဟောင်းလေးသို့ ပြန်ရောက်ပြီး မီးဖိုကာ အနွေးဓာတ်ပိုရရန် မီးဖိုနားသို့တိုး၍ ကပ်အောင်ရွှေ့နေလိုက်သည်။

ထိုညနေက သူမဝတ်ဆင်ထားသည်မှာ ပိုးသားဂါဝန်ဖြူ အဟောင်းလေးဖြစ်သည်။

မီးဖိုနားသို့ ထိလုနီးပါးတိုးကပ်သွားသော ဂျင်းနီ၏ ပိုသားဂါဝန်ဖြူကို မီးစွဲလိုက်သည်ကို အမှတ်တမဲ့နေတတ်သည့် ဂျင်းနီသည် ချက်ချင်းသတိမပြုမိလိုက်ပေ။

သူမ အပူဓာတ်ပြင်းပြင်းရလာ၍ သတိထားမိလိုက်အချိန်တွင် သူမ၏ ပိုးဂါဝန်ဖြူသည် မီးစွဲငြိ၍ မီးတောက်မီးလျှံပင် ထွက်နေလေပြီ။

ခန္ဓာကိုယ်ရှိ ပိုးဂါဝန်ဖြူကို စွဲလောင်နေသည့် မီးတောက်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်၍ မငြိမ်းသက်တတ်ပဲ ကြောက်လန့်တကြားဖြစ်သွားသော ဂျင်းနီသည် ဂိုဒေါင်ပြင်သို့ ခုန်ကျော်၍ ထွက်လိုက်ကာ ကြောက်လန့်တကြားငယ်သံပါအောင် အော်ဟစ်၍ ထွက်ပြေးလေတော့သည်။

ပိုးဂါဝန်ဖြူကို စွဲလောင်နေသည့်မီးကို ဖြစ်သည့်နည်းဖြင့် ငြိမ်းသတ်ရမည်ကို နားမလည်သည့်ဂျင်းနီသည် အသံကုန် အော်ဟစ်၍ ဂိုဒေါင်အပြင်ဘက်ရှိ မီးရထားသံလမ်းတစ်လျှောက် အစွမ်းကုန်ပြေးကာ ဘူတာဆီသို့ ရှေ့ရှုပြေးလေတော့သည်။



ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသည့် ပိုးဂါဝန်ဖြူကို လောင်ကျွမ်းနေသည့် မီးတောက်မီးလျှံများနှင့်အတူ ရထားသံလမ်း တစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက် အော်ဟစ်ပြေးလွှားနေသည့်ဂျင်းနီကို မျက်နှာချင်းဆိုင်မှ အရှိန်နှင့်မောင်းနှင်လာသော ရထားတစ်စီးက ဝင်တိုက်မိရာ ထိုနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ရလေသည်။

ရထားသံလမ်းပေါ်တွင် ဂျင်းနီသေဆုံးပြီး တစ်လခန့်အကြာတွင် ရထားတစ်စီးသည် အရှိန်ဖြင့် မောင်းနှင်လာစဉ် ထိုနေရာအရောက်၌ အော်ဟစ်သံများနှင့်အတူ တောက်လောင်နေသည့် မီးလုံးကြီးကို မျက်နှာချင်းဆိုင် တွေ့လိုက်လေသည်။

အရှိန်ထိန်း၍ မရနိုင်တော့သော မီးရထားသည် အဆိုပါအော်ဟစ်သံများပေါ်ထွက်ကာ တောက်လောင်နေသည့် မီးလုံးကြီးကို ဝင်တိုက်မိလိုက်သည်။



မီးရထားနှင့် တိုက်မိသည့် မီးလုံးကြီးကို သရုပ်ဖော်ထားပုံ

ထိုနောက်မှ ရထားကို အရှိန်သတ်၍ရပ်ကာ ပတ်ဝန်းကျင်နေရာများကို ဆင်းကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


ရထားတိုက်မိသည်ဟုယူဆရသည့် နေရာတွင် မီးလောင်သည့်အရာ တစ်ခုမှမတွေ့ရပေ။

ထိုအချိန်မှစ၍ နှစ်စဉ် သူမ သေဆုံးသည့်ရက် ရောက်တိုင်း ဂျင်းနီ၏ တစ္ဆေဝိညာဉ်သည် မီးရထားသံလမ်းပေါ်တွင် မီးလျှံများနှင့် အော်ဟစ်ပြေးလွှားနေသည်ကို တွေ့မြင်ခဲ့ကြရလေသည်။

# ဘလက်အက်ဂျီ
## (Black Aggie)

ဘလက်အက်ဂျီ (Black Aggie) ဆိုသူမှာ ဒရူးရစ်ဂျ် သင်္ချိုင်း (Druid Ridge Cemetery) ထဲရှိ အုတ်ဂူတစ်ခုပေါ်တွင် အထိမ်းအမှတ်အဖြစ် ထားရှိသည့် အမျိုးသမီးပုံ ကျောက်ရုပ်တုဖြစ်ပေသည်။

အဆိုပါအမျိုးသမီးရုပ်တုကို (၁၉၂၆)တွင် ထုလုပ်ထားရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးရုပ်တုမှာ ဝမ်းနည်းကြေကွဲမှု (Grief) ဟုခေါ်ဆိုပြီး ဝါရှင်တန်ဒီစီ (Washington D.C) ရှိ သင်္ချိုင်းမှ အမျိုးသမီးရုပ်တုကို ပုံသဏ္ဍာန်တူ ပြုလုပ်ထားခြင်းဖြစ်လေသည်။

ဘလက်အက်ဂျီရုပ်တုသည် ဗိုလ်ချုပ် ဖဲလစ်အင်ဂတ် (General Felix Angus) နှင့် သူ၏ ဇနီးအုတ်ဂူထက်တွင် ထုလုပ်ထားခြင်းဖြစ်သည်။

ဗိုလ်ချုပ်ဖဲလစ်အင်ဂတ်၏ ဇနီးသည် လူအများနှင့် ပြောဆိုဆက်ဆံခြင်းမရှိဘဲ တစ်ယောက်တည်း အထီးကျန်စွာ ဝမ်းနည်းကြေ


www.burmeseclassic.com

www.burmeseclassic.com



ကွဲမှုကို ခံစားနေရသူဟု ဆိုသည်။

ကွယ်လွန်သွားသည့်တိုင် သူမ၏ ဝမ်းနည်းကြေကွဲမှုများနှင့် စိတ်ခံစားမှုများသည် မပျောက်ပျက်နိုင်ဘဲ မကျွတ်လွတ်နိုင်သေးသော



([illegible])ခုနှစ်တွင် ရိုက်ယူထားခဲ့သည့် အုတ်ဂူထက်မှ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေဝိညာဉ်ဘဝသို့ ကူးပြောင်းရောက်ရှိ သွားသည့်တိုင်အောင် အုတ်ဂူပေါ်ရှိ ရုပ်တုကို ဝိညာဉ်ပူးကပ်၍ ခြောက်လှန့်တတ်သည်။

ဒေသခံတစ်ဦး ပြောပြသည်မှာ အကယ်၍ တစ်ဦးတစ်ယောက်သည် ဘလက်အက်ဂျီရုပ်တု အောက်နားတွင် ညအိပ်၍ စောင့်ကြည့်ပါက အဆိုပါသင်္ချိုင်းထဲရှိ ဝိညာဉ်အားလုံးကို တွေ့မြင်နိုင်သည်ဟူ၍ ဖြစ်ပေသည်။

အဆိုပါသင်္ချိုင်းထဲရှိ ဝိညာဉ်အားလုံးသည် ညတိုင်း ဘလက်အက်ဂျီရုပ်တု၏ ပတ်ပတ်လည်တွင် စုဝေးလေ့ ရှိသည်ဟုဆိုခဲ့သည်။

အခြားဒေသခံတစ်ဦး၏ ပြောပြချက်မှာမူ ထိုရုပ်တုသည် ညဖက်ရောက်လျှင် အသက်ဝင်လာပြီး ဝမ်းနည်းကြေကွဲစွာ သင်္ချိုင်းအတွင်း လှည့်လည်ရွေ့လျားနေတတ်သည်ဟု ဆိုသည်။



ဘလက်အက်ဂျီရုပ်တုရှိရာ သင်္ချိုင်းထဲတွင်
ညဘက်ဓါတ်ပုံရိုက်ယူထားသည့်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ကျန်ဒေသခံများ၏ ပြောပြချက်တွင် ရုပ်တု၏ မျက်လုံးများသည် ညဖက်ရောက်တိုင်း နီရဲသော အရောင်ဖြင့် တောက်ပလာတတ်သည်ဟူ၍ ဖြစ်သည်။

(၁၉၆၇)ခုနှစ်တွင် အင်ဂတ်(Angus) မိသားစုဝင်များသည် ဘလက်အက်ဂျီရုပ်တုကို စမစ်ဆိုနီယန်ပြတိုက် (Smithsonian)သို့ လှူဒါန်းခဲ့သည်။

ကွယ်လွန်သူ အမျိုးသမီး၏ဝိညာဉ်သည် ဘလက်အက်ဂျီရုပ်တုကို ဝါရှင်တန်ဒီစီ (Washington, D.C) ရှိ ဒေါ်လီမဒီဆန်ဟောက် (Dolley Madison House)ပြခန်းသို့ ပြောင်းရွှေ့ခံရသည့် အချိန်ထိ



ဝါရှင်တန်ဒီစီသို့ ရောက်ရှိသွားသည့် ဘလက်အက်ဂျီရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါရုပ်တုတွင် လိုက်ပါမှီတွယ်လျက် ရှိနေဆဲဖြစ်သည်။

အမှန်မှာ လူတစ်ဦးတစ်ယောက်၏ အစွဲအလမ်းကို အလွယ်တကူမေ့ဖျောက်ပစ်ရန်မှာ မလွယ်ကူလှသောကြောင့် ဖြစ်သည်။

နောက်ပိုင်းတွင် ဒေသခံအချို့သည် ဒရူးရစ်ဂျ် သင်္ချိုင်း (Druid Ridge Cemetery)ရှိ အခြားရုပ်တုတစ်ခုတွင် ခိုမှီကပ်တွယ်လျက် ရှိနေသောတစ္ဆေမသည်. . . ပြောင်းရွှေ့သွားသော ဘလက်အက်ဂျီကျောက်ရုပ်တုကို မှီခိုနေခဲ့သည့် တစ္ဆေမအစစ်ပင်ဖြစ်သည်ဟု ယူဆကြလေသည်။

# သွေးဆာနေသည့်မေရီ (Bloody Mary)

မေရီ (Mary)ဆိုသော အမျိုးသမီး၏ ဇာတ်လမ်းပေါင်းများစွာသည် တစ်ခုနှင့်တစ်ခု ကွဲပြားမှုများ ရှိသည်။

လူအချို့လက်ခံယုံကြည်ခဲ့ကြသည်မှာ သွေးဆာနေသည့် မေရီ (Bloody Mary) ဆိုသည်မှာ အင်္ဂလန်နိုင်ငံ၏ ဘုရင်မအဖြစ်အုပ်ချုပ်ခဲ့သော ပထမမြောက် မေရီဘုရင်မကို ရည်ညွှန်းခြင်း ဖြစ်ပေသည်။

မေရီဘုရင်မသည် ထီးမွေနန်းမွေ ဆက်ခံမည့်သားသမီး မရရှိခဲ့ပေ။ သူမသည် သားလျောသားပျက်ခြင်း ခဏခဏဖြစ်ခဲ့ပြီး ကိုယ်ဝန်မတည်မြဲခဲ့ပေ။

အချို့လူများက မေရီဘုရင်မသည် ကိုယ်ဝန်မတည်မြဲဘဲ. .



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



သားလျှောသားပျက်ခြင်းဖြစ်အောင် ကိုယ်တိုင်ကြံဆောင်ခဲ့ခြင်း ဖြစ်သည်ဟု ယူဆခဲ့ကြသည်။

အဆိုပါဘုရင်မသည် အယူလွဲများသူများဟု သတ်မှတ်ခံရသူများကို အုပ်ချုပ်စီမံခန့်ခွဲမှုပြုရာတွင် ရက်ရက်စက်စက် သတ်ဖြတ်ရန် ဖြစ်ဒဏ်ပေး အမိန့်ပေးလေ့ရှိသည်။

ထိုအချက်များကြောင့် သူမကို နာမည်ပြောင်ဖြင့် "သွေးဆာနေသောမေရီ" ဟုခေါ် ဆိုခဲ့ကြခြင်းဖြစ်ပေသည်။

➤ ဒေသခံများ၏ ပြောဆိုချက်အရ အခြားမေရီတစ်ယောက်လည်းရှိပေသည်။

မေရီဝေါ့ (Mary Worth)ဟု အမည်ရှိသော စုန်းမတစ်ဦးပင် ဖြစ်ပေသည်။

ထိုအကြောင်းအရာသည် လူသိများသော ဒဏ္ဍာရီတစ်ခုပင် ဖြစ်သည်။

မေရီဝေါ့သည် သူမငယ်ရွယ်နုပျိုရေးအတွက် ကလေးများစွာကို သတ်၍ သွေးစုပ်ယူသော စုန်းမတစ်ဦးဖြစ်သည်။

ထိုသို့ဆိုးဝါးသောလုပ်ရပ်များကြောင့် သူမသည် ငုတ်ချွန်တွင် စိုက်၍ မီးရှို့သတ်ခြင်းခံခဲ့ရလေသည်။

သေဆုံးသွားသော သွေးဆာနေသည့်မေရီ၏ ဝိညာဉ်ကို ခေါ်ယူနိုင်သည်ဟု ဆိုစကားရှိခဲ့သည်။

သူမ၏ ဝိညာဉ်ကိုခေါ်ယူရာတွင် ရွတ်ဆိုရသည့်အစ စာပိုဒ်တိုလေးရှိသည်။

(thing-you-do-when-you're-all sitting- around-freaking-each-other-out-thing-you-do)



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဝိုင်းဖွဲ့ထိုင်ပြီး သုံးကြိမ်သုံးခါရွတ်ဆို၍ ခေါ်ပါက
သူမ၏ဝိညာဉ်သည် ခေါ်သည့်နေရာသို့ ရောက်ရှိလာတတ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောကြလေသည်။

မေရီ၏ ဝိညာဉ်သည် ထိုသို့ခေါ်ပါက လာသည်ဟု ဆိုခဲ့ကြသည့်အပြင် သူမ၏ဝိညာဉ်ကို ခေါ်ယူနိုင်သော အခြားနည်းနှစ်နည်းလည်း ရှိသေးသည်။

သင်သည် ညဉ့်သန်းခေါင်အမှောင်ထဲတွင် မှန်ကိုကြည့်ပြီး သူမ၏နာမည်ကို သုံးကြိမ်ခေါ်၍ သင့်ထံသို့ လာရန်ခေါ်ပါက သွေးဆာနေသည့် မေရီ၏ ဝိညာဉ်သည် မှန်ထဲတွင် ပေါ်လာတတ်သည်ဟု ဆိုပါသည်။

ထိုအခါ သင်မေးလိုသော မေးခွန်းကို ပေါ်လာသည့် တစ္ဆေဝိညာဉ်အား မေးနိုင်ပေသည်။

လူငယ်များသည် မိမိတို့၏ အချစ်ရေးကို ကြိုတင်သိလိုကြ၍ ဝိညာဉ်တစ္ဆေကိုခေါ်ပြီးမေးမြန်းတတ်ကြသည်။

လူကြီးများသည်လည်း မိမိတို့၏ ဘဝရှေ့ရေး၊ လုပ်ငန်းကိစ္စသည်တို့ကို ကြိုတင်သိလိုကြ၍ ဝိညာဉ်တစ္ဆေကိုခေါ်၍ မေးမြန်းတတ်ကြသည်။

ဝိညာဉ်များသည် အများအားဖြင့် အမှောင်ရောက်မှ ပေါ်လာတတ်သည်ဖြစ်၍ သရဲကြောက်တတ်သူများနှင့်မူ ဆောင်ရွက်ရန်မသင့်လျော်ပေ။

သို့သော် လူငယ်အချို့သည် ဝိညာဉ်တစ္ဆေကို မကြောက်မရွံ့မေးမြန်းတတ်ကြသည်။

ဝိညာဉ်တစ္ဆေပြောသည့် အနာဂတ်ကိစ္စများသည် မှန်သည်မမှန်သည်က အဓိကမဟုတ်ပေ။ လူငယ်သဘာဝ အုပ်စုဖွဲ့မိသည့်အခါ စူးစမ်းလိုခြင်း၊ သတ္တိရှိကြောင်းပြလိုခြင်း၊ လျှို့ဝှက်ဆန်းကြယ်မှုကို



www.burmeseclassic.com

www.burmeseclassic.com





ညဉ့်သန်းခေါင်အမှောင်ထဲတွင် မှန်ထဲတွင် ပေါ်လာသည့် မေရီ

စိတ်ဝင်စားခြင်းများကြောင့် နေ့အခါဖြစ်စေ၊ ညအခါဖြစ်စေ တစ္ဆေဝိညာဉ်ကို ခေါ်ယူတတ်ကြသည်။

ဝိညာဉ်ခေါ်ယူသည့် နည်းအမျိုးမျိုးကို အသုံးပြုတတ်ကြပေသည်။

အချို့သူများ၏ တစ္ဆေဝိညာဉ်ခေါ်ယူနည်းတစ်မျိုးမှာမူ ဝိုင်း၍ထိုင်ခြင်းကို သုံးကြိမ်သုံးခါပြောင်းလဲထိုင်ပြီး ခေါ်ယူကြရသည်ဟု ဆိုသည်။

"သွေးဆာနေသည့်မေရီ" (Bloody Mary)ကို ခေါ်ယူသည့် အခြားတစ်နည်းမှာ ခေါ်ယူမည့်သူများသည် ဝိုင်း၍ထိုင်နေကြပြီး ခေါ်



www.burmeseclassic.com

www.burmeseclassic.com

ယူသည့်စကားကိုဆိုကြရသည်။

"သွေးဆာနေတဲ့မေရီ

နင့်ကလေးကို ငါသတ်လိုက်ပြီ"

ထိုသို့သုံးကြိမ်သုံးခါရွတ်ဆို၍ ခေါ်ယူပါက သွေးဆာနေသည့် မေရီ၏ ဝိညာဉ်သည် ခပ်မြန်မြန်ရောက်ရှိလာတတ်ပေသည် ဟူ၍လည်း ပြောကြသည်။

အကယ်၍. . ထိုသို့ခေါ်ယူခြင်းကြောင့် ရောက်ရှိလာသည့် တစ္ဆေဝိညာဉ်သည်. . .

"မေရီဘုရင်မ"၏ ဝိညာဉ်လည်းဖြစ်နိုင်သလို. . .

"စုန်းမမေရီဝေါ့"(Marry Worth)၏ တစ္ဆေဝိညာဉ်လည်း ဖြစ်နိုင်ပေသည်။

ထိုသို့ခွဲခြားစွာသိနိုင်ရန်မှာမူ တစ္ဆေဝိညာဉ်ကို ခေါ်ယူမေးမြန်းကြသူများသာ ဆောင်ရွက်ကြရမည့်ကိစ္စပင် ဖြစ်ပေသည်။

မေရီဝိညာဉ်သည် သင်၏ အနာဂတ်အဖြစ်အပျက်များကို ကြိုတင်ဟောပြောနိုင်သည်။

ထူးခြားချက်တစ်ခုမှာ သင်စကားပြောလိုသည့် သေဆုံးသွားသောဝိညာဉ်တို့အား (၈)မိနစ်တိတိကြာအောင် စကားပြောခွင့်ပေးခြင်းဖြစ်သည်။

ထိုထူးခြားသည့်ကိစ္စကို မေရီဝိညာဉ်က စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

ထိုမျှသာမကပါ။

သွေးဆာနေသည့်မေရီ ဝိညာဉ်သည် အခန့် မသင့်ပါက ခေါ်ယူမေးမြန်းသူ၏ မျက်နှာကိုစုတ်ပြဲအောင် ကုတ်ဆွဲတတ်ပါသေးသည်။


www.burmeseclassic.com

www.burmeseclassic.com






သို့ဖြစ်၍ အကျိုးအကြောင်းသိလိုသူများအတွက် လက်တွေ့ [illegible]ရန် စမ်းသပ်နိုင်သည့် အခွင့်အရေးရှိပေသည်။

**Ref: The Scariest and Most famous Female Ghost**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





**(၂၀၀၉)** ခုနှစ် သြဂုတ်လ(၆)ရက်နေ့တွင်ဖြစ်သည်

ထိုနေ့တွင် မှတ်မှတ်ရရ အို့ဂျားဘုတ် (Ouija Board)(ခေါ် ဝိညာဉ်များကိုခေါ်၍ စကားပြောလို့ရသော ဝိညာဉ်ခေါ် သည့် ကိရိယာ)ဖြင့် ဆက်သွယ်ရာမှ ငရဲကျနေသော သူတစ်ဦး၏ ဝိညာဉ်နှင့် အဆက်အသွယ်ရကာ မိတ်ဆွေဖြစ်ခဲ့ကြသည်။

လူ့ပြည်နှင့်ဆက်သွယ်လိုသောဝိညာဉ်က အို့ဂျားဘုတ်ပေါ်ရှိ စာလုံးတစ်လုံးပြီးတစ်လုံး ရေးသားခဲ့ရာမှ အဆက်အသွယ်ရကာ သိရှိရခြင်းဖြစ်ပေသည်။

ထိုသို့ ဆက်သွယ်ပြောဆိုလာသော ဝိညာဉ်၏ စကားလုံးများကို ပြောပြပါမည်။

ထိုတစ္ဆေဝိညာဉ်၏ အမည်မှာ ဒရူး(Drew) ဖြစ်ပေသည်။

ထိုသူသည် ကျွန်ုပ်နေထိုင်ရာရပ်ကွက်မှ လူဆိုးတစ်ဦး ဖြစ်ပြီး သေဆုံးပြီးနောက် ငရဲပြည်၌ ငရဲကျခံနေရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com






အိုဂျားဘုတ်(အပေါ်)၊ အိုဂျားဘုတ် အသုံးပြု၍ ဝိညာဉ်နှင့် ဆက်သွယ်နေပုံ



ဒရူးဝိညာဉ်၏ ပြောပြချက်အရ သူကျခံနေရသည့် ငရဲပြည်အကြောင်းကို အနည်းငယ် သိလိုက်ရသေးသည်။

"ငရဲပြည်မှာ သိပ်ပြီးမှောင်မိုက်တာပဲ၊ မှောင်မိုက်ရုံတင်မကဘူး၊ ခန္ဓာကိုယ်အတွင်းလှိုက်ပြီး ပူလောင်ခြင်းမျိုးခံစားရပါတယ်"

အိုဂျားဘုတ်ပေါ်တွင် သူ၏ပြောပြချက်အရ ငရဲပြည်တွင်

## သရဲနှင့် စကားပြောခြင်း

www.burmeseclassic.com

www.burmeseclassic.com



တရားစကားများပြောကြားမှုရှိပြီး အချို့ဝိညာဉ်များသည် ငရဲပြည်မှ လွတ်မြောက်တော့မည့် ဝိညာဉ်များဖြစ်ကြသည်။

သူတို့သည် လူ့ဘဝက မကောင်းမှုများ လုပ်ခဲ့ခြင်းကြောင့် အပြစ်ပေးခံရကာ ငရဲသို့ ရောက်လာကြသူများဖြစ်သည်။

ထိုနေရာတွင် ကောင်းကောင်းမွန်မွန် နေထိုင်နေကြသော ဝိညာဉ်ကောင်းများလည်း ရှိနေကြသည်။

သို့သော် ဝိညာဉ်အများစုမှာကား ဆိုးသွမ်းပြီး မမှန်ကန်ကြပဲ ကောင်းချင်ယောင် ဆောင်ထားတတ်ကြသည်။

ဒရူးဝိညာဉ်၏ပြောပြချက်အရ သေဆုံးပြီး နောက်ဘဝအတွက် အဆင့်(၃)ဆင့်ရှိသည်။

ယင်းတို့မှာ-

-ကောင်းကင်ဘုံ (Heaven) (ခေါ်) အထက်ဘုံ၊ နတ်ပြည် (ခေါ်) (Gods Palace)

- ကြားဘုံ (Limbo)

(ယင်းမှာ ကျွန်ုပ်တို့၏ လူ့လောကတွင်ပင်ရှိပြီး သေဆုံးသွားပြီးနောက် မကျွတ်လွတ်သေးသောဝိညာဉ်များအဖြစ် နေရသည့်နေရာဖြစ်ကာ ယင်းနေရာတွင် သင့်အနေနှင့် တစ္ဆေခြောက်ခြင်း အဖြစ်မျိုး ကြုံရတတ်ပေသည်။)

- ငရဲပြည် (Hell) (ဆေတန်-သို့မဟုတ်-မာရ်နတ်၏ နေရာ) (Satan's Place)၊ သို့မဟုတ် အကုသိုလ်ကြီးသူများ၏ အပြစ်ကြခံရာ နေရာတို့ ဖြစ်သည်။

သူပြောပြသည်မှာ ရှုပ်ထွေးလှခြင်းကြောင့် နားလည်အောင် ပြန်ပြောပြဖို့ခက်လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com






သို့သော် သူသည် ငရဲပြည်တွင်ကျခံနေရပြီး တစ်ချိန်တည်းမှာပင်. . ကျွန်ုပ်နှင့်အတူ အခန်းတွင်း၌ အိုင်ဂျာဘုတ်ပေါ်တွင် စကားလာပြောနေတတ်သည်။

**သရဲနှင့် စကားပြောခြင်း**

www.burmeseclassic.com

www.burmeseclassic.com



သူ့အနေနှင့် တစ်ချိန်တည်းတွင် နှစ်နေရာ၌ရှိနေနိုင်ကြောင်း ပြောပြခဲ့ပါသည်။

မကောင်းဆိုးဝါးများ တစ္ဆေသရဲဝိညာဉ်များ လာသောအခါ သတိပေးတတ်သော အွိုဂျားဘုတ်သည် ငရဲဘုံ၏ တံခါးပေါက်တစ်ခု ဖြစ်ကြောင်း သူက ပြောပြခဲ့ပေသည်။

ငရဲဘုံတွင် ရောက်နေသည့် ဝိညာဉ်များ၏ တစ်ဝက်ခန့်သည် လူနေအိမ်များတွင် သွားလာနေတတ်ကြသည်။

ထိုသို့ဖြစ်ရခြင်းမှာ မကောင်းဆိုးဝါးဝိညာဉ်များသည် အွိုဂျားဘုတ်ကိုရိယာကို ကျော်ဖြတ်၍ ငရဲတံခါးပေါက်မှ ခဏတာ ထွက်လာနိုင်ခြင်းဖြစ်သည်။

ငရဲပြည်သို့ သူ ပထမဆုံး ရောက်သွားချိန်တွင် မှောင်မိုက်ခြင်းမှတစ်ပါး ဘာမှမရှိခဲ့ဘဲ သူ၏အနီးတွင် မီးအလင်းရောင်လေး ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုသည်။

မီးတောက်အလင်းရောင်မှာ နီးကပ်စွာ ဖြစ်ပေါ်လာခဲ့ပြီး အသားများကို လောင်ကျွမ်းပူလောင်လေတော့သည်ဟု သူကပြောပြခဲ့ပါသည်။

သူက အသနားခံကာ "ကယ်ကြပါ" ဟု အော်ဟစ်အကူအညီ တောင်းခဲ့သော်လည်း အရာမထင်ခဲ့ပါချေ။

သူကဆက်လက်ပြောပြသည်မှာ သူငရဲဘုံသို့ ရောက်သွားသောအခါတွင် ရှုံမှုန်းစရာကောင်းသည့်ဝိညာဉ်များက သူ့အား ဝိုင်း၍ ဖမ်းဆွဲကြပြီး တရွတ်တိုက်ဆွဲယူကာ တစ်စစီဖြစ်အောင်ဝိုင်း၍ ဆွဲဖွဲ့ခဲ့ ကြသည်။ သူ့အဆိုအရ ငရဲမှလွတ်မြောက်ရန်မဖြစ်နိုင်ပါချေ။

သို့သော် ငရဲဘုံရှိ ဝိညာဉ်များမှ အချို့မကောင်းဆိုးဝါး ငရဲကျ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ထား အကျက်ခွာခွင့်ပြုလေသည်။

မှတ်သည်မှာ အခါ်များသွားစေ၍ ခဏတာထွက်ခွာခွင့်ရခဲ့သည်ဟု ... ဆိုပါသည်။

အသက်ပါ်မှာ လူ့ပြည်မှ သူ့မိတ်ဆွေများက အွီဂျာဘုတ်မှ တစ်ဆင့် ညွှန်ကြားခါ ဆောင်ပေးမှုကြောင့်ဖြစ်ပြီး ကိုရိုနာဘီယာ (Co-rona beer)ကိုလည်း သူသောက်ခဲ့ရသည်ဟု ဆိုသည်။

ကျွန်ုပ်က လက်ရှိလူ့လောကရှိ ဘီယာကို ငရဲတွင် မည်သို့ရနိုင်ပါသနည်းဟု အမေးထုတ်ကာ တွေးတောမိပါသည်။

သူက သူအရက်သောက်ရကြောင်း အွီဂျာဘုတ်ပေါ်မှ တစ်ဆင့် ပြောပြခဲ့ခြင်းဖြစ်သည်။

ထိုသို့အွီဂျာဘုတ်ပေါ်မှစာရေး၍ ပြောပြရခြင်းမှာ သူ့ အနေနှင့် စကားမပြောနိုင်စွမ်းမရှိ၍ ဖြစ်ပါသည်။

သူသည် ကျွန်ုပ်၏ဦးလေးကို တစ်ကြိမ်ကယ်ခဲ့ဖူးသည်။ အကြောင်းမှာ ကျွန်ုပ်၏ဦးလေးသည် သူနှင့်လူဆိုးဂိုဏ်းတစ်ဂိုဏ်းထဲမှ ဒုက္ခခံသောကြောင့်ဖြစ်သည်။

သူက အချို့ရက်များတွင် အပြင်သို့မထွက်နိုင်ပါဟု ဆိုခဲ့ပါသည်။

ကျွန်ုပ်က. . .

“ဒရူး. . . ခင်ဗျားရှိနေရင် သင်္ကေတတစ်ခုပြပါ”

ဟုပြောသောအခါ. . . သူက ကျွန်ုပ်၏ဦးလေးထိုင်နေသော ကုလားထိုင်ကိုဆွဲဖယ်လိုက်၍ ဦးလေး လဲကျသွားခဲ့ပါသည်။

ထို့နောက်. . .ကျွန်ုပ်၏ဦးလေးသည် အခန်းအပြင်ဘက်တွင် ပလတ်စတစ်ကုလားထိုင်ဖြင့် ထိုင်နေခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

ထိုအဖြစ်အပျက်သည် ကျွန်ုပ်တို့အတွက် မယုံနိုင်စရာကောင်း ဖြစ်နေရသည်။

ဦးခလေးသည် ဒရုးထပ်မံနှောက်ယှက်မှု ပြုမည်စိုး၍ နောက်ပိုင်းတွင် တစ်ဦးတည်းသာနေထိုင်တော့ပြီး ကျွန်ုပ်နှင့်အတူ မနေတော့ပေ။

ဒရုးက သူတို့ဝိညာဉ်များသည် လူ၏စိတ်ကိုဖတ်နိုင်ကြပြီး အရာဝတ္ထုများကို ထိတွေ့နိုင်ကာ သူတို့၏စိတ်စွမ်းအားဖြင့် ထိုအရာဝတ္ထုများကို ရွေ့လျားစေနိုင်သည်ဟုဆိုသည်။

ကျွန်ုပ်တို့နှင့် (အွီဂျားဘုတ်ပေါ် စာရေး၍ပြောခြင်း) စကားပြောခြင်းသည် သူ၏စွမ်းအင်တစ်ရပ်ဖြစ်ကြောင်း ပြောပြပါသေးသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးသည် အနာဂတ်ကိုမြင်နိုင်ကြသော်လည်း ရေဘဲ့တွင် သူတို့ကို အုပ်ချုပ်သည့်အကြီးအကဲကို ကြောက်ကြရ၍ မှားမှား မပြောနိုင်ကြ ဆိုသည်။

ဒရူးက သူ့အမေနှင့် အနာဂတ်အကြောင်း တစ်စုံတစ်ရာ ပြောပြပါက မကောင်းဆိုးဝါးများက တစ်ခုခုလုပ်နိုင်သည်ဟု ဆိုခဲ့သည်။

"ဘာ့ကြောင့်လဲ"

ကျွန်ုပ်တမေးလိုက်မိသည်။

"ကယ်ပါ..ကယ်ပါ..ကယ်ပါ..ဆေတန်..ဆေတန် ဆေတန်..."

ဒရူးက ကျွန်ုပ်၏အမေးကို အဖြေမပေးဘဲ ထပ်ကာထပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြောနေသည့် သူ့ဟန်ပန်မှာ . . အလွန်ကြောက်ရွံ့နေပုံ ပေါ်ပါသည်။

ကျွန်ုပ်တို့အား ဘုရားကျောင်းသို့သွားရန် ဒရိုက သတိပေးခဲ့ပါသည်။ ဆေးတန်(မာရ်နတ်) လာတော့မည့် အရိပ်အယောင်ကို ကျွန်ုပ်သဘောပေါက်လိုက်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ကြောက်ရွံ့လာကြပြီး အွီဂျာဘုတ်ဖြင့် ဆက်သွယ်စကားပြောခြင်းကို ချက်ချင်းရပ်ပစ်လိုက်ကြသည်။

သူက ပြောပြခဲ့သည်မှာ ကျွန်ုပ်တို့နှင့်ဆက်သွယ် စကားပြောနေလေလေ သူ့အတွက် စွမ်းအင်ပိုရလေလေဟု သိရပါသည်။

တစ်ခါတွင် . . .

အခြားဝိညာဉ်တစ်ခုက ဒရိုဟန်ဆောင်၍ ကျွန်ုပ်ကို ဆက်သွယ်လာရာ . . ထိုအချိန်မှာပင် ဒရိုရောက်ရှိလာခဲ့ပြီး အံ့ဩစရာစကား ပြောပြခဲ့သည်။

ကျွန်ုပ်တို့က . . .

"ဘာဖြစ်တာလဲ"

ဟုမေးလိုက်သည်။

"ကိုင်ထားဦး . . ငါပြန်လာပြီ ဒီကောင့်ကို ကန်ထုတ်ပစ်လိုက်ဦးမယ်"

ဟု ဒရိုက ပြန်ပြောခဲ့သေးသည်။

ထို့နောက်မှ ဒရိုက သူ့အယောင်ဆောင်လာပြီး ဆက်သွယ်မည့် ဝိညာဉ်ကို ကန်ထုတ်ပစ်လိုက်ပြီဖြစ်ကြောင်း ပြောပြပါသည်။

မှတ်မှတ်ရရ တစ်ခါက ဖြစ်ရပ်ကိုပြောပြလိုပါသေးသည်။

ကျွန်ုပ်၏ဖခင်က . . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒရူးဆိုတာ တကယ်မရှိဘူး၊ ဘယ်သူမှလဲ မဟုတ်ဘူး"

ဟုပြောလိုက်သည်။

ထိုအခါ ဒရူးဝိညာဉ်က အရူးကဲ့သို့ အင်္ဂလိပ်ဘုတ်ပြားကို ဆွဲယူပြီး မြေကြီးပေါ်သို့ ပေါက်ချကာ သူအခု ထွက်သွားတော့မည် ဖြစ်ကြောင်းနှင့် ကျွန်ုပ်၏ဖခင်ကို လည်ပင်းညှစ်၍ သတ်ပစ်မည် ဖြစ်ကြောင်း ပြောခဲ့ပါသည်။

ဒရူးအလွန် ဒေါသထွက်ကာ မကျေမနပ်ဖြစ်နေပေသည်။

ကျွန်ုပ်က ဒရူးအားဒူးထောက်၍တောင်းပန်ကာ ကျွန်ုပ်၏ ဖခင်မှာ မသိ၍ပြောခြင်းဖြစ်၍ ခွင့်လွှတ်ပါရန် တောင်းပန်စကား ဆိုခဲ့ရသည်။

ထိုစဉ်တွင် ဒရူးက ခပ်လောလောပြောလိုက်ပါသည်။

"ပြေးတော့၊ ပြေးတော့၊ သူလာနေပြီ"

"ဘယ်သူလာနေတာလဲ"

ဘာမှမမြင်ရ၍ ကျွန်ုပ်ကပြန်မေးလိုက်မိသည်။

"ဆေတန်. . ဆေတန်. . ဆေတန်. . ဆေတန်. ."

ဟုဒရူးက အဆက်မပြတ်ပြောခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အင်္ဂလိပ်ဘုတ်ပြားဖြင့် ဆက်သွယ်ခြင်းကို ရပ်ဆိုင်းကာ ဘုတ်ပြားကို အပြင်သို့ ထုတ်ပစ်ရတော့သည်။

နောက်တစ်ပတ်တွင် ဒရူးဆက်သွယ်မှုပြုလာပြန်သည်။

သူက မည်သူသေနတ်ပစ်ခံရ၍ သေလိမ့်မည်ဟု ကြိုတင်ပြောပြလာလေသည်။

ဒရူး၏ ကြိုတင်ပြောပြချက်များမှာ အမြဲမှန်ကန်နေသတ် သည်။

သရဲနှင့် စကားပြောခြင်း

www.burmeseclassic.com

www.burmeseclassic.com


ဒရူးက ငရဲဘုံတွင် အနိုင့်အထက်ပြုမှုခြင်းများ ရှိသည်ဟုဆို သည်။

သူ့ထက် ပိုမိုအင်အားကြီးမားသည့် ဝိညာဉ်များ၏ အနိုင်အ ထက်ပြုမှုခြင်းကို ခံရသည်ဟု ပြောပြသည်။

သူ၏ပြောပြချက်အရ အဆင့်မြင့်အလွှာမှ မကောင်းဆိုးဝါး များသည် ငရဲဘုံ၌ ရောက်နေကြသူများကို အနိုင်အထက် နှိပ်စက်မှု ပြုကျင့်တတ်ကြောင်းသိရပေသည်။

ထိုသို့ နှိပ်စက်ခံရခြင်းသည်ပင်လျှင် သူတို့၏ အကုသိုလ်ကံ များကို ပြန်လည်ပေးဆပ်နေရခြင်း ဖြစ်ပေမည်။

အွီဂျားဘုတ်ဖြင့် ဆက်သွယ်မှုတစ်ရပ်တွင် သူကပြောပြသည် မှာ ငြိမ်သက်နေသောစွမ်းအင်တစ်ရပ် လမ်းကြောင်းပြောင်းခြင်း အ ကြောင်းဖြစ်သည်။

တေးသီချင်းပြောင်းလျှင် အကပြောင်းသကဲ့သို့ တေးသီချင်း သံ၏ အသံအတက်အကျတို့တွင် စွမ်းအင်ပြောင်းလဲကာ စိတ်ကို ပြောင်းလဲစေနိုင်သကဲ့သို့ဖြစ်သည်ဟု ဒရူးကဆိုသည်။

ဒရူက သူ့အနေဖြင့် ငရဲဘုံတွင် အချိန်တော်တော်များများကို အရက်သောက်ခြင်းဖြင့် ကုန်လွန်စေခဲ့သည်ဟု ပြောပြခဲ့သည်။

ထို့ပြင် အချိန်တော်တော်များများမှာလည်း မကောင်းဆိုးဝါး များနှင့် ဆေတန်ကြောင့် သူသည် ပြင်းထန်သည့် ကာယိကဒုက္ခနှင့် စေတသိကဒုက္ခ(ကိုယ်ဆင်းရဲခြင်းနှင့်စိတ်ဆင်းရဲခြင်း)တို့ကို ခံစားနေခဲ့ ရကြောင်းလည်း ပြောပြခဲ့ပါသည်။

သူ၏မျက်နှာရော ဆေတန်မျက်နှာပါ သူမြင်ဖူးသည့်မျက်နှာ ပုံစံများတွင် ကြောက်မက်ဖွယ်အကောင်းဆုံးဖြစ်သည်ဟု ဒရူးက ဆို


www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့နောက် ဝမ်းနည်းကြေကွဲစွာ ဒရူးငိုပါတော့သည်။

ဒရူးသည် လူကြီးတစ်ယောက်၏ ခြိမ်းခြောက်သတ်ဖြတ်မှုကို ခံရတော့မည့် ကလေးငယ်လေးသဖွယ် . . ကြောက်ရွံ့အားငယ်စွာ တအီအီဖြင့် ငိုနေခြင်းဖြစ်သည်။

“ဘာဖြစ်လို့ အဲဒီလောက်ငိုနေရတာလဲ”

ကျွန်ုပ်က အံ့အားသင့်စွာမေးမြန်းခဲ့သည်။

“ဆေတန် . . . ဆေတန် . . ဆေတန် . . . ဆေတန် . . .”

ထိုသို့သော ထပ်ကာထပ်ကာ ရွတ်ဆိုနေသည့်အသံမှာ . . . ကြောက်ရွံ့အားငယ်မှု အပြည့်ရှိနေမှန်းသိသာလွန်းလှသည်။

ဒရူးက လူ့ပြည်၌ လမ်းပေါ်တွင် တွေ့ရသည့် သူတိုင်းသည် လူသားစင်စစ်များမဟုတ်ကြဟုဆိုသည်။

အကြောင်းမှာ အင်အားကောင်းလှသော မကောင်းဆိုးဝါးများသည် လူသားများ၏စိတ်အပေါ် လွှမ်းမိုးကာ မကောင်းသောအမှုကိစ္စများကို လုပ်ဆောင်တတ်ကြကြောင်း ပြောပြခဲ့သည်။

ဒရူးက ထိုကဲ့သို့ လုပ်တတ်သော မကောင်းဆိုးဝါးတစ်ဦး၏ အမည်ကို ပြောပြသော်လည်း . . ထိုသို့ပြောပြရသည်ကို အတော်ကြောက်ရွံ့နေပုံရသည်။

သူက ကျွန်ုပ်အား ထိုမကောင်းဆိုးဝါး၏ အမည်ကို အသံကျယ်ကျယ်နှင့် မပြောမိစေဖို့ပါ သတိပေးခဲ့သည်။

ယင်းမကောင်းဆိုးဝါး၏အမည်မှာ ဇီးတိုး(Zetoh)ဖြစ်ပြီး၊ ထို မကောင်းဆိုးဝါး၏ ခန္ဓာကိုယ်သည် ရုပ်ရှင်ထဲမှ လူဆိုးကြီးကဲ့သို့ ကြီးမားထွားကျိုင်းလှသည်ဟုဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ကဝေမ
(Succubus demons)

ဒရူးက ကဝေမများ (Succubus demons) သည် မကောင်း ဆိုးဝါးမများဖြစ်သည်ဟု ပြောပြသည်။

(အနောက်နိုင်ငံများတွင် အဆိုပါကဝေမများသည် အိပ်ပျော် နေသော အမျိုးသားများနှင့်ပျော်ပါးပေါင်းဖက်လေ့ရှိသည်ဟုဆိုသည်)

ဒရူး၏ပြောပြချက်အရ ထိုမကောင်းဆိုးဝါးကဝေမများသည် လူဟန်ဆောင်၍လည်း တကယ့်လူသားများနှင့် ပေါင်းဖက်လေ့ရှိကြ သည်ဟု ဆိုပါသည်။

ဒရူးက သူရောက်ရှိနေသော ငရဲဘုံကို သရုပ်ပီပြင်စွာ ပြောပြခဲ့သည်။

"ငရဲဘုံဆိုတာ မှောင်မိုက်လွန်းပြီး မီးကဲ့သို့ တောက်လောင်မှု ခံစား

www.burmeseclassic.com

www.burmeseclassic.com


ရတဲ့နေရာဖြစ်တယ်၊ မှောင်မိုက်ပူလောင်တဲ့ မြေကမ္ဘာဟာ ငရဲပေါ့"

ဒရှူးက နောက်ပြောင်သလိုလိုနှင့် ပြောပြခဲ့သေးသည်။

"တို့တွေက မီးလောင်နေတဲ့ ကန့်တုံးလို အပူပြင်းလှတဲ့ မီးရေအိုင်ထဲမှာ ဝဲလှည့်နေရသလို နေရတာပေါ့"

ဒရှူးပြောပြသည်မှာ အမှန်ပင်ဖြစ်ပေမည်။

ကျွန်ုပ်သည် ဒရှူးမြင်ရကြုံနေရသည့် ငရဲဘုံမှ ဖြစ်ရပ်ဆိုးများတို ကိုယ်တွေ့မကြုံကြိုက်လိုပါချေ။

"ငရဲဘုံဆိုတာ ဘာနဲ့တူသလဲ"

ထိုသို့မေးလာခဲ့သော် အဖြေကရိုးရှင်းလှပါသည်။

"ငရဲဘုံဆိုတာ မီးတောက်မီးလျှံများကြားမှ စစ်ပွဲနယ်ပယ်နှင့် သဏ္ဌာန်တူသည်"

ဤသို့ဖြေဆိုခြင်းကား မှန်လှပေသည်။

ဒရှူးက ငရဲဘုံ၏ဆိုးဝါး၍ ကြောက်မက်ဖွယ်ကောင်းပုံကို ဤသို့ဆိုခဲ့သည်။

"ငရဲဘုံဆိုတာ လူတစ်ဦးအနေနဲ့ အဆိုးဆုံးတွေးတောနိုင်တာထက် ပိုဆိုးဝါးလှပြီး. . လူရဲ့ဦးနှောက်က ဘယ်လောက် ကြောက်ဖို့ကောင်းတယ်လို့သိပြီး ထုတ်ဖော်ပြောဖို့ မဖြစ်နိုင်လောက်အောင် ကြောက်မက်ဖွယ်ကောင်းလှတယ်၊ နှိုင်းပြီးပြောပြစရာ စကားလုံးရှာမတွေ့ဘူး"

ဖော်ပြပြီးခဲ့သည့် အကြောင်းအရာများမှာ လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က အိုဂျားဘုတ်ပေါ်တွင် ကျွန်ုပ်နှင့် မိတ်ဆွေ ဒရှူး၏ဝိညာဉ်တို့ပြောဖြစ်ခဲ့ကြသည့် ငရဲအကြောင်းအပိုင်း(၁)ဖြစ်ပေသည်။

**သရဲနှင့် စကားပြောခြင်း**

www.burmeseclassic.com

www.burmeseclassic.com





ယခုပြောပြမည့်အကြောင်းအရာများမှာ ဒရူး၏ ပြောစကားများအပိုင်း(၂)ဖြစ်သည်။

မကြာမီက အွီဂျာဘုတ်ဖြင့် ဝိညာဉ်ဆက်သွယ်မှုပြုလုပ်ခဲ့ရာ အချက်အလက်အသစ်အချို့ရခဲ့သည်။

ဒရူးနှင့်ကျွန်ုပ်တို့ အွီဂျာဘုတ်ဖြင့် ဆက်သွယ်၍ စကားပြောဖြစ်ခဲ့သည့်အခါ သူယခင်ကပြောခဲ့သည့် စကားများတွင် မှားယွင်းချက်တစ်ချက် ပါသွားခဲ့ကြောင်း ပြောပြခဲ့ပါသည်။

ဒရူးက ထပ်မံပြောပြမှုမှာ ငရဲဘုံအကြောင်းဖြည့်စွက်ပြင်ဆင်ချက်ဖြစ်သည်။

“ငရဲဘုံရဲ့အစိတ်အပိုင်းတစ်ရပ်ဟာ ကန့်မီးများနဲ့ မီးတောက်များဖုံးလွှမ်းလျက်ရှိတယ်၊ အခြားအစိတ်အပိုင်းတွေက ပုံမှန် ပတ်ဝန်းကျင်နဲ့ တူညီပေမဲ့ လူ့ဘုံလို နေ၊ လ၊ ကြယ်တွေတော့မရှိပါဘူး”

“ထပ်ပြီးပြောပါဦး”

ကျွန်ုပ်က တိုက်တွန်းစကား ဆိုသောအခါ ဒရူးက ထပ်၍ ပြောပြပြန်သည်။

“ငရဲဘုံဟာ လုံးဝမှောင်မည်းနေပြီး မီးတောက်ရဲ့ အလင်းရောင်ပဲရှိပါတယ်”



www.burmeseclassic.com

www.burmeseclassic.com


ဒရူး၏အဆိုအရ သူသည်ယခင်က ပူလောင်လှသည့် မီးကန်အတွင်းသို့ ပစ်ချခံခဲ့ရပြီး နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခ ခံစားခဲ့ရကြောင်း(နှစ်ကာလကိုပြောမပြပါ)နှင့် ငရဲတွင်းမှ လျှင်မြန်စွာ ပြန်ထွက်နိုင်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့သည်ဟု သိရပါသည်။

ဒရူးက ဆက်၍ပြောပြချက်ကြောင့် ကျွန်ုပ်သည် များစွာ ထိတ်လန့်ကြောက်ရွံ့မိတော့သည်။

"ဆေတန်က ခင်ဗျားနဲ့စကားပြောလိုတယ်၊ ပြီးတော့ ခင်ဗျားကို ငရဲဘုံကိုခေါ်ဖို့ ကြိုးစားလိမ့်မယ်"

ဒရူက အွီဂျာဘုတ်ပေါ်တွင် ဝိညာဉ်အားလုံးရောက်ရှိ ဆက်သွယ်နိုင်သည်ဟု ဆိုသည်။ ဤသည်မှာ. . ငရဲဘုံ (Hell)မှ လာရောက်ခြင်း(သို့မဟုတ်)ကြားဘုံ (Limbo)မှ လာရောက်ခြင်းဟူ၍ ခွဲခြား၍ ကွဲကွဲပြားပြား သိနိုင်ခြင်း မရှိပါဟု ပြောပြခဲ့သည်။

ဒရူ၏ပြောကြားချက်အရ ကောင်းကင်ဘုံ(Heaven)ရှိ ဝိညာဉ်များသည် အွီဂျာဘုတ်နှင့် ဆက်သွယ်ပြောဆိုခွင့်မရှိကြောင်း သိရပေသည်။

ဒရူး ပြောပြသည်မှာ ငရဲဘုံမှ ဝိညာဉ်များအားလုံး (သူအပါအဝင်) သည် မကောင်းဆိုးဝါးများ (demon)သာဖြစ်သည်။ ထိုဝိညာဉ်များသည် တစ်ချိန်တည်းတွင် နှစ်နေရာ(သို့မဟုတ်)နေရာများစွာတွင် ရှိနေနိုင်ပြီး အံ့ဖွယ်ထိတ်လန့်ကြောက်ရွံ့ဖွယ် အသံများကို ထွက်စေနိုင်သည်ဟူ၍ ဖြစ်သည်။

ဒရူး၏ ပြောပြမှုအရ အခြားလောက တစ်ခုရှိသေးကြောင်း သိခွင့်ရခဲ့သည်။

"အဲဒီလောကကို ယာယီအပြစ်ပေးသောဘုံ (purgatory)



www.burmeseclassic.com

www.burmeseclassic.com



လို့ခေါ်တယ်၊ အဲဒီလောကမှာ လူသားတွေအနေနဲ့ နေလို့ရတယ်"

"ဘာလို့ယာယီအပြစ်ပေးခံကြရတာလဲ"

ကျွန်ုပ်က သိလိုစိတ်ဖြင့် မေးမြန်းမိသည်။

"အဲဒီလောကက ဘုရားတရားကို ယုံကြည်သူတွေပေါ့၊ သူတို့ လုပ်ခဲ့ဖူးတဲ့ အပြစ်တွေကို ဆေးကြောဖို့ ထားရှိတဲ့နေရာဌာန ဖြစ်တယ်၊ အဲဒီလောကကတဆင့် ကောင်းကင်ဘုံ၊ အထက်ဘုံကို သွားရောက်ကြရမှာပါ"

"ဒါဆို သူတို့ရဲ့ကအပြစ်တွေစင်ကြယ်သွားပြီလား"

ကျွန်ုပ်၏အမေးကို ဒရူးက မဆိုင်းမတွပြန်ဖြေပါသည်။

"အဲဒီယာယီအပြစ်ပေးသောဘုံမှာ အပြစ်ပြုလုပ်ထားသော သူတွေကို နောက်ဆုံးဆေးကြောစေပြီး တကယ်ပြည့်ဝတဲ့ နတ် (perfect angle)အဖြစ်သို့ ရောက်တာနဲ့ မြင့်မြတ်တဲ့ ကောင်းကင်ဘုံ (the holy Kingdom)သို့ ဝင်ရောက်ခွင့်ရကြမှာပါ"

ဒရူးက သူနေထိုင်ရသည့် ငရဲဘုံအကြောင်း ဆက်လက်ပြောပြသေးသည်။

သူတို့နေထိုင်သည့် ငရဲဘုံတွင် မကောင်းဆိုးဝါးချင်း တိုက်ခိုက်ကြရသော "ဝိညာဉ်စစ်ပွဲ" ရှိသည်ဟု ဒရူးက ပြောပြပါသည်။

သူနေထိုင်ရသည့် ငရဲဘုံတွင် အချိန်ရှိသမျှ တိုက်ခိုက်ခဲ့ရပြီး ဒရူအနေဖြင့် အချင်းချင်း ယှဉ်ပြိုင်တိုက်ခိုက်ရခြင်းကို နှစ်သက်ပြီး အားကြီးသူက အားနည်းသူကို ညှင်းပန်းနှိပ်စက်ရခြင်းမျိုးကို မနှစ်သက်ကြောင်းလည်း ပြောသည်။

ဒရူး၏ပြောပြချက်အရ ငရဲဘုံတွင် ဘီယာရနိုင်ကြောင်း သိရပါသည်။ အကြောင်းရင်းမှာ ဘီယာသည် မကောင်းဆိုးဝါးများတ



www.burmeseclassic.com

www.burmeseclassic.com



လူသားများအဆိပ်သင့်စေရန် ဖန်တီးထား၍ဖြစ်ပေသည်။

ကျွန်ုပ်တို့လူသားများသည် အရက်အလွန်အကျွံ သောက်ခြင်းဖြင့် ရူးရူးမိုက်မိုက်ဖြစ်လွယ်စေပါသည်။

လွန်ခဲ့သည့် သီတင်းနှစ်ပတ်က ဒရူးနှင့်ကျွန်ုပ်တို့ ဆက်သွယ်ပြောဆိုခဲ့ပေသည်။ သူက စကားဆန်းတစ်ခုပြောခဲ့သည်။



"သူ့ကိုမခြောက်လှန့်ပါနဲ့"

ထိုကာလနောက်ပိုင်းတွင် ကျွန်ုပ်တို့၏ ဆက်သွယ်ပြောဆိုခြင်းကို ရပ်ပစ်ခဲ့ကြသည်။ ထိုညတွင် ကျွန်ုပ်သည် အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်။

အိပ်မက်ထဲတွင် ကျွန်ုပ်သည် မိန်းကလေးမိတ်ဆွေ တစ်ဦးနှင့်အတူ လမ်းလျှောက်နေခဲ့သည်။ သူမက ကျွန်ုပ်ကို ဒရူးနှင့်အွီဂျာဘုတ်ပေါ်တွင် ဆက်သွယ် ပြောဆိုခြင်းမပြုဘဲ ရပ်ဆိုင်းပစ်ဖို့ ပြောလာခဲ့သည်။ ကျွန်ုပ်အံ့အားသင့်စွာ မေးလိုက်မိသည်။

"မင်းက ဒရူးကိုဘယ်လိုသိတာလဲ"

ထိုမေးခွန်းကို သူမမဖြေပါ။

သူမသည် ကျွန်ုပ်ကို ကြည့်နေစဉ်မှာပင် သူမ၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်လာပြီး သွေးကြောများကိုပင် မြင်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်လုံးများမှာ မီးခိုးရောင်သို့ ပြောင်းသွားခဲ့သည်။

ရုတ်တရက်မှာပင် သူမက အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သည်။ သူမအော်ဟစ်ပြောဆိုသည့် စကားတို့ကို ကျွန်ုပ်အနေဖြင့် ကွဲကွဲပြားပြား နားမလည်ပါချေ။ သို့သော် ဘာသာခြားစကားတစ် ခုခုဖြစ်မည်ဟု ထင်ခဲ့မိသည်။

ထို့နောက် သူမသည် ကျွန်ုပ်ကိုအားကုန်တွန်းထုတ်လိုက်သည်။

ထိုအချိန်မှာပင် ကျွန်ုပ်အိပ်ရာမှလန့်နိုးလာခဲ့ပြီး ထခုန်လိုက်မိသည်။

ကျွန်ုပ်၏မျက်နှာပြင်ပေါ်တွင်အေးစက်နေသောမျက်ရည်များ စိုစွတ်နေလေသည်။

ကျွန်ုပ်က အိပ်မက်ထဲတွင် တွေ့ရသည့် သရဲပုံဖြစ်သွားသည့် မိန်းကလေးသည် မကောင်းဆိုးဝါး(သို့မဟုတ်)တစ်စုံတစ်ခု ဆိုးကျိုးကို ဖြစ်စေမည့်သူဟု တွေးထင်ယူဆလိုက်မိသည်။ သို့ဖြစ်၍ ထိုနေ့မှစ၍ ယနေ့ထိ ကျွန်ုပ်သည် ညဘက်အိပ်စက်ဖို့ကြောက်ရွံ့နေမိပေတော့သည်။




**Ref: Talking to a friend in hell.**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ဧယ်ဘဝ၏ရှေးအိပ်မက်များ

"ဒေဝီနွယ်"

နာမည်လှသလို အသက်အရွယ် (၂၀) ကျော်စ။

လှသွေးကြွယ်စ ဝီဇာဘွဲ့တစ်ခုရပြီးကာစ။

ဒေဝီနွယ့်အလှနှင့် ဒေဝီနွယ့်ဘဝကို စိတ်ဝင်စားကြသူတွေက ခပ်များများပါ။

ဒေဝီနွယ့်ဘဝက မွေးကတည်းက ရွှေလင်ပန်းနဲ့ အချင်းဆေးခဲ့ခဲ့သည့်တော့မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

ဒေဝီနွယ်၏ ငယ်ဘဝသည် ရွှေအိပ်မက်များနှင့် ထူးထူးခြားခြား ဖြစ်ခဲ့သည်ကတော့ အမှန်ပါ။

ဒေဝီနွယ်၏ ထပ်ကာထပ်ကာမက်ခဲ့သည့် အိပ်မက်တစ်ခုသည် ယခုအသက်အရွယ်ထိ အမှတ်ထင်ထင်ရှိနေဆဲပင် ဖြစ်သည်။

အိပ်မက်ထဲတွင် သစ်ပင်များအုပ်ဆိုင်းဆိုင်းရှိနေသော တောလမ်းလေးမှာ မိန်းကလေးတစ်ဦး ပန်းလှလှတစ်စည်းကို ကိုင်၍ လျှောက်လှမ်းနေသည်။

သူမ၏လက်ထဲတွင်ကိုင်ထားသည့် ပန်းစည်းတွင် အောင်သပြေပန်းညွန့်များနှင့် မွှေးကြိုင်လန်းဆန်းလှသည့် တောပန်းများ ဖြစ်သည်။

လမ်းအတိုင်းလျှောက်သွားသည့်အခါ တောလမ်းအဆုံးတွင် တောင်ကုန်းမို့မို့လေးတစ်ခုကို တွေ့ရသည်။

တောင်ကုန်းမို့မို့လေး၏ထိပ်တွင် ထုံးဖြူဖွေးဖွေးနှင့် စေတီတော်တစ်ဆူကို အဝေးမှပင် ဖူးမြင်နိုင်သည်။

တောင်ကုန်းမို့မို့လေးပေါ်သို့တက်ရန် ခြေသွားလမ်းကလေး ရှိသည်။

ပန်းစည်းကိုင်ထားသည့် မိန်းမပျိုလေးသည် တောင်ကုန်းမို့မို့လေးပေါ်ရှိ ဘုရားစေတီတော်ကို ရိုသေစွာ ပန်းလှူဒါန်းသည်။ ရှိခိုးဦးချသည်။

ပြီးမှ ဆုတစ်ခုကို စိတ်ပါလက်ပါ တောင်းဆုခြွေလိုက်သည်။

"ဘုရားတပည့်တော်မသည် လူ့ပြည်လူ့လောကတွင် ကောင်းမှုပြုခွင့်ရပါရစေ အရှင်ဘုရား"

**<u>ပန်းနရောင်ဝိညာဉ်ခရီးသည်</u>**

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြီးသည့်အခါ ဘုရားရင်ပြင်တော်ပေါ်တွင် စေတီတော်ကို လက်ျာရစ် သုံးပတ်လှည့်၍ ဘုရားဂုဏ်တော်များ ရွတ်ပွားပူဇော်သည်။ မေတ္တာပို့သည်။

ပြီးမှ စေတီတော်အနီးရှိ ခေါင်းလောင်းကိုသုံးကြိမ်ထိုးကာ အမျှဝေသည်။

စေတီတော်ကို ကြည်ကြည်နူးနူးနှင့် ဖူးမျှော်ပြီးကာမှ လာခဲ့သည့်လမ်းကလေးအတိုင်း ပြန်ဆင်းလာသည်။

တောင်ခြေအရောက်တွင် လမ်းချိုးကလေးလျှောက်သွားလိုက်သည်နှင့် စိမ်းလဲ့ကြည်လင်နေသည့် ရေများတသွင်သွင်စီးဆင်းနေသော စမ်းချောင်းကလေးကို ရောက်ပေသည်။

မိန်းမပျိုလေးသည် စမ်းချောင်းစပ်သို့ လျှောက်သွားကာ စမ်းချောင်းထဲသို့ တဖြည်းဖြည်းဆင်းသွားလေတော့သည်။

မက်နေကျအိပ်မက်က ဤတွင်အဆုံးသတ်မြဲဖြစ်သည်။

ဒေဝီနွယ်မှတ်မိသည်မှာ (၈)နှစ်သမီးလောက်မှစပြီး ထိုအိပ်မက်ကို မေမေ့အား ပြန်ပြောပြနိုင်ခဲ့သည်။

"ဒေဝီ့ အိပ်မက်ထဲမှာ ဖူးရတဲ့ဘုရားက တောင်ကုန်းပေါ်မှာနော် မေမေ၊ ပြီးတော့ အိပ်မက်ထဲက မမက ရေစပ်နားကို ပြန်သွားတာမေမေရဲ့"

ဒေဝီဤသို့ပြောပြလျှင် မေမေက ပြုံးပြီး နားထောင်နေ ထတ်မြဲပင်။

ပြီးမှ. . .

"ဘုရားဖူးရတယ်ဆိုတာ အိပ်မက်ထဲမှာဖူးရတာဖြစ်စေ၊ အပြင်မှာဖူးရတာဖြစ်စေ ကောင်းတာပေါ့ သမီးရယ်၊ သမီးကို မမွေးခင်



www.burmeseclassic.com

www.burmeseclassic.com


ထဲက မေမေလဲ အိပ်မက်မက်ခဲ့ဘူးတာပေါ့"

မေမေထံမှ ဤသို့သောစကားကို ဒေဝီနွယ် ယခုမှကြားရခြင်းဖြစ်သည်။

"မေမေ့အိပ်မက်ကို ပြောပြပါလား၊ သမီးသိချင်လို့"

မေမေက ချက်ချင်းမပြောပေ။

ပြောသင့်မပြောသင့်ကို မေမေစဉ်းစားနေဟန်တူသည်ဟု ဒေဝီတွေးလိုက်မိသည်။

"ပြောပြပါနော် မေမေ၊ အိပ်မက်ထဲမှာ မေမေဘုရားဖူးရတာလား"

ဒေဝီနွယ်က သူမ၏ အိပ်မက်မျိုးပဲလားဟုသိလို၍ မေးလိုက်ခြင်းဖြစ်သည်။

"ဘုရားဖူးရတာမဟုတ်ဘူး၊ ဝတ်ဖြူစင်ကြယ်နဲ့ ဘိုးဘိုးကြီးတစ်ဦးက ကလေးလေးတစ်ယောက်ကို ပွေ့ယူလာပြီး မေမေ့ကို လှမ်းပေးတာသမီးရဲ့၊ ကလေးလေးကို မေမေဝမ်းသာအားရ ပွေ့ယူလိုက်တယ်၊ အဝတ်ဖြူနဲ့ ထုပ်ပိုးထားတဲ့ ဝဝကစ်ကစ်ကလေးလေးပေါ့၊ ဒီကလေးကို ကောင်းကောင်းပြုစုပါ၊ အလှူများများလှူပါ လို့ပြောပြီး မေမေ့ကို အဝတ်အိတ်ထုပ်တစ်ထုပ်ထပ်ပေးပြန်တယ်၊ ပြီးတော့. . . ဘိုးဘိုးကြီးက လှည့်ပြန်သွားရော"

"ကလေးလေးကို မေမေလှမ်းပွေ့ယူတော့ မငိုဘူးလား"

ဒေဝီနွယ်က ကတ်ကတ်သတ်သတ်မေးခြင်းပါ။

"မငိုဘူးသမီးရဲ့၊ ကလေးလေးက မျက်နှာချိုချိုနဲ့ ချစ်စရာလေး၊ အဝတ်အိတ်ထုပ်ကို ဖွင့်ကြည့်လိုက်တော့ ငွေဒင်္ဂါးပြားတွေ သမီးရဲ့၊ ဒါနဲ့ မေမေက သမီးရဲ့ဖေဖေကိုလှမ်းခေါ်လိုက်တော့မှ အ


www.burmeseclassic.com

www.burmeseclassic.com



ပြင်မှာ တကယ်အသံထွက်သွားပြီး ဖေဖေလဲအိပ်ရာကနိုး၊ မေမေလဲ အိပ်ရာကနိုးပြီး အိပ်မက်မှန်းသိတာ"

ဒေဝီနွယ် ကလေးပီပီ ထပ်၍သိလိုပြန်သည်။

"နောက်တော့ဘာဖြစ်သေးလဲဟင်"

"မကြာခင်မှာ မေမေ့ဗိုက်ထဲကို ကလေးလေးတစ်ယောက် ရောက်လာတာပေါ့၊ မွေးလာတာ ဟောဒီသမီး ဒေဝီနွယ်၊ သမီးကို မေမေက အိပ်မက်နဲ့မွေးလာတာပေါ့"

"မေမေ အိပ်မက်ထဲမှာ လှမ်းယူလိုက်တဲ့ ငွေထုပ်ကြီးကိုရော တကယ်ရတာလားဟင်"

"ငွေထုပ်ကြီးကို အပြင်မှာ တကယ်မရဘူးသမီးရဲ့၊ ဒါပေမဲ့ သမီးဒေဝီနွယ်အတွက်ဆိုပြီး မေမေကုသိုလ်ကောင်းမှုတွေ အများကြီး လုပ်တယ်၊ အဓိဋ္ဌာန်ဥပုသ်စောင့်တယ်၊ အဓိဋ္ဌာန်ပုတီးစိပ်တယ်၊ သစ္စာ ပြုပြီး မေတ္တာမှန်မှန်ပို့တယ်၊ ဗုဒ္ဓဟောကြားခဲ့တဲ့ ပရိတ်ကြီး(၁၁)သုတ် ကို နေ့ညမှန်မှန်ရွတ်ဆိုပူဇော်ခဲ့တယ်"

"ဒီတော့ ဘယ်လိုထူးခြားလဲမေမေ"

"ထူးခြားတာတော့ သမီး (၃)နှစ်အရွယ်မှာ သိန်းဆုကြီးတစ် ကြိမ်ပေါက်တယ်၊ နောက် (၂)နှစ်ခြားတစ်ကြိမ် သိန်းဆုကြီး (၂)ကြိမ် ပေါက်တယ်၊ သိန်းဆုဆိုတာ ငွေကျပ်တစ်သိန်းရတာကိုပြောတာ၊ ငွေ တွေအများကြီးရတာပေါ့သမီးရယ်"

ငွေများများရသည်ဆိုတော့ ဒေဝီနွယ်ပျော်ရွှင်သွားမိသည်။

"အဲဒီငွေတွေက မီးမီးမုန့်ဝယ်စားဖို့လားဟင်"

"ကုသိုလ်ရအောင် အလှူဒါနတွေ အရင်ပြုရတယ်သမီးရဲ့၊ အလှူဒါနပြုပြီးရင် (၃၁)ဘုံသားတွေကို အမျှဝေရတယ်၊ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com


ဘ၀ဆက်ဆွေမျိုးတွေကို မေတ္တာပို့ပြီး အမျှပေးဝေရတယ်”

မေမေ့စကားထဲမှာ ဒေဝီနွယ် နားမလည်သည့်စကားလုံးတွေပါသည်။ ‘(၃၁)ဘုံသားတွေ’၊ ‘ဘ၀ဆက်ဆွေမျိုးတွေ’ ဆိုတာ ဘာမှန်းမသိ။ သို့သော်. . ထိုစဉ်က မေးခွန်းများများ မမေးတတ်သေးသည့်အရွယ်။

ဒေဝီနွယ်မှတ်မိသမျှ ပြန်တွေးကြည့်ပါက. . အသက်(၂၀)ကျော်အရွယ်အထိ ပြည့်ပြည့်စုံစုံနေခဲ့ရသည်။

အဘိုးအဘွား၊ ဖခင်၊ မိခင်တို့၏ မေတ္တာများကိုသာမက ဦးဦး၊ ဒေါ်ဒေါ်စသည့် ဆွေမျိုးများ၏ မေတ္တာကိုပါ ဒေဝီနွယ် ခံယူရရှိသည်။

ဘိုးဘိုး ဘွားဘွားနှင့် ဖေဖေ မေမေတို့၏ အလှူရေစက်လက်နှင့်မကွာ လှူဒါန်းမှုများတွင် မိသားစုအမည်ကို ကမ္ပည်းထိုး လှူသည့်အခါတိုင်းမှာ ဒေဝီနွယ်၏ အမည်ပါတတ်မြဲပါ။

ဒေဝီနွယ် အနှစ်သက်ဆုံးမှာ နဂါးရုံဘုရားများကို ရွှေချရခြင်းနှင့် နဂါးရုံဘုရားကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများ လှူဒါန်းရခြင်းတို့ ဖြစ်သည်။

ဒေဝီနွယ်ပူဇော်ချင်သည်ဆိုသဖြင့် ဖေဖေနှင့်မေမေတို့က အိမ်ဘုရားစင်တွင် နဂါးရုံဘုရားရုပ်ပွားတော်ကို ပူဇော်နိုင်ဖို့ ဆောင်ရွက်ပေးခဲ့ကြသည်။

“မေမေရဲ့သမီးကို သင်္ကြန်ရက်မှာ ခုနစ်ရက်သီလရှင်ဝတ်ပြီး သတိပဋ္ဌာန်တရားပွားများရှုမှတ်တဲ့ အခြေခံအလေ့အကျင့် ရအောင် စီစဉ်ပေးမယ်”

ဒေဝီနွယ် (၉)နှစ်သမီးအရွယ်မှာ စတင်လုပ်ခဲ့ရသည့် သင်္ကြန်


www.burmeseclassic.com

www.burmeseclassic.com


တွင်းလုပ်ငန်းဖြစ်သည်။

ထိုရက်များအတွင်း ဒေဝီနွယ်နှင့် မေမေတို့သည် တရားရိပ်သာသို့ ဝင်ခဲ့ကြသည်မှာ နှစ်စဉ်မပျက်ကွက်ခဲ့ပေ။

ဒေဝီနွယ်တွင် ညီမငယ် ကေသီနွယ်ရှိသည်။ ဒေဝီနွယ်ထက် အသက်(၆)နှစ်ငယ်သည့် ကေသီနွယ်သည် အဘိုးအဘွားများ၏ အသည်းကျော်ဖြစ်သည်။ အဘိုးအဘွားများနှင့် အနေများသည်။

ဒေဝီနွယ်သည် ရန်ကုန်မြို့တွင် မွေး၍ ရန်ကုန်မြို့တွင် ကြီးပြင်းလာသူဖြစ်သည်။

ဒေဝီနွယ်၏မိဘများမှာမူ ဘိုကလေးဇာတိဖြစ်ကြသည့် ကုန်သည်ဦးတင်နွယ်နှင့် ဒေါ်စန်းစန်းရည်တို့ဖြစ်ကြသည်။

သွားလာဆက်သွယ်ရေးလွယ်ကူသော ဘိုကလေးနှင့်ရန်ကုန်မြို့ကို ဒေဝီနွယ်တို့ ငယ်ငယ်ထဲက ကူးချည်သန်းချည်နေခဲ့သည်။

ဒေဝီနွယ်ငယ်စဉ်မှ ယခုထိ ကျောင်းရက်ရှည်ပိတ်လျှင် ဘိုကလေးရှိ ဦးလေးနှင့်အစ်ဒေါ်များဖြစ်သည့် ဦးမျိုးဝေနှင့် ဒေါ်သန်းသန်းကြည်တို့ထံ အလည်သွားတတ်မြဲပင်။

ဒေါ်သန်းသန်းကြည်သည် ဒေဝီနွယ်ငယ်ငယ်ကတည်းက မြို့စုထိန်းကျောင်းခဲ့ရသူဖြစ်၍ ဒေဝီနွယ်ကို အချစ်ပိုသည်။

ဒေဝီနွယ်တို့ ညီအစ်မနှင့် ဝမ်းကွဲညီအစ်မများပါ အစ်ဒေါ်ဖြစ်သူ ဒေါ်သန်းသန်းကြည်ကို ချစ်ခင်ကြသည်။

တူမများကို ကောင်းကောင်းချက်ကျွေးတတ်သူ၊ အနှိပ်တာခံတတ်သူ၊ ဘုရားဖူးခရီးများကို ပို့လေ့ရှိသူဖြစ်၍ ခရီးထွက်လိုလျှင် အစ်ဒေါ်ကိုအားကိုးကြရစမြဲ။ အစ်ဒေါ်ဖြစ်သူအိမ်ထောင်ပြုတော့ သမီး(၂)ယောက် ရလာသည်။ ဒေဝီနွယ်တို့နှင့် အဆက်အသွယ်မ


www.burmeseclassic.com

www.burmeseclassic.com


ပျက်၊ အသွားအလာမပျက်ခဲ့ပေ။

ယခုနှစ်တွင် ဘွဲ့ယူပြီးပါက ဘိုကလေးမြို့သို့ အလည်သွားပြီး အစ်ဒေါ်နှင့် ဘုရားဖူးထွက်ဦးမည်ဟု ဒေဝီနွယ်တို့ ညီအစ်မတွေ တိုင်ပင်ထားကြသည်။

နောက်ဆုံးနှစ်(မြန်မာစာအဓိက)စာမေးပွဲကြီးဖြေပြီးသည့် ပိတ်ရက်တစ်ရက်တွင် ဒေဝီနွယ်စကားဆန်းတစ်ခုကို မေမေ့ထံမှ ကြားရသည်။

မှတ်မှတ်ရရ ထိုနေ့က မေမေအထည်ဆိုင်ပိတ်ရက်။

"သမီးကြီးကို မေမေ ပြောစရာရှိတယ်"

အားလပ်သည့် ညနေစောင်းတွင် အခန်းအောင်း၍ စာဖတ်နေသည့် ဒေဝီနွယ်ထံ မေမေရောက်လာ၍ စကားစပြောခြင်း ဖြစ်သည်။

"ဟုတ်ကဲ့၊ ပြောပါမေမေ"

"လာမဲ့ တနင်္ဂနွေနေ့မှာ မေမေတို့အိမ်ကို ဧည့်သည်(၃) ယောက်လာမယ်သမီး၊ မေမေတို့ရဲ့မိတ်ဆွေရင်းချာတွေဖြစ်တဲ့ ဦးကျော်စွာနဲ့ ဒေါ်ယဉ်ယဉ်တို့ပေါ့။ သူတို့ကို သမီးသိပါတယ်၊ 'ဝင်း' ဝပ်ရှော့ပိုင်ရှင်တွေလေ"

"ဧည့်သည် (၃)ယောက်လာမှာဆိုတော့ ကျန်တဲ့တစ်ယောက် က ဘယ်သူလဲမေမေ"

"အဲဒါက သူတို့ရဲ့သား နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာ မောင်ဖုန်းမြင့်အောင် ပေါ့ကွယ်။ သူနိုင်ငံခြားကပြန်ရောက်တာ ငါး ရက်ပဲရှိသေးတယ်၊ ဒါကြောင့် နောက်တစ်ပတ်မှ အိမ်လည်လာကြမှာ၊ ညနေစာကျွေးဖို့ပြင်နော်"

ပန်းနုရောင်ဗိဉာဉ်ခရီးသည်
www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ မေမေ၊ အဲဒီ ကိုဖုန်းမြင့်အောင်ဆိုတဲ့ လူကြီးက သမီးကို မှတ်မိပါ့မလား၊ သမီးကိုးတန်းစာမေးပွဲကြီး ဖြေပြီး စကနိုင်ငံခြားသင်္ဘောလိုက်မယ်ဆိုပြီး လာနှုတ်ဆက်ဖူးတယ်လေ"

"သမီးမှတ်မိနေတာပဲ၊ ဟုတ်တယ်သမီး အဲဒီသူငယ်ပဲ၊ သူက သမီးထက် အသက်ဆယ့်သုံးနှစ်လောက်ကြီးမယ်ထင်တယ်၊ အသက် (၃၀)ကျော်အရွယ်ထိ မိဘကို လုပ်ကျွေးနေတဲ့သားပေါ့ကွယ်"

"သမီးလဲ ဘွဲ့ရပြီး အခုမေမေ့အထည်ဆိုင်မှာကူပြီး ဝင်ငွေရှာပေးနေတာပါနော်"

ဒေဝီနွယ်က အားကျမခံ ပြန်ပြောမိသည်။

"သမီးအလိမ္မာကို သားလိမ္မာရှာရတာပေါ့ကွယ်"

"သမီးတို့ကို အားမကိုးဘူးလားဟင်"

ဒေဝီနွယ်၏ အမေးစကားကို မေမေချက်ချင်းမဖြေပါ။

မေမေသည် ဒေဝီနွယ်၏ ဆံပင်များကို ဖွဖွလေးသပ်၍ နူးညံ့သည့်စကားသံဖြင့် ချိုချိုသာသာပြောပြသည်။

"သမီးတို့ကို မေမေတို့ကချစ်လည်းချစ်တယ်၊ အားကိုးအားထားမှုလည်းရှိတယ်။ ဒါပေမဲ့ သမီးကညာအခါမလင့်သာဆိုတဲ့ ရှေးစကားအတိုင်းပေါ့သမီး၊ ပညာစုံပြီးတဲ့ သမီးအတွက် ကြင်ယာကြည့်ရတယ်။ ဘဝခရီးဖော်ကောင်းကောင်းတွေ့လို့ သမီးမေတ္တာထားနိုင်မလား၊ လက်တွဲနိုင်မလားဆိုတာ ညှိနှိုင်းလေ့လာကြည့်ပါ။"

"သမီးအိမ်ထောင်မပြုပဲနေရင် ဖြစ်မလားဟင်"

"ဖြစ်တာတော့ ဖြစ်တာပေါ့ကွယ်၊ ပေးဝေနိုးရင်း၊ ထိုင်မြားခြင်းလျှင်၊ ဝတ်ငါးအင် ဆိုတဲ့ မိဘဝတ္တရားရှိတယ်လေ၊ သမီးတို့လူငယ်ချင်းလေ့လာကြပါဦး၊ ပြီးမှ အဖြေပေးပါ"


www.burmeseclassic.com

www.burmeseclassic.com



မေမေက တိုရှင်းလိုရှင်းမျှပြောပြီး ပြန်ထွက်သွားသည်။

စဉ်းစားကာ၊ ဒေးကာ၊ တွေးကာဖြင့် မရေမရာကျန်ရစ်ခဲ့သူက ဒေဝီနွယ်။

အသက် (၂၂)နှစ်ကျော်အရွယ် အထိ ချစ်သူမရှိခဲ့သည့် ဒေဝီနွယ်အတွက် လက်ထပ်ဖို့ဆိုသည်ကို စိတ်ကူးတွင်ပင် မထည့်ပါ။

ညီမငယ် ကေသီနွယ်သည် ယခုမှ(၁၆)နှစ်၊(၉)တန်း ကျောင်းသူ။ ၎င်းညီမငယ်ကို စောင့်ရှောက်ရဦးမည်ဟု ဒေဝီနွယ် အတွေးထဲတွင် အမြဲဦးစားပေးထားမြဲ။

ထိုထက်ပို၍ စဉ်းစားစရာကိစ္စတစ်ခုရှိပေသေးသည်။

၎င်းမှာ ဤနှစ်ထဲတွင် နှစ်ကြိမ်ထပ်၍ မက်ခဲ့သည့် အိပ်မက်တစ်ခုရှိသည်။

ဒေဝီနွယ် နောက်ဆုံးနှစ် (မြန်မာစာ) တန်းတက်စအချိန်က အိပ်မက်တစ်ကြိမ် မက်ခဲ့သည်။

ထိုအိပ်မက်မျိုးကိုပင် ယခင်လ စာမေးပွဲဖြေပြီးစက တစ်ကြိမ်ထပ်မက်ပြန်သည်။

အိပ်မက်ထဲတွင် ရွှေနန်းဝတ်နန်းစားများနှင့် အသက် (၂၀) ကျော်အရွယ် မိန်းမပျို (၃)ဦး၊ ပန်းစည်းကိုယ်စီကိုင်လျက် တောင်ကုန်းထိပ်ရှိ စေတီကိုကပ်လျှ၍ ဘုရားရှိခိုးကြသည်။

မေတ္တာပို့အမျှဝေကြသည်။ ပြီးမှ ဆုတောင်းကြသည်။

သူတို့သုံးဦးသည် တစ်ဦးက အနီရောင်ဝတ်စုံ၊ တစ်ဦးက အစိမ်းရောင်ဝတ်စုံ၊ တစ်ဦးက ပန်းရောင်ဝတ်စုံ ဝတ်ထားကြသည်။

အနီရောင်ဝတ်စုံဝတ်ထားသူက သပြေညွန့်များနှင့် နှင်းဆီနီခုနစ်ပွင့်ကို စုချည်ထားသည့် ပန်းစည်းကို ဘုရားလှူသည်။

**ပန်းနုရောင်ဝိညာဉ်ခရီးသည်**

www.burmeseclassic.com

www.burmeseclassic.com


အစိမ်းရောင်ဝတ်စုံ ဝတ်ထားသူက အစိမ်းရောင်ရင့်ရင့် သပြေညွှန့်များနှင့် နှင်းဆီဖြူ ခုနစ်ပွင့်ကို စုချည်ထားသည့် ပန်းစည်းကို ဘုရားလှူသည်။

ပန်းရောင်ဝတ်စုံဝတ်ထားသူက သပြေညိုညွှန့်များနှင့် နှင်းဆီ ပန်းရောင်ခုနစ်ပွင့်ကို စုချည်ထားသည့် ပန်းစည်းကို ဘုရားလှူသည်။

ကိုယ်စီကိုယ်ငှဘုရားဝတ်ပြုပြီးတောင်ကုန်းမှ ပြန်အဆင်းမှာ အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမပျိုက ပန်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းမပျို၏ ညာဖက်လက်ကို အသာအယာ ကိုင်ဆွဲထားပြီးမှ စကားတစ်ခွန်းဆိုသည်။

"အလှူတွေတဝကြီးလှူပြီးပြီမို့လား ညီမလေး ဒေဝီ၊ အဲဒီမှာ နေတာတော်ရောပေါ့၊ ညီမလေးကတိပြုထားတာမမေ့နဲ့၊ မမကြီးတို့ မျှော်နေမယ်၊ ညီမလေးကိုလွမ်းလှပြီ၊ ပြန်လာဖို့ပြင်နော်"

အိပ်မက်ထဲမှာ ဒေဝီနွယ်တွေ့ရသည့် ပန်းရောင်ဝတ်စုံနှင့် မိန်းမပျိုက မျက်နှာညှိုးညှိုးငယ်ငယ်နှင့် ခေါင်းညိတ်ပြလိုက်သည်ကို ပါ မှတ်မိနေသည်။

သူမ၏ မျက်နှာပြန်အမော့မှာ သေသေချာချာကြည့်လိုက်မှ ဒေဝီနွယ် တုန်လှုပ်သွားသည်။

"သူ့မျက်နှာက ငါနဲ့တစ်ထေရာတည်းပါလား"

ထိုအိပ်မက်အကြောင်း မေမေ့ကို ပြန်မပြောဖြစ်ခဲ့ပေ။


www.burmeseclassic.com

www.burmeseclassic.com





# ကြယ်မှာခိုးဖြန့်ဒါန်းအစ

ဒေဝီနွယ်စဉ်းစားကာ ရင်မောရသည်မှာ ဘွဲ့ရသည့်နှစ်တွင် အစပြုသည်ဟု ဆိုနိုင်သည်။

တက္ကသိုလ်မှ နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးသည်နှင့် ဒေဝီနွယ် စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်ကူညီခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဈေးရှိ မေမေ၏ အထည်ဆိုင်သည် အရောင်းစာရေး မ(၂)ဦးဖြင့် လက်မလည်နိုင်အောင် ရောင်းရသည်။

သို့ဖြစ်၍ ဒေဝီနွယ် အခြားအလုပ်မရှာဖြစ်ဘဲ မေမေ့ အထည်ဆိုင်တွင် ဝိုင်းကူကာ အလုပ်သင်သည်။

"ဒေဝီ့ကို အခုလို လူကြီးဆန်ဆန် ပြန်တွေ့ရတော့ ဝမ်းသာအယ်ကွာ၊ ကိုဖုန်းက. . နိုင်ငံခြားမသွားခင်က တွေ့ခဲ့ရတဲ့ မြီးကောင်ပေါက်မလေးကိုပဲ မျက်စိထဲမှာ မြင်ခဲ့တာ"

ကိုဖုန်းမြင့်အောင် အလုပ်နားရက်နှင့်ဒေဝီအထည်ဆိုင် ပိတ်ရက်ဆုံလျှင် လာလည်လေ့ရှိပြီး ဒေဝီနွယ်တို့အိမ်တွင် စကားလက်ဆုံကျဖြစ်သည်။

မိဘချင်းရင်းနှီးကြသူများဖြစ်ပြီး ဒေဝီနွယ်ကို အလိုလိုက် အကြိုက်ဆောင်၍သည်းခံတတ်သည်။ ကိုဖုန်းမြင့်အောင်ကို ငြင်းမယ်ရန် အကြောင်းပြချက်မှာ မရှိုင်လုံလှ။

"ဒေဝီနွယ့်ကို အိပ်မက်ထဲမှာ အစ်မတွေက ပြန်ခေါ်နေပြီ"

မေမေကို ဤသို့ပြောပြ၍ အကြောင်းပြကာ လက်မထပ်ငြင်းမည်ဟု အကြိမ်ကြိမ် စိတ်ကူးမိသည်။

သို့သော် ဤစကားကို ဒေဝီနွယ်ပြောပြလျှင် မေမေလက်ခံမည်မဟုတ်။

"သမီးကကွယ်၊ အိပ်မက်ဆိုတာ အကြောင်းအမျိုးမျိုးနဲ့ မက်တာပါ၊ အဲဒီလိုအတွဲအလမ်းမကြီးနဲ့"

မေမေပြောမည့်စကားကို ဒေဝီနွယ် ကြိုသိပြီးသားပါ။

တကယ့်အမှန်အတိုင်း ပြောရပါမူ ဒေဝီနွယ် ကိုယ်တိုင်က ကိုဖုန်းမြင့်အောင်ကို မငြင်းရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com


အစ်ကိုရင်းမရှိသူမို့ အစ်ကိုကြီးလို အားကိုးတာလည်းပါသည်။

ရင်မှာလှုပ်လှုပ်ခတ်ခတ်နှင့် ခံစားမိတာလည်းပါသည်။

အလိုလိုက်၍ အကြိုက်ဆောင်ကာ စိတ်မနှောဖျူစင်သူမို့ ခင်မင်ရင်းစွဲရှိတာလည်း ပါမည်မှာ အသေအချာ။

ထိုထိုသော အကြောင်းများ စုပေါင်းကာ ဒေဝီနွယ် အဖြေတစ်ခုကို အဆင်သင့် စဉ်းစားထားပြီးဖြစ်သည်။

"ဒေဝီ့ကို ညီမလေးလို ခင်မင်ခဲ့သလို အခုတော့ရင်ထဲမှာ စွဲစွဲလမ်းလမ်း ချစ်ခင်နှစ်သက်နေမိပါပြီ၊ ကိုဖုန်းကို ပြန်ပြီး မေတ္တာထားနိုင်မလား၊ ကိုဖုန်းအနေနဲ့ မေတ္တာပြည့်တဲ့ ချစ်သူနှစ်ဦးရဲ့ ဘဝခရီးအဖြစ် ဆက်လျှောက်ချင်တယ်၊ ဒေဝီစဉ်းစားပြီး အဖြေပေးနော်"

အသက်အရွယ်အရ တည်ငြိမ်စွာ မေတ္တာစကားဆိုကာ လက်ထပ်ခွင့်တောင်းလာသည့် ကိုဖုန်းမြင့်အောင်ကို ဒေဝီနွယ် စဉ်းစားချိန် (၃)လခန့်ယူ၍ ခေါင်းညိတ်အဖြေပေးကာ လက်ခံသဘောတူခဲ့ပါသည်။

"သမီးကြီး ဒေဝီ၊ လိမ္မာလိုက်တာ၊ မေမေတို့အခုမှ စိတ်အေးရတော့တယ်၊ သမီးတို့စေ့စပ်ပွဲကို နောက်လလောက်လုပ်ရင် ကောင်းမလား"

ဝမ်းသာပီတိဖြစ်နေသည့် မေမေ့ကိုကြည့်ကာ ဒေဝီနွယ် ကြည်နူးမိပါသည်။

"စေ့စပ်ပွဲကို အကျယ်မချဲ့ချင်ဘူးမေမေ၊ နှစ်ဖက်မိဘနဲ့ ဆွေမျိုးတွေလောက်ပဲ သိရင်ဖြစ်တယ်မဟုတ်လား၊ သတင်းစာထဲမထည့်ဘူးနော်"


www.burmeseclassic.com

www.burmeseclassic.com


ဒေဝီနွယ်ကပြောတော့ မေမေက အကြည့်စူးစူးနှင့်ပြန်ကြည့်သည်။

"ဘာဖြစ်လို့လဲသမီး"

"ဘာမှ မဖြစ်ပါဘူး မေမေ၊ လက်ထပ်ပြီးမှ သတင်းစာထဲမှာထည့်ပြီး အများကို အသိပေးတာပိုကောင်းမလားလို့ပါ"

နှစ်ဖက်မိဘများ တိုင်ပင်ကာ ကိုဖုန်းမြင့်အောင်နှင့် ဒေဝီနွယ်တို့ကို မိဘဆွေမျိုးများကို အသိသက်သေထားကာ စေ့စပ်ပွဲ ပြုလုပ်ပေးခဲ့ကြသည်။

"ကိုဖုန်းက သင်္ဘောပြန်ထွက်ရမှာဒေဝီ၊ လက်ထပ်တာကို အချိန်သိပ်မဆွဲချင်ဘူး၊ ဒေဝီရဲ့စိတ်ကြိုက် အကုန်ပြောပြ၊ ကိုဖုန်းတို့ စီစဉ်ပေးမယ်"

ဤတွင် မိဘများ ခေါင်းချင်းရိုက်ကြပြန်သည်။

စေ့စပ်ပြီး တစ်လအကြာတွင် လက်ထပ်ပေးမည်ဟု ညှိနှိုင်းချက်ရကာ လက်ထပ်ပွဲနှင့် မင်္ဂလာဧည့်ခံပွဲအတွက် စီစဉ်ကြတော့သည်။

"မင်္ဂလာဝတ်စုံတို့ ခန်းဝင်ပစ္စည်းတို့တော့ သားနဲ့သမီးတို့ စိတ်တိုင်းကျဖြစ်အောင် လိုက်ဝယ်ကြ၊ အချိန်တစ်လဆိုတာ ဘာမှမကြာဘူး၊ မေမေတို့ ဖိတ်စာတွေ စီစဉ်ပေးမယ်"

ဒေဝီနွယ်တို့ မင်္ဂလာကိစ္စအတွက် နှစ်ဖက်မိဘဆွေမျိုးများ အလုပ်များကိုခွဲဝေတာဝန်ယူကြသည်။

ကိုဖုန်းမြင့်အောင်နှင့် ဒေဝီနွယ်တို့မှာ ကားတစ်စီးနှင့် နေ့စဉ်ရက်ဆက် မြို့ထဲထွက်ကြရသည်။

မှတ်မှတ်ရရ မင်္ဂလာဝတ်စုံရွေးသည့်နေ့မှာ ဝနေနေ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကိုဖုန်းမြင့်အောင်က ကားမောင်း၍ ဒေဝီနွယ်က ရှေ့ခန်းဘေးခုံတွင်ထိုင်ကာ ဗိုလ်ချုပ်ဈေးသို့ ထွက်လာခဲ့ကြသည်။

ဒေဝီနွယ်၏ ဘေးမှန်တံခါးနှင့် ကိုဖုန်းမြင့်အောင်၏ ဘေးမှန်တံခါးတို့ကို အပြည့်ဖွင့်ထားကြသည်။

ဒေဝီနွယ်တို့၏ ကားသည် ရန်ကုန်ဆေးရုံကြီး ရှေ့နားအရောက်တွင် ကားကအနည်းငယ် စောင်းသွားသလို ဖြစ်သည်ဟု ဒေဝီနွယ်ထင်လိုက်မိသည်။

ဒေဝီနွယ်၏စိတ်ထဲမှာ ရွတ်ဆိုလျက်ရှိသည့် (၂၄)ပစ္စည်းကို အာရုံပြုကာ ရွတ်ဆိုမြဲရွတ်ဆိုနေလိုက်သည်။

လေကခပ်ပြင်းပြင်းတစ်ချက်ဝှေ့သလိုဖြစ်ကာ ဒေဝီနွယ်၏ ခေါင်းကယိမ်းထိုး၍ ကားမှန်ပြတင်း၏ အပြင်သို့ ထွက်သွားသည်။

ဒေဝီနွယ်ကသတိနှင့်ကိုယ်ကို ပြန်မတ်လိုက်သည်။

"တံခါးလက်ကိုင်ကို ကိုင်ထားဒေဝီ၊ ကိုဖုန်း ဗိုလ်ချုပ်ဈေးရှေ့မှာ ကားကွေ့မယ်"

ဒေဝီနွယ် ခေါင်းယိမ်းသွားသည်ကို သတိပြုမိဟန်တူသည့် ကိုဖုန်းမြင့်အောင်က ထပ်၍သတိပေးကာ ဗိုလ်ချုပ်ဈေးရှေ့တွင် ကားကိုကွေ့ဝင်လိုက်သည်။

ကားအကွေ့တွင် ဒေဝီနွယ်၏ ဦးခေါင်းကို တစ်ဦးဦးက လှမ်းဆွဲလိုက်သလို ယိမ်းသွားပြီး ကားရှေ့မှန်ပြတင်းသို့ ကိုယ်တစ်ပိုင်းထွက်သွားသည်။

"မြဲမြဲကိုင်ထားဒေဝီ၊ ကားတံခါးပွင့်သွားဦးမယ်"

ကားမောင်းနေသည့် ကိုဖုန်းမြင့်အောင်က ကားရပ်နားမည့်နေရာသို့ မောင်းနှင်သွားရင်းမှ သတိပေးစကားဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဗုဒ္ဓေါ . . . ဗုဒ္ဓေါ . . . ဗုဒ္ဓေါ"

ရုတ်တရက် မထင်မှတ်သည့်အဖြစ်ကြောင့် ဒေဝီနှယ့်ခေါင်းထဲမှာ မူးရိပ်ရိပ်ဖြစ်လာသည်။

စိတ်ထဲမှာ အာရုံပြုလက်စ (၂၄)ပစ္စည်းကိုပင် အစီအစဉ်တကျ ဆက်မရွတ်နိုင်တော့။

ကြောက်စိတ်၊ စိုးရိမ်စိတ်ဖြင့် "ဗုဒ္ဓေါ . . ဗုဒ္ဓေါ . . " ဟုသာ စိတ်ထဲမှာ ဘုရားတလိုက်မိသည်။

"ဘယ်လိုဖြစ်လို့လဲ ဒေဝီ၊ မူးသွားတာလား"

ကားရပ်ပြီးသည့်အခါ ကိုဖုန်းမြင့်အောင်က ကြင်နာစွာမေးသည်။

"ဟုတ်တယ်၊ နည်းနည်းမူးသွားလို့ပါ"

"ဒါဆို ကိုဖုန်းလက်ကိုတွဲပြီးလိုက်ခဲ့နော်၊ အလုပ်များပြီး ဒေဝီပင်ပန်းနေပြီ"

ထိုနေ့က ဗိုလ်ချုပ်ဈေးမှာ သတို့သမီးဝတ်စုံဝင်ရွေးပြီး အိမ်ပြန်လာခဲ့သည်။

ဗိုလ်ချုပ်ဈေးက ဖိနပ်ဆိုင်မှ ကတ္တီပါဖိနပ် ပန်းရောင်တစ်ရန်ဝယ်လာခဲ့သည်။

"မနက်ဖြန်မှာ အိပ်ရာခမ်းနားဝယ်မှာနော်၊ ဒေဝီတစ်ရက်လောက် အိမ်မှာနားဦး၊ ကိုဖုန်းတစ်ယောက်ထဲသွားလိုက်မယ်၊ အော်ကူညီဖို့ရအောင် ဦးလေးကျော်ကို ခေါ်သွားမယ်၊ ပစ္စည်းတွေ ညနေလာပို့ထားမယ်နော် ဒေဝီ"

"ဟုတ်ကဲ့ကိုဖုန်း၊ ပစ္စည်းမှာထားတဲ့စာရင်းစာရွက်ယူသွားဖို့ မမေ့နဲ့နော်"


www.burmeseclassic.com

www.burmeseclassic.com


"ဘာမှစိတ်မပူနဲ့၊ အရာရာစိတ်ချထား၊ ဒီညစောစော အိပ်နော်"

ဒေဝီနွယ်ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ဘယ်လိုဖြစ်ရတာပါလိမ့်"

ဒေဝီနွယ် ကားမှန်ပြတင်းမှ နှစ်ကြိမ်တိတိ လွင့်ထွက်သွားတော့မည့်အဖြစ်ကို တွေး၍ အဖြေမပေါ်နိုင်ဖြစ်ရသည်။

"မေမေ့ကို ပြောပြရင် စိတ်ပူနေရဦးမယ်"

သို့ဖြင့် ထိုဖြစ်ရပ်ကို အာရုံထဲမှ ဖျောက်ပစ်လိုက်သည်။

မေမေ့ကိုလည်း မပြောဖြစ်တော့ပေ။

အစစအရာရာ အာရုံထဲမှ ဖျောက်၍အိပ်သည့်ထိုညက ဒေဝီနွယ် အိပ်မက်မက်ဖြစ်အောင် မက်ခဲ့သေးသည်။

"ညီမလေးဒေဝီ၊ မမကြီးတို့မှာ ညီအစ်မသုံးယောက်ပဲရှိတာနော်၊ ညီမလေးကို အကြာကြီးခွဲမထားနိုင်ဘူး၊ ပြီးတော့ လူပိုခေါ်မလာနဲ့နော်၊ မမကြီးတို့ထက် ဘယ်သူ့ကိုမှ ပိုမချစ်ရဘူး"

အိပ်မက်ထဲတွင် တွေ့ရသည့် အနီရောင် နန်းဝတ်နန်းစားဝတ်စုံနှင့်မိန်းမပျို၏ မျက်နှာထားမှာ ခပ်တင်းတင်းဖြစ်သည်။

ပြောသည့်စကားသံက ခပ်ထန်ထန်။

စကားသံကိုကြားကာ ပြောနေသူကို မြင်တွေ့နေရသော်လည်း ထိုအိပ်မက်ထဲ၌ အပြောခံရသူကိုမတွေ့မိခဲ့။

ဒေဝီနွယ် အိပ်မက်မက်ပြီးလန့်နိုးလာချိန်မှာ အရုဏ်ဦး ဖြစ်နေပြီ။

"အဲဒီမမကြီးလို့ပြောတဲ့ အမျိုးသမီးက ဘယ်ညီမလေးကို လွမ်းနေတာပါလိမ့်၊ လူပိုခေါ်မလာနဲ့ဆိုတာ ဘယ်သူ့ကိုပြောတာပါ


www.burmeseclassic.com

www.burmeseclassic.com



လိမ့်၊ ငါစိတ်စွဲလို့ ဒီလိုအိပ်မက်မျိုးမက်တာဖြစ်မှာပါ"

ထိုအတွေးဖြင့် အိပ်ရေးဝအောင် တစ်ရေးပြန်အိပ်ပြီးမှ ဒေဝီနွယ် အိပ်ရာမှထသည်။

"မမဒေဝီ သတို့သမီးဝတ်စုံဝတ်ပြပါဦး၊ ညီမလေးရဲ့ ဝတ်စုံကတော့ လှတယ်၊ ပြင်စရာမလိုဘူး၊ တော်တယ်မမရဲ့"

ကေသီနွယ်က သူမ၏ ဝတ်စုံသစ်ကိုယူလာပြီး ပြောပြနေသည်။

ဒေဝီနွယ်လည်း သတို့သမီးဝတ်စုံသစ်ကို ဝတ်ကြည့်လိုက်သည်။

သေသပ်လှပသည့် ထိုင်မသိမ်းအင်္ကျီ ပန်းနုရောင်အသွေးသည် အရောင်အသွေးစိုလွန်းသည်။

ပန်းနုရောင်ပဝါအရှည်မှာလည်း အသွေးကျ၍ လှပလှသည်။ ဘော်ကြယ်များက ဖိတ်ဖိတ်လက်နေသည်။

"လက်ကိုင်ပန်းကို နှင်းဆီပွင့်ပန်းရောင်ခုနစ်ပွင့် ပါအောင် ထည့်ခိုင်းရမယ်၊ အရွက်စိမ်းစိမ်းလေးတွေလဲ ပါရင်ကောင်းမယ်"

ဒေဝီနွယ်က လက်ကိုင်ပန်းစည်းအတွက် စီစဉ်ရန် ကေသီနွယ်ကို တိုင်ပင်လိုက်သည်။

"မမဒေဝီက နှင်းဆီပွင့်ပန်းရောင်ကို တကယ်ကြိုက်တာကိုး၊ ကေသီက သစ်ခွပန်းပန်းရောင်ကို လက်ကိုင်ပန်းမှာ ထည့်မယ်နော်"

"အေးလေ ကေသီကြိုက်တဲ့ပန်းကို ထည့်ဖို့မှာပေါ့၊ မမဒေဝီက နှင်းဆီပန်းခုနစ်ပွင့်ပဲ ထည့်ဖို့မှာမယ်"

"ဟုတ်ပါပြီ၊ မမဒေဝီ ခဏလေးရပ်နေဦးနော်၊ ကေသီဓာတ်ပုံရိုက်ချင်လို့ပါ၊ မမကေသီဝယ်လာတဲ့ ကတ္တီပါဖိနပ်ပန်းရောင်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ခဏစီးထားပါဦး”

ကေသီက ကင်မရာတစ်လုံးဖြင့် ဒေဝီနွယ်ကို ဓာတ်ပုံသုံးပုံ ရိုက်ယူလိုက်သည်။

“မမဒေဝီက အဲဒီဝတ်စုံနဲ့ သိပ်လှတာပဲ၊ ဒါတောင် မိတ်ကပ်တွေပန်းတွေ မပါသေးဘူး၊ အဲဒီညွှေ့ခံပွဲနေ့ဆို ဘယ်လောက်များ လှလိုက်မလဲလို့”

“အော်. . . ညီမလေးရယ်၊ ညီအစ်မချင်း ဒီလောက်မြှောက်ရသလား၊ မမလှရင် ညီမလေးလဲ လှနေမှာပဲပေါ့၊ ရုပ်ချင်းတူတဲ့ ညီအစ်မမို့လား”

ညီအစ်မနှစ်ယောက် မှန်အတူတူကြည့်ကာ အားရပါးရ ရယ်လိုက်မိကြသည်။

“သမီးကြီး. . . ဒေဝီနွယ်ရေ. . .”

အခန်းဝမှ အပြေးတစ်ပိုင်းဝင်လာသည့် မေမေ၏ တုန်တုန်ယင်ယင်ခေါ်သံ။

“သမီးတို့ညီအစ်မနှစ်ယောက်လုံး မေမေနဲ့ အခုလိုက်ခဲ့ကြ. . .”

ဒေဝီနွယ်တို့ ညီအစ်မ အံ့သြစိတ်ဖြင့် မေမေ့ကို တစ်ခဏမျှ ငေးကြည့်မိသည်။

“ဘာဖြစ်လို့လဲ မေမေ၊ သမီးတို့ ဘယ်ကို လိုက်ခဲ့ရမှာလဲ”

ဒေဝီနွယ်က ဝတ်ထားသည့် သတို့သမီးဝတ်စုံကို ချွတ်နေရင်းမှ မေးသည်။

ကေသီနွယ်က အစ်မဖြစ်သူကို အကျီကူချွတ်ပေးရင်း နားစွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


"ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို"

ထိုအခါမှ ပြာပြာသလဲဖြစ်သွားရသည်။

"ဘယ်သူဘာဖြစ်လို့လဲ မေမေ"

ဒေဝီနွယ်က မြို့ထဲမှ မပြန်သေးသည့် ဖေဖေ့ကို စိတ်ပူစွာ မေးလိုက်မိကာ အဝတ်အစားမြန်မြန်လဲလိုက်ရသည်။

ဒေဝီနွယ့်မေမေက ချက်ချင်းမဖြေ။

မျက်ရည်များဝိုင်းနေသည့် မျက်လုံးအစုံဖြင့် ဒေဝီနွယ်ကို တစ်ချက်ကြည့်ကာ ခပ်တိုးတိုးဖြေသည်။

"မောင်ဖုန်းမြင့်အောင် ဆေးရုံရောက်နေတယ်"

"ဟင်. . . ဘယ်လိုမေမေ. . ကိုဖုန်းက ဆေးရုံမှာ၊ ဘယ်သူ ပြောတာလဲ"

"သမီးဖေဖေ ဖုန်းလှမ်းဆက်တာ၊ သူလဲ အခုဆေးရုံမှာ ရောက်နေပြီ၊ မောင်ဖုန်းရဲ့မိဘတွေကိုလဲ ဖုန်းဆက်ထားတယ်တဲ့၊ လာ စြာမြန်မြန်"

ဒေဝီနွယ်တို့သားအမိ(၃)ဦး ဆေးရုံကြီးသို့ ရောက်သောအခါ အရေးပေါ်လူနာဌာနမှာ နှစ်ဘက်မိသားစု အစုံအလင်ရှိနေကြပြီ။

"အမလေး၊ ဖြစ်ရလေသားကြီးရယ်၊ အဖြစ်ဆိုးလှချည်လား သားကြီးရယ်. . ."

ကိုဖုန်းမြင့်အောင် မေမေ၏ ပြောပြောငိုငိုဖြင့် တုန်ယင်သော အသံက လူနာခန်းမှလျှံထွက်လာသည်။

"ကိုဖုန်းဆုံးပြီသမီးကြီး၊ ကားတိုက်မှုဖြစ်တာ၊ သူကပွဲချင်းပြီး၊ သူ့ဦးလေးက ခြေထောက်ကျိုးသွားတယ်"

အရေးပေါ်လူနာခန်းမှထွက်လာသည့် ဖေဖေက ဒေဝီနွယ်

www.burmeseclassic.com



ကို ချုံးဖက်ကာ တိုးတိုးပြောပြနေသည်။

“ဟုတ်ရဲ့လားဟင်… ကိုဖုန်းရယ်… ဒီနေ့ ဒေဝီလိုက်သွားရင် နှ[illegible] မဖြစ်ဘူးထင်ပါရဲ့၊ ဒေဝီမလိုက်မိတာမှားတယ်”

ဒေဝီလူနာခန်းသို့အပြေးဝင်ကြည့်လိုက်မိသည်။

တကယ်ဖြစ်ရပ်ကိုတွေ့သော်လည်း ဒေဝီမယုံကြည်နိုင်၊

“ဒေဝီ့ကိုပါ အတူခေါ်သွားပါလား ကိုဖုန်းရယ်”

ဒေဝီနွယ်တိုးတိုးလေးပြောရင်းမှ သတိမေ့သွားပါတော့သည်။

ထိုနေ့က ဒေဝီနွယ်မည်သို့အိမ်ပြန်ရောက်သည်ကိုပင် မသိနိုင်တော့။

နောက် ပြန်သတိရလာသည့်အခါ အိပ်မက်ဆိုးမက်နေရသကဲ့သို့ပင်။

ကိုဖုန်းမြင့်အောင်၏ ဈာပနကိစ္စပြီးသည့်အခါ ဒေဝီနွယ် စကားမပြောဖြစ်တော့။

တဝေးဝေးတမှိုင်မှိုင်နှင့် ဖြေဆည်၍မရသေးသည့် သမီးကြီးအတွက် မိဘများနှင့်မတော်လိုက်ရသည့် မိဘများက ပို၍ သောကဖြစ်ကြရသည်။

“သမီးဒေဝီ၊ စိတ်ကိုတရားနဲ့ဖြေပါကွယ်၊ သတ္တဝါဆိုတာ ကံစီရင်ရာ ခံကြရပါတယ်၊ သမီးရဲ့စိတ်ကို တရားအာရုံပြုပြီး ထားပါကွယ်”

“ဟုတ်ကဲ့”

ဒေဝီနွယ် “ဟုတ်ကဲ့” တစ်ခွန်းသာဆိုနိုင်သည်။

သူမနှစ်သက်လှသည့် သတို့သမီးဝတ်စုံ ထိုင်မသိမ်းပန်းရောင်ကို အိတ်ဖြင့် အသေအချာထည့်ကာ ခရီးဆောင်အိတ်တစ်ခုထဲတွင် ထည့်ပြီး သော့ခတ်သိမ်းထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





ထိုဖိတ်စာထဲတွင် ကေသီနွယ်ရိုက်ပေးထားသည့် သတို့သမီး ဝတ်စုံနှင့် ဓာတ်ပုံ (၁)ပုံကိုပါ ထည့်ထားလိုက်သည်။ ဒေဝီနွယ်ဝင်း အတွင် နှုတ်ဆက်စကားဆိုလိုက်သည်။ →

ဤအခမှာ ဤမျှသာပါဘဲ ကိုဖုန်းရေ။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခါတိုင်းလို တက်တက်ကြွကြွပြုံးပြုံးရွှင်ရွှင်မရှိပေ။

ညီမဖြစ်သူ ကေသီနှင့် စာမေးပွဲပြီးသည့် နွေရာသီ ရက်ရှည် ပိတ်ရက်တွင် ခရီးထွက်ရန် စိတ်ကူးကြသည်။

ထိုရက်က ဘိုကလေးမြို့မှ ညီမဝမ်းကွဲများဖြစ်ကြသည့် လှမျိုးကြွယ်နှင့်သိင်္ဂီတို့က ရန်ကုန်မြို့သို့ ပစ္စည်းဝယ်ရန် ရောက်လာကြသည်။

ဘိုကလေးမြို့ရှိ အစ်ဒေါ် ဒေါ်သန်းသန်းကြည်၏ သမီးများ ဖြစ်ကြသည်။

ဒေဝီနှင့်တို့နှင့် ညီအစ်မတစ်ဝမ်းကွဲဆိုသော်လည်း အနေနီးကြ၍ ညီအစ်မအရင်းများပမာ သံယောဇဉ်ရှိကြသည်။

"သိင်္ဂီတို့ပြန်ရင် မမဒေဝီနဲ့ ကေသီတို့ကို အလည်ခေါ်ခဲ့ဖို့ မေမေက မှာလိုက်ပါတယ် အန်တီစန်း၊ သမီးတို့ မမဒေဝီတို့ကို အလည်ခေါ်သွားမယ်နော်၊ ကေသီလဲ စာမေးပွဲပြီးလို့ ကျောင်းပိတ်နေတာနဲ့ အတော်ပါပဲ"

"ဒီရက်ထဲမှာ အန်တီစန်းက အထည်ဆိုင်ကို ပိတ်ထားခဲ့လို့ မရဘူးကွဲ့၊ အန်တီစန်းလိုက်မပို့ပဲနဲ့ သမီးတို့ညီအစ်မချည်း ပြန်လို့ ဖြစ်ပါ့မလား"

ဒေဝီနှင့် မေမေက စိတ်ပူပန်စွာမေးသည်။

"ရန်ကုန်က အန်တီစန်းက သင်္ဘောပေါ် တင်ပေးလိုက်ပါ။ ဘိုကလေးဆိပ်ကမ်းမှာ မေမေလာကြိုဖို့ ဖုန်းဆက်ထားလိုက်ပါ့မယ်။ ဒါဆိုရင် စိတ်မပူရပါဘူး အန်တီစန်း"

"ဟုတ်ပါပြီ၊ ဒါဆို သမီးကြီး ဒေဝီတို့က ဘိုကလေးမှာ ဘယ်နှရက်နေကြမလဲ"

"သမီးတို့အကြာဆုံးတစ်ပတ်ပေါ့ မေမေ၊ သမီးတို့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com


ပိတ်တုန်း မေမေ့ဆိုင်ကို ဝိုင်းကူကြမှာမို့ ကြာကြာမနေပါဘူး"

"အေးပါကွယ်၊ သမီးတို့ သွားနေကျခရီးပဲ၊ ဒါပေမဲ့ ရေလမ်းဆိုတော့ မေမေလိုက်ပို့ချင်တာ၊ ဘယ်လိုမှ မတတ်နိုင်လို့ မပို့ရတာ၊ ဒါဆို မနက်ဖြန် ညနေ ဧရာဝတီသင်္ဘောနဲ့သွားဖို့လက်မှတ် ဝယ်ပေးမယ်"

ဤစကားဝိုင်းတွင် ဒေဝီနွယ်ဝင်မပြောဖြစ်ပဲ ပြုံး၍သာ နားထောင်နေလိုက်သည်။

အဝတ်အစားများထည့်ကြသောအခါ ဒေဝီနွယ်က ယခင်သတို့သမီးဝတ်စုံထည့်ထားသည့်အိတ်ကိုဖွင့်ကာ ဝတ်စုံသုံးစုံ၊ လေးစုံခန့်ထပ်ထည့်လိုက်သည်။

သင်္ဘောပေါ်တွင် လေတိုက်သဖြင့် ဝတ်ရန်အနွေးထည်နှင့် ခြုံရန် စောင်တစ်ထည်ကိုပါ အပိုထည့်ထားလိုက်သည်။

ထိုညက ခရီးမထွက်ခင်ညမို့ ဒေဝီနွယ်တို့ညီအစ်မတွေ မေမေ့ကို ကူညီပြီး အလုပ်လုပ်ပေးကြသည်။

ပြီးမှ အိပ်ရာကိုယ်စီဝင်ခဲ့ကြသည်။

ကိုဖုန်းမြင့်အောင် ကွယ်လွန်သွားသော်လည်း ဒေဝီနွယ့် စိတ်ထဲမှာ မေ့ပျောက်မသွားနိုင်သေး။

သို့သော် အိပ်မက်ထဲတွင် ကိုဖုန်းမြင့်အောင်ကို တစ်ကြိမ်မှ မတွေ့ရပေ။

မေ့မေ့ပျောက်ပျောက်ထားပါလျက် ထိုညက အိပ်မက်တွင် အနီရောင်ဝတ်စုံနှင့်အမျိုးသမီးကို တွေ့ရသလို အစိမ်းရောင်ဝတ်စုံနှင့် အမျိုးသမီးကိုပါ ပန်းစည်းများနှင့်အတူတွေ့ရပြန်သည်။

"ညီမလေးဒေဝီ၊ ပြန်လာရင် ပန်းရောင်ဝတ်စုံလေးနဲ့လာခဲ့၊



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်း ပန်းရောင်စည်းလေးလဲ ယူခဲ့ဖို့မမေ့နဲ့ မမကြီးတို့ စောင့်နေကြမယ်၊ ဆက်ဆက်လာနော်”

ပြုံးရွှင်နေသည့် အမျိုးသမီးများ၏ မျက်နှာကို ဒေဝီနွယ် အိပ်ရာမှ နိုးသည်အထိ မေ့ဖျောက်၍ မရပေ။

“ဒေဝီဆိုတာ ငါ့နာမည်ပေါ့ သူတို့က ဘယ်သူ့ကို ပြန်လာဖို့ ခေါ်နေကြတာလဲ၊ ငါ့မှာတော့ သတို့သမီးဝတ်စုံပန်းရောင်က ရှိပြီးသားပဲ၊ လိုတာက ပန်းရောင်နှင်းဆီပန်းစည်း၊ ပြီးတော့ ပန်းရောင်ဖိနပ်လှလှလေးတစ်ရန် အသစ်စက်စက်ရှိနေသေးတယ်”

ထိုအတွေးက ဝင်လာသေးသည်။

ခရီးထွက်ရမည့်နေ့ နံနက်စောစောတွင် ဒေဝီနွယ်အိပ်ရာမှ စောစောထသည်။

မျက်နှာသစ်ပြီး ဘုရားရှင်ကိုအရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်များပါ ကပ်လှူပူဇော်၍ ငါးပါးသီလခံယူသည်။

ပရိတ်တော်များရွတ်ဆိုပူဇော်ပြီး မေတ္တာပို့ကာ အမျှဝေသည်။

ထိုနေ့နံနက်က ဆိုင်မထွက်သည့် မေမေနှင့် အလုပ်သွားတော့မည့် ဖေဖေ့ကို ညီအစ်မများနှင့်အတူ ရိုသေစွာ ကန်တော့သည်။

ဖေဖေနှင့်မေမေက ဆုများပေးကြသည်။

ကန်တော့၍အပြီး မျက်နှာမော့လိုက်စဉ်မှာ ဒေဝီနွယ် စိတ်ထိန်းထားသည့်ကြားမှ မျက်ဝန်းမှမျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။

“သမီးကြီး ဘိုကလေးကို မသွားချင်ဘူးလား၊ မသွားချင်ရင် ခရီးစဉ်ကိုဖျက်လိုက်လေ”

ဖေဖေက ခရီးစဉ်ဖျက်ရန် စကားဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com


"ခရီးစဉ်ကိုမဖျက်ပါဘူးဖေဖေ၊ သွားရမဲ့လမ်းကို သွားရမှာပါ၊ ဒီလမ်းကို သမီးရွေးချယ်ထားတာပဲ"

မျက်ရည်သုတ်ကာ ဒေဝီနွယ်စိတ်တင်း၍ ပြောလိုက်သည်။

"ဘိုကလေးမှာ သမီးတို့ပျော်သလောက်နေကြ၊ မေမေ့ကိုမင့်နဲ့ မေမေ့ဆိုင်က ကလေးမလေး(၂)ယောက်နဲ့နိုင်အောင် ရောင်းမယ်"

"ဖေဖေနဲ့မေမေတို့ သမီးကိုခွင့်လွှတ်ကြပါ၊ ခရီးသွားကာနီးမှာ မငိုရဘူးဆိုတာ သိပေမဲ့ သမီးတအားငိုချင်နေမိတယ်၊ သမီးစိတ်ထိန်းပါ့မယ်"

ငိုချင်စိတ်ကိုချုပ်တည်းလျက် ဒေဝီနွယ် တောင်းပန်စကားဆိုသည်။

"လိမ္မာတဲ့သမီး၊ စိတ်ဓာတ်ကြံ့ခိုင်တဲ့သမီးဆိုတာ ဖေဖေနဲ့ မေမေ သိပါတယ်၊ သမီးတို့အားလုံး ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေကွယ်"

ထိုနေ့ညနေက သင်္ဘောဆိပ်သို့ဆင်းချိန်တွင် ဖေဖေနဲ့မေမေတို့ လိုက်ပို့ခဲ့ကြသည်။

ခရီးဆောင်အိတ်ကိုယ်စီပါသည့်အပြင် ရန်ကုန်မှာ ဈေးဝယ်ထားသည့် ပီနံလက်ဆွဲအိတ်ကြီး (၂)လုံးလည်းပါသေးသည်။

နေရာအတွက် အဆင်ပြေ၍ သင်္ဘောပေါ်တွင် အေးအေးဆေးဆေးအိပ်ကာ လိုက်သွားရုံပင်။

မနက်မိုးလင်းချိန်တွင် ဘိုကလေးမြို့သို့ရောက်ပေမည်။

စောစောဆိုက်သည့် သင်္ဘောဆိုလျှင် မနက်မိုးမလင်းခင် ဘိုကလေးမြို့သို့ဆိုက်မည်။

ပြီးမှ ထိုသင်္ဘောသည် မော်လမြိုင်ကျွန်းမြို့(မော်ကျွန်း)သို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထွက်လေ့ရှိသည်။

သဘော်စီးသည့် ညက ညီအစ်မ(၄)ယောက် သဘော်ပေါ်ရောက်မှ ညစာစားကြသည်။

ကော်ဖီ၊ ကိတ်မုန့်၊ လိမ္မော်သီးစသည့် စားသောက်ဖွယ်ရာများအပြင် လက်ဖက်သုပ်နှင့် ရေနွေးကြမ်းပါသေးသည်။

ညီအစ်မတစ်သိုက်စကားဖောင်ဖွဲ့လိုက်၊ စားလိုက်ကြနှင့် ည (၁၂)နာရီထိမအိပ်နိုင်ကြသေးပေ။

ထိုစကားဝိုင်းတွင် နားထောင်သူ သက်သက်ဖြစ်နေသူက ဒေဝီနွယ်။

"မမဒေဝီ ညစာစားတာ နည်းလိုက်တာ၊ ပြီးတော့ စကားလည်း မပြောဘူး၊ ဘာတွေငေးပြီး ဘာတွေတွေးနေတာလဲ၊ ဒီမှာ ကော်ဖီသောက်၊ မုန့်တွေစားနော်"

လှမျိုးကြွယ်က ကော်ဖီပန်းကန်ကို လှမ်းပေးရင်းပြောလိုက်သည်။

"လှမျိုးကြွယ်နဲ့သီဂီတို့က ဘိုကလေးမှာနေတော့ အိမ်အပြန် လမ်းပေါ့နော်၊ အေးလေ မမဒေဝီလဲ အပြန်လမ်းပါဘဲ၊ ရွှေလမ်း ငွေလမ်းတော့မဟုတ်ဘူး၊ ရေလမ်းနဲ့ပေါ့ကွယ်"

"ဟင်. . မမဒေဝီ၊ ဘာပြောလိုက်တယ်၊ ရေလမ်းနဲ့ပြန်မှာလား၊ ရန်ကုန်နဲ့ဘိုကလေးကို ရေလမ်းနဲ့လာပြီး ရေလမ်းနဲ့ပြန်နေကျပဲ မို့လား"

ဒေဝီနွယ်ဘာမှ ပြန်မပြောပဲမှောင်ရိပ်ကျနေသည့် ရေပြင်ကို သာ ငေးမောကြည့်နေလိုက်သည်။

ကျိုက်လတ်ကိုရောက်ပြီဆိုပါက ခရီးတစ်ဝက်ကျိုးပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးမလင်းမီ ဘိုကလေးသို့ ရောက်နိုင်သည်၊

ညီအစ်မများက ကျိုက်လတ်မှ သင်္ဘောထွက်မှ အိပ်ကြတော့သည်။

မအိပ်နိုင်သူမှာ ဒေဝီနွယ်။

အိပ်မပျော်၍ မြစ်ရေပြင်ကိုငေးကြည့်ရင်း အတွေးတို့က ဟိုဒီခြေဦးလွှားနေသည်။

"ညီမလေး ဒေဝီကို သိပ်ချစ်တယ်ကွယ်"

ကွယ်လွန်သွားသည့် ကိုဖုန်းဇော်ပြောသံကို နားတွင် ကြားယောင်လာမိသည်။

"ညီမလေးကို အကြာကြီးခွဲမထားနိုင်ဘူး ပြီးတော့ လူပိုဒေါ်မသောနဲ့နေ၊ မကြီးတို့ထက် ဘယ်သူ့ကိုမှ ပိုမချစ်ရဘူး"

ဒါက အနီရောင်ဝတ်စုံနှင့် အိပ်မက်ထဲက မကြီးရဲ့ ပြောစကား။

ဒေဝီနွယ်အိပ်လို့မရနိုင်ပဲ အတွေးမျိုးစုံတွေးပြီး စကားသံမျိုးစုံကြားယောင်ရင်းမှာပင် သင်္ဘောက ဘိုကလေးမြို့သို့ ဆိုက်ကပ်သည်။ ညအမှောင်ရိပ်က မပြယ်သေး။

ညီအစ်မတွေ ပစ္စည်းကိုယ်စီသယ်ယူကာ အိတ်နှစ်အိတ်ကို အလုပ်သမားတစ်ဦးငှား၍ သယ်သည်။

ဒေဝီနွယ်က အလုပ်သမားသယ်သွားသော အိတ်ကို ဆွဲကိုင်ရင်း ဘောတံတားမှ ဆိပ်ကမ်းသို့ကူးသည်၊

ဘောတံတားပေါ်တွင် လမ်းလျှောက်ရင်းမှ အိပ်ငိုက်သလိုဖြစ်ကာ ခြေတစ်ချက်ချော်ပြီး ဒေဝီနွယ်ရေထဲကျသွားသည်။ လမ်းထဲမှ သက်ဆွဲခြင်းတစ်လုံးနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ဝှန်း း း"

"ရေထဲကို လူကျတာလား ပစ္စည်းကျတာလား"

ဤအသံကိုသာ နောက်ဆုံးကြားလိုက်မိသည်။

ဒေဝီနွယ်တာကိုမှ မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်သန်းသန်းကြည်က သင်္ဘောဆိပ်မှကြိုနှင့်သည်။

"မေမေရေ မမဒေဝီက သမီးတို့ရဲ့နောက်က လိုက်လာတော ညီးအိတ်သယ်တဲ့လူနဲ့ ကပ်ရပ် လိုက်လာတာ၊ ခုထိ ဒီကို ရောက်မ ခသေးပါလား"

ခရီးသည်များကြားမှတိုးထွက်ကာ ညီအစ်မလေးယောက်ကို ညည်း၍ လူစစ်နေသည့် လူမျိုးကြွယ်က. . အစ်မဖြစ်သူ ဒေဝီ ရောက်မလာသေး၍ စိတ်ပူပင်စွာ သူမ၏ မိခင်ကို ပြောလိုက်ခြင်းဖြစ် သည်။

ပန်းနုရောင်ဝိညာဉ်ခရီးသည်

www.burmeseclassic.com

www.burmeseclassic.com



"စောစောက ဝုန်းလို့ရေထဲတစ်ခုခုကျတဲ့အသံကြီး ကြားလိုက်ရလို့ သင်္ဘောကုန်းပတ်ပေါ်ကလူတွေ မေးသံကြားလိုက်ရတယ်။ လူကျတာလား၊ ပစ္စည်းကျတာလားဆိုတာ စစ်ကြည့်ကြပါလို့ ပြောနေတယ်"

ဤသို့ဖြင့် နောက်ထပ် (၁)နာရီခန့်ကြာသော် သင်္ဘောပေါ်မှ ဆင်းလာသူများရှင်းသွားသည်။

ပစ္စည်းအိတ်များသယ်သောသူကိုတွေ့၍ သိင်္ဂီက ပစ္စည်းအိတ်ကိုလှမ်းယူကာ လုပ်အားခငွေရှင်းပေးသည်။

"မင်းနောက်က လိုက်လာတဲ့ တို့ရဲ့အစ်မကိုမတွေ့မိဖူးလား" သိင်္ဂီက ထိုပစ္စည်းသယ်လာသူကိုမေးသည်။

"ဘယ်သူလဲတော့ကျွန်တော်မသိဘူး၊ အလင်းရောင်က မှိန်တော့ အသေအချာမမြင်ရပါဘူး၊ ကျွန်တော့နောက်က တစ်ခုခုတော့ ကျသံကြားတယ်၊ ခရီးသည်တွေ အဆက်မပြတ် ဆင်းလာနေတော့ ကျွန်တော်လှည့်မကြည့်နိုင်ဘဲ ဆက်လာပြီး အစ်မတို့ ကိုရှာနေတာ"

"သမီးတို့ရေ၊ ဒါဆို ရေထဲကျသွားတာ ဒေဝီနွယ်များလား၊ လုပ်ကြပါဦးကွယ်၊ သင်္ဘောပေါ်မှာလည်း သူမရှိရင် ရုံးခန်းသွားပြောကြရအောင်"

ဒေါ်သန်းသန်းကြည်သည် ဆိပ်ကမ်းပေါ် မြန်မြန်သွားကာ ရုံးခန်းတွင်တာဝန်ကျသူကို အကူအညီတောင်းရတော့သည်။

မိုးမလင်းသေး၍ အလင်းရောင်ကောင်းစွာမရသဖြင့် ရေထဲသို့ သဲသဲကွဲကွဲ မမြင်ရပေ။

ထို့ပြင် သင်္ဘောဆိပ်ခံနှင့်ကပ်ထားသည့် သင်္ဘောနှစ်စီးကြားမှ ရေထဲပြုတ်ကျနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်မှာ ဒေဝီနွယ် ရေထဲသို့ ကျသွားပြီ။ သူမနှင့်အတူ အစားအသောက်များထည့်ထားသည့် ပလပ်စတစ်ခြင်းတောင်း တစ်ခုပါသွားသည်။ သူမ၏ အဝတ်အိတ်ကို ကေသီနွယ်ဆွဲလာပေး၍ သူမတို့ညီအစ်မများနှင့်အတူရှိသည်။

သို့ဖြင့် ရေထဲသို့ လူကျသည်ဆိုသောသတင်းသည် ကမ်းနားတစ်ဝိုက်တွင် ချက်ချင်းပျံ့နှံ့သွားသည်။

"ရေထဲကျသွားတာက ရန်ကုန်ကလာတဲ့ မိန်းကလေးတဲ့၊ ရေမကူးတတ်ဘူးလို့ပြောတယ်၊ သနားပါတယ်ဟယ်"

တစ်ယောက်စကားတစ်ယောက်ကြား၍ မိုးမလင်းမီမှာပင် သင်္ဘောဆိပ်၌ လူစုလူဝေးကြီးဖြစ်နေပြီ။

"ရေထဲကိုလူကျသွားတာမှန်ရင် ကျုပ်ဆင်းပြီးဆယ်မယ်"

မီးသတ်တပ်ဖွဲ့မှ ရေငုပ်ကျွမ်းကျင်လှသည့် ဦးသန်းက ပြောပြောဆိုဆို ရေထဲခုန်ဆင်းသည်။

"သမီးတို့ အိမ်ကို အမြန်ပြန်ကြရအောင်၊ သမီးတို့ဖေဖေကိုလဲ ပြောရမယ်၊ ရန်ကုန်က မမစန်းတို့ဆီကိုလည်း ဖုန်းအမြန်ဆက်ရဦးမယ်"

မျက်ရည်လည်ရွဲနှင့် ဖြစ်နေကြသည့် မိသားစုများသည် ဆိုက်ကားများစီး၍ အိမ်ပြန်ကာမိသားစုညှိနှိုင်း၍ ဖုန်းဆက်ရန် ပြင်ဆင်ကြသည်။

"ကလင်၊ ကလင်၊ ကလင်. ."

ထိုစဉ်မှာပင် အိမ်ရှိတယ်လီဖုန်းက နံနက်စောစောစီးစီးမြည်လာသည်။

"ဟဲလို၊ ဘိုကလေးကပါ"



www.burmeseclassic.com

www.burmeseclassic.com



"..............."

"ဟင်. . . မမစိန်း ဒီသတင်းကို ဘယ်ကကြားတာလဲ၊ သန်းသန်းအခုပဲ မမဆီကိုဖုန်းဆက်ပြောတော့မလို့"

"..............."

"ဒီမနက် မိုးလင်းကာနီးမှ မမစန်းအိပ်မက်မက်လို့ လှမ်းဆက်တာလား၊ ဒေဝီနွယ် ဆိပ်ကမ်းကို ရောက်မလာလို့ သန်းသန်းတို့စုံစမ်းနေပြီ၊ ရေငုပ်ကျွမ်းကျင်တဲ့သူတွေလဲ ငုပ်နေကြပြီ၊ ရဲစခန်းမှာလဲလူပျောက်တိုင်မလို့၊ မီးသတ်တပ်ဖွဲ့ကိုလဲ အကူအညီတောင်းပါ့မယ်၊ ဆိပ်ကမ်းက ဌာနဆိုင်ရာလူကြီးတွေလဲ ဝိုင်းဝန်းကူညီနေကြပါတယ်၊ ကျွန်မတို့တစ်မြို့လုံးနီးပါး စိတ်ဝင်တစားကူညီကြပါတယ် မမစန်း၊ မမစန်းတို့ ဘယ်တော့ လိုက်လာကြမလဲ"

"..........."

"သဘက်ခါမနက်စောစောရောက်မှာလား"

"..................."

"အစ်ကိုကြီးလဲ ပါလာမှာမို့လား၊ သန်းသန်းတို့တော့ ဘာလုပ်ရမယ်ဆိုတာ မသိလောက်အောင် အပူမီးတောက်နေကြပါပြီ"

"..........."

"ဟုတ်ကဲ့မမစန်း၊ ဟုတ်ကဲ့. . ၊ ဒေဝီနွယ်ရဲ့ လက်ဆွဲအဝတ်သေတ္တာထဲမှာ ကြည့်လိုက်ပါဦးမယ်၊ ခဏစောင့်နေနော် မမစန်း"

ဖုန်းပြောနေရာမှ ဒေါ်သန်းသန်းကြည်က ကေသီနွယ်ကိုလှမ်းပြောလိုက်သည်။

"သမီး ကေသီရေ၊ ဒေဝီ့အဝတ်သေတ္တာကိုဖွင့်ပြီးသူ့ သတို့သမီးဝတ်စုံပန်းရောင်လေးပါသလားဆို မြန်မြန်ရှာကြည့်ပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ အန်တီသန်း"

ကေသီနွယ်က ခပ်မြန်မြန်ပင် ဒေဝီနွယ်၏ အဝတ်အစားသေတ္တာကိုဖွင့်၍ ရှာကြည့်လိုက်သည်။

စက္ကူအိတ်အထူဖြင့် အသေအချာထည့်ထားသည့် သတို့သမီးဝတ်စုံအသစ် ပန်းရောင်ကို ထုတ်ယူလိုက်သည်။

ထိုစက္ကူအိတ်ထဲမှ သတို့သမီးဝတ်စုံပန်းရောင်နှင့် ရိုက်ထားသည့် ဒေဝီနွယ်၏ ဓာတ်ပုံ(၃)ပုံထွက်ကျလာသည်။

အဆိုပါဓာတ်ပုံတွင် ဒေဝီနွယ်သည် ကတ္တီပါဖိနပ်အသစ် ပန်းရောင်လေးကိုပါစီးထားသည်။

"တွေ့ပြီလား သမီးကေသီ"

"ဟုတ်ကဲ့ အန်တီသန်း"

"ရန်ကုန်ကိုဖုန်းပြန်ခေါ်ပြီး ဝတ်စုံတွေ့တဲ့အကြောင်း ပြောပြလိုက်ပါဦးသမီးရယ်"

"ဟုတ်ကဲ့ အန်တီသန်း"

ကေသီနွယ် ရန်ကုန်အိမ်သို့ ဖုန်းပြန်ဆက်သည်။ မိခင်ဖြစ်သူနှင့်စကားပြောသည်။

ရှိုက်သံတစ်ဝက်နှင့် ငိုပြောပြောနေသည့် ကေသီနွယ်၏ စကားများကို ကျန်အိမ်သားများက ဘေးမှ နားထောင်နေကြသည်။

"မေမေပြောတာ ဒီမနက် မိုးမလင်းခင်မှာ မေမေအိပ်မက်မက်တယ်လို့ပြောတာလား၊ အိပ်မက်ထဲမှာ မမဒေဝီကို တွေ့ရတယ်ဟုတ်လား မေမေ"

"..............."

"မမဒေဝီက ရေထဲကိုကျပြီး ရေနစ်နေတာပေါ့ဟုတ်လား


www.burmeseclassic.com

www.burmeseclassic.com



မေမေ၊ အမလေး. . . ကယ်ပါဦး မေမေရယ်၊ မမဒေဝီက သမီးတို့ သုံးယောက်ရဲ့ နောက်ဆုံးကမှ သင်္ဘောဆိပ်ကိုတက်တာမေမေ. .၊ မေမေတို့ ဘယ်တော့လာကြမလဲ၊ ဖေဖေလဲလာမှာပေါ့"

". . . . . . . . . . . . . . ."

"မမဒေဝီရဲ့မင်္ဂလာဝတ်စုံပန်းရောင်က ဒီမှာပါလာပါပြီမေမေ၊ ဖိနပ်ပန်းရောင်က ရန်ကုန်အိမ်က မမအခန်းထဲမှာ ကျန်ရစ်ခဲ့ပါတယ်၊ နှင်းဆီပန်းပန်းရောင်ခုနစ်ပွင့်ဆိုတာ သမီးကို မမဒေဝီပြောတုန်းက မင်္ဂလာလက်ကိုင်ပန်းမှာထည့်မယ်လို့ ပြောတာပါ မေမေ၊ နှင်းဆီပန်း ပန်းရောင်က ဘိုကလေးမှာဝယ်လို့ရပါတယ်"

". . . . . . . . . . . . ."

"အော်၊ ဟုတ်ကဲ့ပါမေမေ၊ အဲဒီခါတ်ပုံဆိုတာ မမဒေဝီကို သမီးရိုက်ပေးထားတာပါ၊ ဒီမှာပါလာပါတယ်၊ ဖေဖေနဲ့မေမေ မြန်မြန် လာကြပါနော်၊ သတင်းထူးရင် သမီးတို့ ဖုန်းပြန်ဆက်ပါ့မယ်"

". . . . . . . . . . . . . . . . . ."

"ဟုတ်ကဲ့ရှင့်၊ အန်တီသန်းကို ပြောပြလိုက်ပါမယ်၊ ဦးဦးက သင်္ဘောဆိပ်မှာပါ၊ ရေငုပ်ရှာတဲ့လူတွေလဲ ရှာနေပါတယ်၊ ဟုတ်ကဲ့. .၊ မေမေကျန်းမာအောင်နေပါနော်"

ကေသီနွယ်က တယ်လီဖုန်းခွက်ကို အသာချ၍ ပင့်သက်ရှိုက် လိုက်သည်။

"ဘာသတင်းထူးလဲ ကေသီ၊ မမစန်းက ဒီမနက်စောစောမှာ ဘယ်လိုအိပ်မက်မက်တာလဲ"

"အထူးအဆန်းပါပဲ အန်တီသန်းရယ်၊ ဘိုကလေးဆိပ်ကမ်းကို သမီးတို့သင်္ဘောဆိုက်တော့ မနက် (၄)နာရီရှိပြီ၊ သမီးနာရီကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသေးတယ်၊ မေမေက (၄)နာရီခွဲလောက်မှာ အိပ်မက်မက်တာတဲ့"

"ဘယ်လိုမက်တာလဲကွဲ့၊ အိပ်မက်မက်လို့ ဒေဝီနွယ် ရေထဲ ပြုတ်ကျတာကို မမစန်းသိနှင့်တာလား"

"ဟုတ်ကဲ့၊ အဲဒီလိုပြောရမယ်ထင်တယ်၊ အိပ်မက်ထဲမှာ မမ ဒေဝီရောက်လာပြီး သူခရီးထွက်သွားပြီလို့ ပြောတယ်တဲ့၊ သူခရီးထွက် တာကို ဝမ်းမနည်းကြဖို့နဲ့ သူမှာတဲ့ပစ္စည်းအစုံအလင်ကို သူနဲ့အတူ ထည့်ပေးလိုက်ဖို့ သေသေချာချာမှာတယ်တဲ့"

"ဘာတွေမှားပါလိမ့်ကွယ်"

"မေမေတို့လာရင် အကုန်ပါလာမှာပါ၊ အန်တီသန်းနားလိုက် ပါဦးနော်၊ မနက်ဖြန်မနက်စောစောမှာ ဖေဖေနဲ့မေမေတို့ ရောက်လာ ကြပါလိမ့်မယ်"

တကယ်တော့ ဒေဝီနွယ်ကို ရှာမတွေ့မချင်း မည်သူမျှ စိတ် ရောလူရောမနားကြရပါ။

ရေနစ်သူကို ရှာသူများကလည်း အများအပြားရှိသည်။

ထိုအထဲတွင် ကိုနီမောင်လည်းပါသည်။

လူကိုယ်တိုင် ရေငုပ်၍ရှာကြသလို လှေနှင့်ရှာသူ၊ ပဲ့ထောင် နှင့်ရှာသူ၊ စက်လှေနှင့်ရှာသူများကလည်း မြစ်ထဲ၊ ချောင်းထဲ သာမက ဝင်လယ်ဝက စောင့်နှင့်သူများပင်ရှိသည်။ ကိုနီမောင်တို့အဖွဲ့က ဝင်လယ်ဝမှ စောင့်သူများဖြစ်သည်။

ဘိုကလေးမြို့နယ်တစ်နယ်လုံး စိတ်မကောင်းဖြစ်ကာ ဝိုင်း ဝန်းကူညီကြသည်။

ထိုနှစ်(၁၉၈၅)ခုနှစ်က နွေရာသီမှာပင် သကြန်ကြိုနိုးက စိုစို စွတ်စွတ်ရွာလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒေဝီနွယ်ကို ပြန်တွေ့သည်မှာ သူမရေထဲကျသည့်နေ့မှ ခုနစ်ရက်မြောက်နေ့တွင် ပင်လယ်ဝသို့ထွက်သည့် မြစ်ဝတွင် အသင့်စောင့်နေသည့် လှေမှာ လာငြိနေသည်။

ဒေဝီနွယ်၏ ခန္ဓာကိုယ်ထဲကို ရေမဝင်သောကြောင့်ဖြစ်မည်။ ခန္ဓာကိုယ်သည် ရုပ်ပျက်ဆင်းပျက်ဖောင်းကား၍မနေပေ။

ဖုန်းသတင်းရသည်နှင့် ဒေဝီနွယ်၏ မိသားစုများ၊ ဆွေမျိုးများ၊ ရပ်ရွာလူထုများသည် ပြည်သူ့ဆေးရုံကြီး ရင်ခွဲရုံရှေ့တွင် စုဝေးစောင့်နေကြသည်။

ပြီးလျှင်. . ဆေးရုံမှတဆင့် သုသာန်သို့ ခေါင်းဖြင့်သယ်ယူသည်။

ပို့ဆောင်သူက မြို့လူထုအားလုံးနီးပါးဟုပင်ဆိုနိုင်သည်။ ဒေါ်သန်းသန်းကြည်နှင့် အိမ်ချင်းကပ်ရပ်ဖြစ်သည့် ကိုနီမောင်က နာရေးကိစ္စကို အစအဆုံးကူညီဖြစ်သည်။

"သမီးကြီးရေ့. . သမီးကြီးမှာတဲ့ပစ္စည်းတွေစုံအောင် မေမေထည့်ပေးလိုက်ပါတယ်ကွယ်၊ မင်္ဂလာဝတ်စုံပန်းရောင်၊ ပဝါပန်းရောင် ဖိနပ်ပန်းရောင် အကုန်ပါတယ်သမီးရယ်၊ ဒါကတော့ သမီးကြီးမှာတဲ့ နှင်းဆီပွင့်ပန်းရောင် ခုနစ်ပွင့်ပါတဲ့ လက်ကိုင်ပန်းနော်၊ သမီးရယ် မေမေရင်တွေကွဲကုန်ပါပြီ"

ဒေဝီနွယ့်မေမေသည် ဒေဝီနွယ်လဲလျောင်းနေသည့် ခေါင်းထဲသို့ တစ်ခုစီထည့်ပေးသည်။

လှပမွှေးကြိုင်သည့် နှင်းဆီပန်း ပန်းရောင်စည်းကို ဒေဝီနွယ့် ရင်ပတ်ပေါ်တွင် အသာအယာတင်ထားပေးလိုက်သည်။

"အမေကြီး ဘုန်းကြီးတွေ ပရိတ်ရွတ်တော့မယ်၊ သရဏဂုံ


www.burmeseclassic.com

www.burmeseclassic.com


တင်နေချိန်မှာ အမေကြီးစိတ်ထိန်းထားနော်”

ဒေဝီနွယ့်ဖေဖေက ငိုသံပါနှင့်သတိပေးစကားဆိုသည်။

သံဃာတော်များ သရဏဂုံတင်ပြီးချိန်တွင် လူများက ဒေဝီနွယ်အနီးသို့ တိုးဝှေ့ကြည့်ကြသည်။

ကေသီနွယ်က လှမျိုးကြွယ်နှင့် သိင်္ဂီတို့နှင့်အတူ ဒေဝီနွယ်၏ခေါင်းဘေးတွင် တရှုံ့ရှုံ့ငိုနေကြသည်။

“သမီးကြီး ဒေဝီရေ. .၊ သမီးမှာခဲ့သလို သမီးကိုရည်စူးပြီး ဘုရားထီးတော်လှူပေးမယ်၊ သမီးပြောတဲ့ဘုရားစေတီကို အန်တီသန်းနဲ့သွားလှူပေးမယ်၊ နေ့တိုင်း၊ လတိုင်း၊ နှစ်တိုင်း အမြဲမပြတ်ပြုမဲ့ မေမေတို့ရဲ့ ကုသိုလ်အဖို့ကို သမီးကြီး သာဓုခေါ်ပါနော်. . . .”

ပြောရင်းယိုင်လဲသွားသည့် ဒေါ်စန်းစန်းရည်ကို ညီမဖြစ်သူ ဒေါ်သန်းသန်းကြည်က လှမ်း၍ တွဲထားလိုက်သည်။

“မမ သတိထားနော်၊ သမီးကြီး ဒေဝီကို သင်္ဂြိုဟ်တော့မယ်၊ ခေါင်းပိတ်လိုက်ပြီ၊ မမ သတိထားနော်”

ဒေါ်သန်းသန်းကြည် ဒေါ်စန်းစန်းရည်ကို တစ်ဖက်ကတွဲရင်းပြောနေသည်။

ကေသီနွယ်က မိခင်ဖြစ်သူ၏ လက်တစ်ဖက်ကိုဖက်တွဲရင်း ဖေးကူပေးလိုက်သည်။

“သွားရက်လိုက်တာ သမီးကြီးရယ်၊ မေမေတို့ကို ဘာလို့ ထားခဲ့ရက်တာလဲ”

ဒေါ်စန်းစန်းရည်က ဖြေမဆည်နိုင်၊ ငိုမဆုံးနိုင်၊ ပြောမဆုံးနိုင်ဖြစ်နေသည်ကိုမြင်တွေ့ကြရသည့် နာရေးပို့သော မြို့လူထုက သနားကြသည်။ စာနာကြသည်။

ပန်းနုရောင်ဝိညာဉ်ခရီးသည်

www.burmeseclassic.com

www.burmeseclassic.com



"မိခင်တစ်ယောက်အနေနဲ့ အပူမီးတောက်ပေမပေ့ါ၊ ဘယ်ဖြေနိုင်ပါ့မလဲ"

နားလည်မှုရှိစွာ ရိုင်းပင်းကူညီကြသည်။

ရက်လည်ဆွမ်းကို ဘိုကလေးမြို့ရှိ ဒေါ်သန်းသန်းကြည်တို့အိမ်မှာပင် ပြုလုပ်သည်။

ဒေဝီနွယ်၏ ဖခင် ဦးတင်နွယ်နှင့် မိခင် ဒေါ်စန်းစန်းရည်တို့က ရေစက်ချ၍အမျှပေးဝေကြသည်။

"သမီးကြီး ဒေဝီနွယ်ရေ ရောက်ရာဘုံဘဝက သာဓုခေါ်ပါ . . . အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါ"

"သာဓု . . . သာဓု . . . သာဓု"

ရက်လည်ဆွမ်းသွတ်သည့် အရုဏ်တက်ချိန်က အမျှဝေနေသည့် ဒေဝီနွယ်၏မိဘနှစ်ပါးကြားတွင် လှပသည့် ရောင်စုံလိပ်ပြာကြီးတစ်ကောင် ပျံဝဲနေသည်ကို တရားနာနေသည့် ပရိတ်သတ်များက မြင်တွေ့နေရသည်။

"ရေမွှေးနှင်းဆီနံ့ မွှေးလိုက်တာနော်"

ကေသီနွယ်ကိုဘေးမှကပ်ထိုင်နေသည့် လှမျိုးကြွယ်က ခပ်တိုးတိုးပြောလိုက်သည်။

"ဟုတ်ပါရဲ့နော်၊ မွှေးလိုက်တာ၊ ဘုရားစင်ပေါ်က ပန်းထိုးထဲက နှင်းဆီပန်းရနံ့လား၊ ဒါမှမဟုတ် . . ."

သီဂီက စကားကို အပြီးထိဆက်မပြောပေ။

"မမဒေဝီရေ . . . အမျှ . . . အမျှ . . . အမျှ"

ကေသီနွယ်တို့ ညီအစ်မသုံးယောက်က ခပ်တိုးတိုးအမျှဝေလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးများဆွမ်းဘုဉ်းပေးပြီး၍ ပြန်ကြွသွားသည်အထိ အခန်းထဲတွင် နှင်းဆီပန်းရနံ့က သင်းပျံ့နေဆဲ။

ထို့အတူ ဒေဝီနွယ်ကို လွမ်းဆွတ်တသသည့်စိတ်များက သူမ၏မိသားစုနှင့်ဆွေမျိုးများ၏ ရင်ထဲတွင် ငြိတွယ်နေဆဲပင်။

ပန်းနုရောင်ဝိညာဉ်ခရီးသည်မှာမူ . . . . . . .။ ။



www.burmeseclassic.com

www.burmeseclassic.com

# Mother



www.burmeseclassic.com

www.burmeseclassic.com





လူတိုင်းတွင် မိခင်တစ်ယောက်ကတော့ရှိကြစမြဲပင်။

"မြင်းမိုရ်တောင်ဦး မကကျူးသား ကျေးဇူးကြီးပေ တို့မေမေ" ဟု ကျွန်တော့်တို့တင်စားခဲ့ကြသည်။

ကျွန်တော်ကျောင်းနေစဉ်ကသူငယ်ချင်းတစ်ယောက်မှ တဗျာတစ်ပုဒ်ဆိုပြသည်ကိုနားထောင်ခဲ့ဖူးလေသည်။

ခေါင်းစဉ်ကကျွန်တော်သိပ်မမှတ်မိတော့ပေ၊ "မြတ်မိခင်" ဖြစ်မည်ထင်သည်. . .

ပင်လယ်သို့ဝေ
ပူမျိုးထွေ၍
ပြန်လေကျောင်းမှ
အိမ်ရောက်ကာလျှင်
ဒုက္ခဗလာ
မရှိပါတော့

အမေ

www.burmeseclassic.com

www.burmeseclassic.com





မာတာနှုတ်ချို

တစ်ခွန်းဆိုက

ထိုထိုပင်လယ်

ခလျာသည့်တည်း။

သူ ဆိုပြခဲ့သည့် ကဗျာကို ကျွန်တော်ယခုအချိန်ထိ မှတ်မိနေခြင်းမှာ ကျွန်တော့်တဝနှင့် လုံးဝဆန့်ကျင်နေသောကြောင့်ဖြစ်သည်။

အဖေသည် ကျွန်တော်လူမှန်းမသိသေးသော အရွယ်ကတည်းက ကွယ်လွန်ခဲ့သည်ဟု အမေ ပြောခဲ့ဖူးသည်။

အမေ့လက်ပေါ်တွင် ကြီးပြင်းလာသောကျွန်တော်သည် အဘယ်ကြောင့် အမေ့ကို အမုန်းဆုံး ဖြစ်နေရပါသနည်း။

ကျွန်တော်၏ မသိမှု(အဝိဇ္ဇာ)အမှောင်ဖုံးမှုသည် ကာလရှည်ကြာခဲ့လေသည်။

အမေ့အပေါ်တွင် မေတ္တာမဲ့ခြင်း ကရုဏာမဲ့ခြင်းအပြင်. .



www.burmeseclassic.com

www.burmeseclassic.com



သနားညာတာရကောင်းမှန်းလည်း မသိခဲ့ပေ။

ကျွန်တော် သုံးနှစ်သားအရွယ်ကဖြစ်သည်။

မှတ်မှတ်ရရ . .

ထိုနေ့က အမေ့ရင်ခွင်ထဲဝင်ကာ ပုံပြင်စာအုပ်တစ်အုပ် ခပေး၍ ဖတ်ပြပေးရန် ပူဆာမိသည်။

"အမေ သားကို ဒီပုံပြင်စာအုပ်ထဲကယုန်နဲ့လိပ်အကြောင်း ဖတ်ပြပါ"

"အဲဒီပုံပြင်ကို အမေအလွတ်ပြောတတ်ပါတယ်သားရဲ့ . . ပုံပြင်စာအုပ်ကို အမေကြည့်ဖို့ မလိုပါဘူး"

"လိုတယ်အမေ ပုံပြင်စာအုပ်ကိုကြည့်ပြီး ပြောပြနော်"

"ဒါဆို အမေသိပ်မမြင်ရလို့ . အလင်းရောင်ရတဲ့ ပြတင်းပေါက်နားကို ရွှေ့ကြရအောင် လာ . သား"

"ဟင့်အင်း မရွှေ့ဘူးဒီနေရာမှာပဲဖတ်ပြ"

ကျွန်တော်က ပေတိပေတက်လုပ်ကာ ထိုင်ရာက မရွှေ့ပြီ

"အမေ့ကို သားမော့ကြည့်ပါဦးကွယ်"

အမေ၏ တိုးညင်းလှသောအသံတိုးတိုးလေးကို ကျွန်တော် ကြားလိုက်ရသည်၊

အမေ့မျက်နှာကို ကျွန်တော်မော့ကြည့်မိသည်။

"ဟင် အမေ့မျက်လုံးတစ်ဖက်က ချိုင့်ဝင်နေပါလား မေးသား လောင်းပေါက်ကြီး ဘာဖြစ်တာလဲ မေမေ"

အမေ့မျက်နှာမှာ တစ်ချက်မှ အပြုံးမပျက်ခဲ့ပါ။

ပြုံးပြုံးရွှင်ရွှင်နဲ့ပဲအမေက ကျွန်တော့်ကို . . .

"အမေ့မျက်လုံးတစ်ဖက်က မမြင်ရဘူး သားရဲ့ . . မျက်ခုံ



www.burmeseclassic.com

www.burmeseclassic.com



တွယ်နေတယ်လို့ ခေါ်တယ်”

“မျက်လုံးတစ်ဖက်ထဲနဲ့ စာကြည့်ရတာ သိပ်အဆင်မပြေလှဘူး၊ အလင်းရောင်ကောင်းကောင်းနဲ့မှ စာကိုမြင်ရတယ် သား”

“အော် အမေက မျက်စေ့တစ်ဖက်မမြင်ရဘူးပေါ့နော်”

ကျွန်တော့်အတွက် အသိသစ်၊ စကားလုံးအသစ်တို့ တိုးလာခဲ့ခြင်းဖြစ်သည်။

အမေ့စကားကိုကြားရပြီး၊ မျက်လုံးတစ်ဖက်ချို့ငဲ့နေသော အမေ့ကို ထိုအချိန်မှစ၍ ကျွန်တော့်ရင်ထဲသို့ စူးတစ်ချောင်းဝင်သွားသည့်နှယ် စိတ်ကသိကအောင့် ဖြစ်ခဲ့ရတော့သည်။

ထိုနေ့က ကျွန်တော်သည် အမေနှင့်အတူ အလင်းရောင်ကောင်းသည့် ပြတင်းပေါက်သို့ မရွှေ့ဖြစ်ခဲ့၊

အမေပြောပြနေသောပုံပြင်ကိုလည်း ဆက်နားမထောင်တော့ဘဲ အမေ့နားမှထထွက်လာခဲ့သည်။

အမှန်အတိုင်း ပြောရပါမူ ကျွန်တော်စိတ်ထဲတွင် ကြောက်သလိုလို၊ ရွံသလိုလို တုန်တုန်လှုပ်လှုပ် ဖြစ်ရလွန်း၍ နောက်ပိုင်းတွင် အမေနှင့်မျက်နှာချင်းဆိုင်မိလျှင်တောင် အမေ့မျက်နှာကို အသေအချာပင် မကြည့်ဖြစ်တော့ပါ။

“သားလေး၊ မူကြိုကျောင်းသားလေးဖြစ်ပြီဆိုတော့ ကျောင်းမှာ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ကြီးကစားခဲ့နော်”

ကျွန်တော် မူကြိုစ တက်သည့်နေ့မှစ၍ တစ်နှစ်လုံး ပျော်ရွှင်ခဲ့ပါသည်။

အမေနှင့်တစ်နေကုန်နီးပါး ခွဲနေရ၍ဖြစ်သည်။ တစ်နေ့ကုန်ရင်မဆိုင်ရ၍ အမေ၏ချို့ယွင်းချက်ဖြစ်နေသော အမေ့မျက်လုံးကို



www.burmeseclassic.com

www.burmeseclassic.com


လည်းကျွန်တော် အာရုံမစိုက်ဖြစ်တော့ပေ။

အမေသည် ဟင်းချက်အလွန်ကောင်းသူဖြစ်ပြီး ဘယ်ဟင်းချက်ချက် စားကောင်းသည်ကိုတော့ ကျွန်တော်မမေ့ပါ။

အမေသည် လမ်းဘေးတွင်ခေါက်ဆွဲသုပ်၊ ကြာဇံသုပ်များ ရောင်း၍ ကျွန်တော့်ကို ကျောင်းထားပေးခဲ့သည်။

ကျွန်တော် တက်သောကျောင်းမှာ အမေ့အသုပ်ဆိုင်နှင့် နီးသောကျောင်းတွင် ဖြစ်သည်။

ကျောင်းမှဆရာမများသည် အမေ့ဆိုင်မှ မှာစားကြသည်ကို ကျွန်တော်မြင်တွေ့နေရသည်။

ဆရာမများကိုတော့ 'အဲဒါကျွန်တော့်အမေ'ဟု တစ်ခါမျှ ဖွင့်မပြောခဲ့ပေ။

အမေ၏မျက်လုံးတစ်ဖက် မမြင်ရခြင်းမှာ ကျွန်တော့အတွက် ရှက်စရာ အလွန်ပင်ကောင်းနေလေတော့သည်။

ကျောင်းအပ်စဉ်က အမေလိုက်အပ်ပေးသောကြောင့် အမေ့တို့ ဆူပူအော်ဟစ်မိသေးသည်။

အမေ့ကြောင့် ကျွန်တော်မှာ အရှက်ရစေသည်ဟုပင် စိတ်ထဲတွင်ဒေါသထွက်ကာ 'အမေ'လို့ပင် မခေါ်ချင်တော့လောက်အောင်ကို အရမ်းမုန်းမိသည်။

တစ်နေ့သောနေ့လယ်ဘက် မုန့်စားကျောင်းဆင်းချိန်တွင် အမေထည့်ပေးလိုက်သော ထမင်းဘူးကိုဖွင့်ပြီး မြိန်ရှက်စွာစားနေခိုက် အမေသည်. . ကျွန်တော်၏အတန်းအပေါက်ဝတွင် မတ်တပ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

ကျွန်တော်ခေါင်းပုနေလိုက်သဖြင့် ချက်ချင်းမတွေ့သေးဘဲ

အမေ

www.burmeseclassic.com

www.burmeseclassic.com


အတန်းထဲသို့ အတန်ကြာ လှည့်ပတ်ကြည့်ပြီးမှ ချောင်ထဲတွင် ခေါင်းပု၍ ထမင်းစားနေသော ကျွန်တော့်ကို တွေ့သွားလေသည်။

"သားလေး ကျောင်းက ဆရာမ ကြာဖံကြော်မှာလို့ အမေလာပို့တာ၊ သားထမင်းစားလို့ ကောင်းရဲ့လား"

ကျွန်တော် အမေ့ကိုမော့လည်းမကြည့် ဘာစကားတခွန်းမှ ပြန်မဖြေခဲ့ပါ။

ရှက်လွန်းသဖြင့် ကျွန်တော့်ရင်ထဲတွင် ဗလောင်ဆူလို့နေသည်။

မျက်လုံးတစ်ဖက်မရှိသော မိန်းမကြီးသည် ကျွန်တော့်အမေမှန်း သိသွားမည်ဆိုးသဖြင့် အတန်းထဲသို့ဝေ့ဝဲကြည့်မိသည်။

ကျွန်တော့အား တစ်တန်းလုံးမှ ဝိုင်းကြည့်နေပေပြီ၊ ကျွန်တော့်အား 'သား'ဟုခေါ်ခြင်းကို အားလုံးကြားသွားဟန်တူသည်။

ထိုအခြေအနေကိုမရိပ်မိသောအမေက'သား ထမင်းစားလို့ကောင်းရဲ့လား'ဟု ထပ်မေးသဖြင့် 'မသိဖူးဗျာ၊ သွားပါဗျာ' ဟု တစ်ချိန်လုံးတိတ်ဆိတ်နေခဲ့သော ကျွန်တော့်ပါးစပ်မှ ရိုင်းပျစွာပြောရင်း အတန်းထဲမှ ပြေးထွက်လာလိုက်မိသည်။

အမေသည် ကျွန်တော်၏လုပ်ရပ်ကိုကြည့်ကာ တစ်ဖက်ထဲမြင်ရသော မျက်လုံးတစ်ဖက်ထဲမှ မျက်ရည်ပူများ ပါးပြင်ပေါ်သို့ စီးကျလာလေတော့သည်။

မုန့်စားကျောင်းဆင်းပြီး ကျောင်းလည်းပြန်တက်ပြီ အမေလည်းပြန်သွားလေပြီ။

"ဟော့. . . ခုနက လာသွားတာမင်းအမေလား"

"မင်းအမေမှာ မျက်လုံးတစ်လုံးပဲရှိတယ်နော်၊ ငါတို့တွေ တ


www.burmeseclassic.com

www.burmeseclassic.com


ကယ်စိတ်မကောင်းပါဘူးကွာ”

ကျွန်တော့် ထိုင်ခုံဘေးမှ သူငယ်ချင်းများက လှမ်းပြောလိုက်ခြင်းဖြစ်သည်။

ကျွန်တော် မကြားသလိုလုပ်ကာ လွယ်အိပ်ထဲမှစာအုပ်ကို ထုပ်လိုက်လေတော့သည်။

ထိုအချိန်တွင် အတန်းထဲရှိ မျက်လုံးပေါင်းသောင်းခြောက်ထောင်သည် ကျွန်တော့်ဆီသို့ရောက်နေမည်ကို မကြည့်ဘဲသိနေမိသည်။

လက်တွေ့အခြေအနေတွင် အမေနှင့်ဝေးကွာအောင် မည်သို့မျှ လုပ်၍ မရသေးပေ။

‘ငါ့မှာဒီလိုအမေမျိုး မရှိရင်ကောင်းမှာပဲ၊ ငါ့အမေ လူလောက,က ပျောက်ကွယ်သွားရင်လည်း ကောင်းမှာပဲ’ ဟု မသိစိတ်ဖြင့် ကျွန်တော်တွေးနေမိသည်။

ညနေ ကျောင်းဆင်းချိန်တွင် ထိုထိုသောအတွေးတို့ဖြင့် ကျွန်တော် အိမ်ပြန်လာခဲ့သည်။

သရက်ပင်ကြီးမိုးထားသော ပေ၂၀ပတ်လည် တဲအိမ်ကလေးက ကျွန်တော်ပြန်အလာကို လှော်ပြောင်နေသလို ခံစားနေရသည်။ တဲအပေါက်ဝတွင် ကျွန်တော် ပြန်အလာကို ထိုင်စောင့်နေသော ကျွန်တော် အမုန်းဆုံးဆိုသော ကျွန်တော်၏အမေကို တွေ့ရပြန်လေသည်။

ကျွန်တော်လွယ်အိတ်ကိုပစ်ချရင်း ဒေါသတကြီးဖြင့်. . .

“အမေက ကျောင်းအထိလိုက်ပြီး သားကို အရှက်ခွဲလိုက်ခဲ့နေတာလား”


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အော်ဟစ်ပြောဆိုနေသော်လည်း အမေကတော့ ဘာစကားမှ ပြန်မပြောပေ။ ခဏာနေမှ အမေဝမ်းနည်းစွာငိုရင်း. .

"သားရယ် အမေ့ကိုပြောရက်လိုက်တာ သားလေးရယ်"

ကျွန်တော် အမေ့ကို တစ်ချက်မျှလှည့်မကြည့်ဘဲ တဲအပြင်သို့ ပြန်ထွက်လာမိသည်။

အမေ့ခံစားချက်ကို ကျွန်တော် မတွေးခဲ့၊ မသိခဲ့။

သိလည်းမသိချင်ခဲ့ပေ။

ကျွန်တော်ငယ်သေး၍. . ပညာမစုံသေး၍. . အတောင်ပံမပေါက်သေး၍ မတတ်သာ၍သာ ဤအိမ်တွင် ဤအမေနှင့် သည်းခံပြီး နေ,နေရခြင်းဖြစ်သည်။

ကျွန်တော် အရွယ်ရောက်ချိန်တွင် ကျွန်တော့်ရည်မှန်းချက်များ ပြည့်ဝလာခဲ့သည်။

ရန်ကုန်သို့ကျောင်းသွားတက်ရသဖြင့် ဇာတိရပ်ရွာနှင့် အမေ့ကို တစ်ယောက်တည်း ပစ်ထားခဲ့လေသည်။

ဤသို့ ထားခဲ့နိုင်ခြင်း၊ စွန့်ခွာနိုင်ခြင်းကိုပင် ကျွန်တော် ဝမ်းသာမဆုံးဖြစ်ခဲ့သည်။

အမေ၏ မပြည့်စုံသော၊ ကိုယ်အင်္ဂါချို့တဲ့သော အရိပ်မဲကြီးအောက်မှ ကျွန်တော် ရာသက်ပန်လွတ်မြောက်ခဲ့လေပြီ။

ကျွန်တော်ရန်ကုန်တွင် လွတ်လပ်ပေါ့ပါးစွာ ပညာဆက်သင်ခဲ့သည်။

ဤသို့ဖြင့် နှစ်တွေလတွေ ကုန်ဆုံးလာချိန်တွင် အလုပ်အကိုင်ကောင်းကောင်းနှင့် ဝင်ငွေကောင်းကောင်းလည်း ကျွန်တော်ရလို့နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လိုချင်သည့်ဘ၀တစ်ခုကိုမျှော်မှန်းသည့်အတိုင်း ရယူနိုင်ခဲ့ပေပြီ။

ဤသို့ဖြတ်သန်းလာသောကာလများအတွင်း အမေ့ကိုတော့ တစ်ခါတစ်ရံ သတိရမိသည်။

သတိရမိခြင်းမှာ လွမ်းဆွတ်တသသ ဖြစ်မိခြင်းမဟုတ်ပေ။

ကျွန်တော်တစ်ကိုယ်တည်း စိတ်အနှောက်အယှက်ကင်းကင်း နေထိုင်ရသောအရသာနှင့် ငယ်စဉ်က အမေ၏ လောင်းရိပ်အောက်မှအရိပ်ဆိုးမိခဲ့သည့် စိတ်ဝေဒနာနှင့် နှိုင်းယှဉ်ခံစားမိသောကြောင့်သာ ဖြစ်သည်။

ကျွန်တော် အမေ့ထံ သို့အဆက်အသွယ်မလုပ်၊ စာပင်မရေး ခဲ့ပေ။

အသက်အရွယ်ရလာပြီဖြစ်သောအမေလည်း ဘယ်လို နေထိုင်စားသောက်နေရသည်ကိုပင် မသိတတ်ခဲ့ပေ။

ဤသို့ ပြည့်စုံနေပြီဖြစ်သော ဘ၀အခြေအနေတွင် ကိုယ်ပိုင် အိမ်ကလေးဝယ်နိုင်လာသောကျွန်တော်သည် အိမ်ထောင်ပြုခဲ့သည်။

ကျွန်တော့် မိသားစုတွင် သားနှင့်သမီးရလာသည်အထိ အမေ့ကို လုံးဝသတိမရတော့ပေ။

အမေနှင့် မတွေ့တော့သည်မှာ ဆက်စုနှစ်တစ်ခုသို့ ကြာခဲ့ လေပြီ။

ကျွန်တော့်တွင်အမေမရှိတော့ပြီဟု မိန်းမနှင့်သားသမီးကိုပါ ပြောပြထားပေသည်။

တစ်နေ့မနက်စောစောအချိန်. . .

ဧည့်ခန်းတွင် ကျွန်တော်နှင့် သား၊ သမီးများထိုင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိန်းမကတော့က မီးဖိုချောင်တွင် ဟင်းချက်နေချိန်ဖြစ်သည်။

ထိုစဉ်. . . .

အိမ်ရှေ့မှန်တံခါးဝမှာ အရိပ်တစ်ခုတွေ့လိုက်ရသဖြင့် ကျွန်တော်နှင့်သားသမီးများ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။

အရုပ်ဆိုးအကျည်းတန်သည့် အဘွားကြီးတစ်ယောက်. . .

အထူးသဖြင့် ထိုအဘွားကြီးတွင် မျက်လုံးတစ်ဖက် ချိုင့်ဝင်နေပေသည်။

ထိုအဘွားကြီးကိုမြင်လိုက်ရသော ကျွန်တော်၏ သားနှင့်သမီးသည် ကျွန်တော့်နောက်တွင် ဝင်ပုန်းလိုက်ကြသည်။

ကျွန်တော့် လိပ်စာအသိမပေးထားဘဲ. . ကျွန်တော် မဖိတ်ခေါ်ပါဘဲ ကျွန်တော့်အိမ်ကို ဆိုင်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသော

"အမေပါလား"

ဟု ကျွန်တော် မြင်စခဏတွင် ရုတ်တရက်အံ့ဩသွားသော်လည်း သားနှင့်သမီးတို့ အမေ့ကို မြင်တွေ့သွားပြီဆိုသည့် အသိဖြင့် ရင်ထဲတွင် ဒေါသစိတ်များ ဆူဝေလာသည်။

ချက်ချင်း ကျွန်တော် အိမ်ပြင်ထွက်လိုက်ပြီး. . .

"ခင်ဗျားကို ကျွန်တော် အလာမခံဘဲနဲ့ ကျွန်တော့်အိမ်ကို ဘာလို့ရောက်လာတာလဲ၊ ခင်ဗျားကတစ္ဆေမို့လို့ ကျွန်တော်ရဲ့ ကလေးတွေကို လာခြောက်တာလား၊ အခု ဒီကနေ မြန်မြန်ပြန်သွားပါဗျာ"

ကျွန်တော်၏အသံမှာ ဒေါသသံစွက်၍ အနည်းငယ်ကျယ်သွားသည်။

အမေက ကျွန်တော့်ကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com


အားမရှိတော့သော အသံကလေးဖြင့်စကားဆိုသည်။

"အမေ တောင်းပန်ပါတယ်ကွယ်၊ သားကိုတွေ့ချင်လွန်းလို့ပါ၊ အမေနောက် သားဆီကို ဘယ်တော့မှ မလာတော့ပါဘူးကွယ်"

ဟုပြောကာ အိမ်တံခါးဝမှ ကျောခိုင်းထွက်သွားလေသည်။

ထိုအခါမှ အမေ့နောက်ကျောကို ကျွန်တော်တစ်ချက်လှမ်းကြည့်မိသည်။

"အမေက အဖြူရောင်ထဘီ ဝမ်းဆက်ကလေး ဝတ်ထားလို့ပါလား"

ကျွန်တော် စိတ်ထဲကသာ တွေးလိုက်မိသည်။

"သားတို့ သမီးတို့၊ အဲဒီအဘွားကြီးက တစ္ဆေမကြီးဖြစ်မယ်၊ အိမ်မှားပြီးရောက်လာတာ၊ လာ. . သားတို့ မေမေထမင်းစားဖို့ စောင့်နေတယ် သွားကြရအောင်"

ကျွန်တော် စကားလမ်းကြောင်းလွှဲကာ သားနှင့်သမီးကို ထမင်းစားခန်းသို့ လက်ဆွဲခေါ်သွားလိုက်သည်။

အမေပြန်သွားသော်လည်း ကျွန်တော့်ဆီသို့ နောက်ထပ် လာဦးမည်ကို စိုးရိမ်နေမိသည်။

"အင်း. . . ငါတို့တံခါးဖွင့်ပေးမှ အမေ အိမ်ထဲ ဝင်လို့ ရမှာပါ၊ ဒီအဘွားကြီးလာရင် တံခါးဖွင့်မပေးဖို့ အိမ်သားတွေကို မှာထားဦးမှ"

ဟု ကျွန်တော့် စိတ်ထဲမှ မွေးသမိခင်ကျေးဇူးရှင်ကို ထပ်ပြီးဆော်ကားနေပြန်သည်။

နေ့စဉ် အလုပ်တာဝန်ကိုယ်စီနှင့်လည်ပတ်နေပြန်သောအခါ အချိန်သည် ကုန်လို့ကုန်နေမှန်းပင် မသိတော့ပေ။

ကျွန်တော်လည်း မိသားစု သံသရာနှင့် နေ့စဉ်ရုန်းကန်နေရသော


www.burmeseclassic.com

www.burmeseclassic.com


အလုပ်သံသရာတွင် တစ်ဝဲလည်လျက် မနားရမအားရတော့ပေ။

တစ်နေ့တော့ ကျွန်တော့်ဇာတိမြို့ရွာရှိ ကျွန်တော်နေခဲ့သော ကျောင်းမှ ကျောင်းသားဟောင်းများနှင့် ဆရာ၊ ဆရာမများ ပြန်လည်တွေ့ဆုံပွဲတစ်ခုအတွက် ဖိတ်စာတစ်စောင် ကျွန်တော်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာတော့သည်။

ကျွန်တော် နေထိုင်ခဲ့သည့်မြို့ရွာကလေး။

ထိုမြို့ရွာကလေးတွင် ကျွန်တော် တက်ခဲ့သောကျောင်း။ ထိုကျောင်းကို ပြန်ရမည်ဖြစ်၍ ကျွန်တော် အရမ်းသွားချင်သောစိတ်တို့ တဖွားဖွားပေါ်ပေါက်လို့လာလေသည်။

သို့သော်. . . . . . .

ထိုမြို့ရွာကလေးတွင် အမေရှိသည်။

မတွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော အမေ့ထံသို့လည်း ကျွန်တော်ဝင်ရပေဦးတော့မည်။

အမေ့ကို လွမ်း၍တော့မဟုတ်. . . သူ့အခြေအနေကို ပြတ်ပြတ်သားသား ပြောထားရန်ဖြစ်လေသည်။

ကျွန်တော့်မိန်းမနှင့်သားသမီးတို့အား ထိုမြို့ရွာကလေးသို့ ခေါ်သွား၍မဖြစ်ပေ။

ကျွန်တော့်အမေနှင့်ပေးမတွေ့စေလို၍ဖြစ်သည်။

သို့ဖြစ်၍. . . ကျွန်တော် ထိုမြို့သို့သွားမည်ကို မိန်းမအား အမှန်အတိုင်းပြောပြ၍ မဖြစ်နိုင်ပေ။

အလုပ်အတွက် ခရီးထွက်စရာရှိသည်ဟု လိမ်ပြောကာ တစ်ယောက်တည်း ခရီးထွက်လာခဲ့မိသည်။

ကျွန်တော်နေခဲ့သော ကျောင်း၌ကျင်းပသည့် ပြန်လည်တွေ့



www.burmeseclassic.com

www.burmeseclassic.com


ဆုံပွဲအပြီးတွင် ကျွန်တော်မဝင်ချင်သော်လည်း ဝင်ရမည့် အမေ့အိမ်ရှိရာသို့ ရောက်သွားတော့သည်။

အမေ့အိမ် တဲကလေးကို အုပ်ဆိုင်းနေသော သရက်ပင်ကြီးမှာ အတော်ကိုကြီးနေပေပြီ။

ခြံဝန်းထဲမှာတော့ အမေ့ကိုမတွေ့ရ။

သူ အသံပေးကြည့် သော်လည်း အိမ်ထဲမှ ဘာမှ တုန့်ပြန်သံမကြားရ။

ခဏကြာမှ ဘေးအိမ်မှ အိမ်နီးချင်းများရောက်လာပြီး အမေဆုံးသွားခဲ့သည်မှာ ငါးလကျော်ပြီဖြစ်ကြောင်း ဝမ်းနည်းစွာဖြင့် ပြောပြကြလေသည်။

ကျွန်တော်ကတော့ ဝမ်းနည်းကြေကွဲခြင်းမရှိခဲ့သလို မျက်ရည်ပင်မဝဲခဲ့ပေ။

"အခုမှ စိတ်အေးရတော့တယ်၊ အမေကျွန်တော့ဆီကို ဘယ်တော့မှ လာစရာမလိုတော့ဘူးပေါ့"

ဟု ကျွန်တော့် စိတ်ထဲက ဤသို့တွေးမိပြီး စိတ်အေးလက်အေး ဖြစ်သွားမိသည်။

"ဒီစာက ခင်ဗျားအမေ မဆုံးခင်လေးက ရေးပေးထားတဲ့စာပေါ့၊ ဒီမြို့ကကျောင်းမှာ တစ်ချိန်ချိန် ပြန်လည်တွေ့ဆုံပွဲလုပ်မယ်ဆိုရင် ခင်ဗျားလာလိမ့်မယ်. . . အဲ့ဒီအခါကျရင် ဒီစာကို ခင်ဗျားကိုဆက်ဆက်ပေး,ပေးဖို့ မှာသွားခဲ့တာပါပဲ"

"အခုလိုကူညီပေးတာ ကျေးဇူးပါပဲဗျာ"

ကျွန်တော်က ဝတ်ကျေတမ်းကျေ ပြောပြီး သေချာပိတ်ထားသော စာအိတ်ကို ဖွင့်ဖောက်ပြီး ဖတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





အမေ့အချစ်ဆုံးသားလေးရေ. . .

မင်းဒီအိမ်က ထွက်သွားတဲ့နေ့က စပြီးအမေလေ မင်းအကြောင်းပဲ အမြဲတမ်းတွေးနေခဲ့မိတယ်ကွယ်။

အမေရဲ့သားကို အမေအောက်မေ့သတိရလွန်းလို့ သားရဲ့အိမ်ကို ဟိုးတလောက လာခဲ့မိတဲ့အတွက် အမေတောင်းပန်ပါတယ်ကွယ်။

သားရဲ့ရင်သွေးလေးတွေ အမေ့ရဲ့မြေးလေးတွေကို ခြောက်လှန့်လိုက်သလိုများဖြစ်ခဲ့လေသလားကွယ်။ အမေ့ရဲ့ တစ်ဦးတည်းသောသားကို ချစ်လွန်းတဲ့အမေ့မေတ္တာကိုတော့ သားနားလည်ပေးပါ။

သားတက်ခဲ့တဲ့ကျောင်းမှာ ပြန်လည်ဆုံတွေ့ပွဲလုပ်တဲ့အခါ

www.burmeseclassic.com



သားဆီကို ဖိတ်စာပို့ဖို့အတွက်အမေသားလိပ်စာ ပေးလိုက်မိတယ်။ အမေဝမ်းသာလိုက်တာ သားရယ်...ဒီပွဲကို သားလာခဲ့ရင် အမေ သားကို ခဏလေးဖြစ်ဖြစ် တွေ့မြင်ရမှာမဟုတ်လား၊ ဒါဟာ အမေ့ဘဝရဲ့ အကြီးမားဆုံးမျှော်လင့်ချက်ပါပဲ သားရယ်။

အခုဒီစာရေးနေတဲ့အချိန်မှာ အမေအိပ်ရာပေါ် မှာလဲနေပြီး စာကိုသာကြိုးစားပြီးရေးနေရတာ လက်ရေးတွေတောင် မပီသချင်တော့ဘူး။

သားရယ်...မင်းရောက်လာရင်တောင် အမေ မင်းမျက်နှာလေးကို တွေ့ရဖို့ ထကြည့်နိုင်ပါဦးမလား၊ အားအင်တွေကုန်ခမ်းနေပေမဲ့ သားရဲ့မျက်နှာကို ဖြစ်တဲ့နည်းနဲ့ အမေကြည့်နိုင်ဖို့ ကြိုးစားမှာပဲ။

သားလေးကို ငယ်ငယ်တုန်းက အမေယုယ ထွေးပိုက် ပြုစုစောင့်ရှောက်ခဲ့တာတွေကို အမေအမြဲသတိရနေပါတယ် သားရယ်။

ဒါပေမဲ့ သားလေးကျောင်းစတက်တဲ့အချိန်ကစပြီး အခုအချိန်ထိ အမေ့ကြောင့် သားလေးအရှက်ရစေခဲ့မိတဲ့အတွက်ကြောင့် အမေဝမ်းနည်းလို့မဆုံးပါဘူး သားလေးရယ်။

ဒီအဖြစ်ရဲ့အကြောင်းရင်းကို အမေမသေခင် သားကို ပြောချန်ထားပြီဆိုပြီး ဖွင့်ပြောချင်မိတယ်။

သားမှတ်မိသေးလား....

သားလေးငယ်ငယ် ၂ နှစ်သားလောက်ကပေါ့။

သားစီးနေတဲ့ ကလေးစီးစက်ဘီးလေး မှောက်ပြီး ဘေးနားမှာရှိတဲ့ ဝါးချွန်တစ်ခုနဲ့ သားရဲ့ညာဖက်မျက်လုံးကို ထိုးမိလိုက်လို့ သားရဲ့မျက်လုံးတစ်ဖက်ကွယ်ခဲ့ရတာယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာ ဆရာဝန်က အချိန်မီ မျက်ကြည်လွှာအစားထိုးရင် သားမျက်စေ့ပြန်မြင်နိုင်တယ်ဆိုလို့ အမေဝမ်းသာအားရနဲ့ သားလေး အတွက် အမေ့ညာဖက်မျက်စေ့ကို ပေးလှူခဲ့တာပါကွယ်။

အမေစုဆောင်းထားတဲ့ရှိသမျှ ပစ္စည်းတွေထုခွဲရောင်းချပြီး သားလေးမျက်လုံး အလင်းပြန်ရလာအောင် အမေဆေးကုပေးခဲ့တာ ပါ။

ဆေးပညာရဲ့ အစွမ်းကြောင့် အမေ့သားလေး မျက်စေ့တစ် ဖက် ပြန်မြင်လာရတယ်။

သားလေးမျက်လုံးအတွက် ဆေးကုသစရိတ် မလောက်ငှာစိုးလို့ အမေ့မျက်လုံးအတွက်တောင် ဘာဆေးဝါးမှ ဝယ်မသုံးခဲ့ပါဘူး။ အဲဒါကြောင့်လည်း အမေဟာ သားအတွက် စိတ်ပျက်စရာ ဖြစ်စေခဲ့ရ တာပေါ့။

အမေအရမ်းဝမ်းသာမိပါတယ် သားရယ်။ အမေ့ရဲ့ တစ်ဦး တည်းသောသား..ဖတစ်ဆိုးသားလေး၊ အမေရင်အုပ်မကွာ စောင့် ရှောက်လာတဲ့သားလေးကို အမေရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုနဲ့ အစားထိုးပြီး အမေအကောင်းဆုံးသော အမွေကို ပေးနိုင်ခဲ့ပါပြီ။

မျက်စေ့တစ်ဖက်ကွယ်သွားတဲ့ အမေက ဘဝကို ရင်ဆိုင်နိုင် ပါတယ်။ သားလေး မျက်စေ့တစ်ဖက်ကွယ်လျက်နဲ့ ဘဝကို ရင်ဆိုင် ရမှာကိုသာ အမေစိုးရိမ်ခဲ့တာပါ။

သားကို လူလားမြောက်အောင် မွေးနိုင်တဲ့သတ္တိ အမေ့မှာ ရှိပါတယ်။

ဒါပေမဲ့ သားရယ် အမေက ဥစ္စာဓန တော့မချမ်းသာပါဘူး။

အမေက သားကို မိခင်တစ်ယောက်ရဲ့ မေတ္တာအပြည့်အဝ



www.burmeseclassic.com

www.burmeseclassic.com


ပေးခဲ့ပြီးပြီ။

အမေအမွေပေးခဲ့တဲ့ အဲဒီမျက်စိပြန်လင်းတာလို့ သားရဲ့ မျက်လုံးအစုံနဲ့ အမေ့တိုက်စား လောကကြီးတစ်ခုလုံးကို ပီပီပြင်ပြင် ကြည့်မြင်နိုင်ခဲ့တဲ့ အမေ့သားလေးအတွက် အမေသိပ်ဂုဏ်ယူမဆုံး ဖြစ်ခဲ့ရပါတယ်ကွယ်။

သားရဲ့ကျယ်ပြန့်တဲ့အမြင်၊ ကြည်လင်တဲ့အမြင်တွေနဲ့

အမေ့ရဲ့ မေတ္တာစစ်နဲ့အမေ့ရဲ့ဘဝမှန်ကို သားလေးသိမြင်နိုင် ပါစေကွယ်။

ထာဝရ မေတ္တာဖြင့်
သားလေးရဲ့အမေ

ကျွန်တော် လူမှန်းသိတတ်စအရွယ်မှ အခုအချိန်ထိ ကျွန်တော်အမုန်းဆုံး မေမေရဲ့စာပါ. . . ။

ဒီတခါတော့ မလုပ်ယူပါဘဲ မျက်ရည်များသူ့အလိုလို မျက်စိနှစ်ဖက်မှ ပါးပြင်ပေါ် သို့စီးကျလာပါတော့သည်။ ညာဖက်မှ ကျသော မျက်ရည်သည် အမေ့မျက်လုံးမှကျသော မျက်ရည်ဖြစ်သဖြင့် အေးမြနေသော်လည်း ကျန်တဖက်မှကျသော မျက်ရည်သည် ပူလောင်လွန်းလှပေသည်။

အမေ့စာကိုခေါက်၍ အိတ်ကပ်ထဲထည့်ကာ မျက်ရည်ပူများကို သုတ်လိုက်လေသည်။ အမေ့မျက်လုံးကကျသော မျက်ရည်ကိုတော့ မသုတ်ရက်ပေ။ အချိန်က. . ညနေစောင်းနေဝင်လုပြီ ခရီးဆောင်လက်ဆွဲအိတ်အား လှမ်းဆွဲယူရင်း အမေနှင့် ကျွန်တော် အတူ


www.burmeseclassic.com

www.burmeseclassic.com


နေခဲ့ဖူးသော အမေ့အိမ်ကို ကျောခိုင်းကာထွက်လာခဲ့လိုက်သည်။ မြေနီလမ်းလေးအတိုင်းလျှောက်လာရင်း နောက်ဆုံးအခေါ်ဖြင့် အမေ့တဲအိမ်ကလေးကို လှည့်ကြည့်မိသည်။

တဲအိမ်ကလေးကိုမိုးထားသော သရက်ပင်ကြီးအောက်တွင် အဖြူရောင်ထဘီဝမ်းဆက်ကလေးဝတ်ထားသော အမေ့ကိုတွေ့လိုက်ရလေသည်။ အမေကတော့ ကျွန်တော့ကိုပြုံးပြီး ကြည့်နေလေသည်။

ထူးဆန်းသည်မှာ အမေ၏ကိုယ်ခန္ဓာ အရောင်အဝါသည် ပို၍တောက်ပနေပြီး အရင်ကလို မျက်လုံးတစ်ဖက် မရှိဘဲ ချိုင့်ဝင်နေသော ပုံစံမျိုး မဟုတ်တော့ပေ။ မျက်စိနှစ်ဖက်လုံး အကောင်းပကတိဖြင့် ကျွန်တော့အား ပြုံးပြီးကြည့်နေလေသည်။

လက်ထဲမှ ခရီးဆောင်အိတ်ကို ပစ်ချကာ မျက်ရည်များဝဲလျှက် ငယ်သံပါအောင်အော်ကာ အမေရပ်နေသော သရပ်ပင်ကြီးဆီသို့ အားကုန်ပြေးလေသည်။

"အမေ. . . အမေ"

သရပ်ပင်ကြီးဆီသို့ပင် မရောက်လိုက် အမေ့ပုံရိပ်မှာ ဝိုးတဝါးပျောက်ကွယ်သွားတော့သည်။ အိမ်အပြန် အဝေးပြေးကားပေါ်၌ ပင်ပန်းလွန်းသဖြင့် တရေးမှုအိပ်ပျော် သွားခဲ့သည်။ အိမ်မက်ထဲတွင် အမေ့ကိုထပ်တွေ့ပြန်သည်။ ကျွန်တော်နောက်ဆုံးတွေ့မြင်ခဲ့သော အဖြူရောင်ဝမ်းဆက်ကလေးနှင့်ပင်. . .

"သားလေး ဘာမှစိတ်အားမငယ်နဲ့ အမေနေလို့ရသရွေ့ သားဘေးနားမှာအမြဲရှိပြီး စောက်ရှောက်နေတယ် သား"

ထိုစဉ် ကားမှာ ချိုင့်ထဲကျသွားသဖြင့် ကျွန်တော်ရုတ်တရက် လန့်နိုးလာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com




မြို့တစ်မြို့ အရောက်တွင်ကားမှာ တစ်ထောက်နားသဖြင့် အနီးရှိ ထမင်းဆိုင်တွင် ထမင်းဝင်စားလိုက်သည်။ ထမင်းစားပြီး လက်ဆေးနေစဉ် တိုင်တွင် ချိတ်ထားသော မှန်ကို အမှုမဲ့ အမှတ်မဲ့ ကြည့်လိုက်မိသည်။

ညာဘက်မျက်လုံး. . . အမေ့ မျက်လုံးလေး. . .။

ကားထွက်ရန် ဟွန်းတီးသံကြားတော့မှ အကြည့်ကို မှန်မှ ခွာလိုက်လေသည်။ ကျွန်တော့တွင် အမေမရှိတော့ပေမယ့် အမေ့ရဲ့ သက်ရှိထင်ရှားရှိနေတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းလေးတစ်ခု ဖြစ်တဲ့ အမေ့မျက်လုံးလေး ကျွန်တော်နှင့်မကွဲမကွာ ရှိနေပေပြီ။

ကျွန်တော့ရင်ထဲက မိုက်နောင်တကို ဘယ်သူကူမနိုင်ပါ့မလဲ။ အမေသာ သေသွားတယ် အမေ့ကျေးဇူးကို ကျွန်တော်သဲတစ်မှုန်မျှ မဆပ်နိုင်ခဲ့ပေ။ ကျွန်တော့လိုမဖြစ်ရအောင်. . .

နောင်တဆိုတာ နောင်မှ တရလို့ စာဖတ်သူများ ကျွန်တော့် လို မိုက်နောင်တမျိုးမှ ကင်းဝေးနိုင်ကြပါစေ။ ။






www.burmeseclassic.com

www.burmeseclassic.com

# ထိတ်လန့်ဖွယ်တိုက်ဆိုင်မှုများ

# Coincidences

## ကျိန်စာမိနေသော ကား

## James Dean's Car Curse



(၁၉၅၅) စက်တင်ဘာလတွင် နာမည်ကျော် ရုပ်ရှင်မင်းသား ဂျိမ်း(မ)ဒင်း(James Dean)သည်. . . သူ၏တန်ဖိုးကြီး ပေါ(ပ)ချေ (Porsche) ပြိုင်ကားကို မောင်းနေစဉ် ပြင်းထန်သော ကားတိုက်မှု ဖြစ်ပွားခဲ့သည်။ သူသည် အဆိုပါ ကြောက်လန့်ဖွယ်ကောင်းလှသည့် ကားတိုက်မှုဖြစ်ပွားရာ နေရာတွင်ပင် သေဆုံးခဲ့လေသည်။

အဆိုပါ နာမည်ကျော်မင်းသား သေဆုံးမှု ဖြစ်ပွားခဲ့သည့် ကားမှာ ထိုအဖြစ်အပျက်နောက်ပိုင်းတွင်လည်း ဆက်လက်၍ ကံဆိုးမှုများ ဆက်တိုက်ဖြစ်ပွားခဲ့လေသည်။

ထိုအချိန်ကာလက အစီးရေ (၉၀)သာ ရှိသေးသော အဆိုပါ



www.burmeseclassic.com

www.burmeseclassic.com







...)ဒင်း(James Dean) ပေါ်(ပ)ချေ စပိုက်ဒါ(Silver Porsche Spyder)ပြိုင်

အသစ်စက်စက်ကားတွင် ပြဿနာများရှိနိုင်သည်ဟု မင်းသားကို သူ၏ သူငယ်ချင်းများက အသိပေးခဲ့သေးသည်။

လူဆိုးလေး(The Little Bastard) ဟု မင်းသားဂျိမ်း(မ)ဒင်း နာမည်ပြောင်ပေးထားသည့် ငွေရောင် ပေါ်(ပ)ချေ စပိုက်ဒါ (Silver Porsche Spyder) ပြိုင်ကားဟာ ကျိန်စာမိနေသောကားဟု ပြောဆိုနေကြခြင်းမှာ ခိုင်လုံသည့် ဖြစ်ရပ်များကြောင့်ဖြစ်ပေသည်။

ထိုကားနှင့်သက်ဆိုင်သည့် ဖြစ်ရပ်ဆိုးများကို ဖော်ပြပါမည်။


➤(၁) အခင်းဖြစ်ပွားသည့်နေရာမှ ထိုကားကို ဂိုဒေါင်သို့ ပြန်လည်ယူဆောင်လာသည့်အခါ ကားအင်ဂျင်သည် ပြုတ်ထွက်လာပြီး စက်



www.burmeseclassic.com

www.burmeseclassic.com





မင်းသား ဂျိမ်း(မ်)ဒင်း အသက်ဆုံးရှုံးခဲ့ရသည့် ပြင်းထန်သော ယာဉ်တိုက်မှု

ပြင်ဆရာ၏ ခြေထောက်ပေါ်သို့ ကျလာကာ သူ၏ ခြေထောက် နှစ်ချောင်းလုံးသည် ကျိုးသွားလေသည်။

**ထိတ်လန့်ဖွယ်တိုက်ဆိုင်မှုများ**

www.burmeseclassic.com


www.burmeseclassic.com



➢(၂) တိုက်ထားသဖြင့် ပျက်စီးနေသော ကားမှ ကားတာယာများကို ဝယ်ယူအသုံးပြုခဲ့သော ကားနှစ်စီးမှာ တစ်ပြိုင်တည်းဆိုသလိုပင် ကားတာယာများ ကွဲထွက်သွားကာ ထိခိုက်မှုနှင့် ကြုံတွေ့ခဲ့ရပြန်သည်။

အဆိုပါ ကား၏အင်ဂျင်ကို ဆရာဝန်တစ်ဦးက ဝယ်ယူ၍ သူ၏ ပြိုင်ကားတွင် တပ်ဆင်ပြီး ကားပြိုင်ပွဲတွင် ဝင်ရောက် မောင်းနှင်ခဲ့သည်။ ကားပြိုင်ပွဲတွင် မောင်းနှင်နေစဉ်မှာပင် မတော်တဆတိုက်မှုဖြစ်ရာ ထိုကားမောင်းသူ ဆရာဝန်သည် သေဆုံးခဲ့လေသည်။

ထိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သည့် အခြားကားမောင်းပြိုင်သူတစ်ဦးမှာလည်း ဂျိမ်း(မ)ဒင်း (James Dean)၏ကားမှ ကားမောင်းလက်ကိုင်ခွေကို ဝယ်ယူ၍ သူ၏ ပြိုင်ကားတွင် တပ်ဆင်ကာ ပြိုင်ပွဲဝင်ခဲ့သည်။ သူသည်လည်း ထိုပြိုင်ပွဲတွင် သေဆုံးခဲ့ရလေသည်။



➢(၃) ကားဒီဇိုင်နာတစ်ဦးသည် ဂျိမ်း(မ)ဒင်း၏ ပျက်ဆီးနေသော ပေါ်(စ)ချေ(Porsche) ပြိုင်ကားကို ဝယ်ယူပြီး ပြင်ဆင်ကာ သူ၏ ကားဂိုထောင်ထဲတွင် အခြားကားများနှင့် ယှဉ်တွဲကာ ထည့်ထားခဲ့သည်။

ထိတ်လန့်ဖွယ်တိုက်ဆိုင်မှုများ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ထည့်ထားစဉ် ထိုကားမှတစ်ပါး အခြားကားများမှာ ပျက်ဆီးမှု အမျိုးမျိုးနှင့် ကြုံကြလေသည်။

ထိုကားကိုဒေါင်သည်လည်း ရက်များ မကြာမီ မီးလောင်ပြီး ပျက်စီးခဲ့ရသည်။

ထိုစဉ်က အဆိုပါကားမှာ ထိုကားကိုဒေါင်ထဲတွင် မရှိခိုက် ဖြစ်သောကြောင့် မီးဘေးမှလွတ်ခဲ့သည်။

➢(၄) ထို့နောက် အဆိုပါကားကို စကရာမင်တို(Sacramento) မြို့တော်ခန်းမတွင် ပြသထားစဉ် ကားရပ်ထားသည့်နေရာမှ သူ့အလိုလို လိမ့်လာပြီး မိန်းမပျိုလေးတစ်ဦး၏ တင်ပါးကိုတိုက်မိကာ ထိခိုက်ဒဏ်ရာ ရသွားစေသည်။

➢(၅) အိုရီဂွန် (Oregon) မြို့တွင် ထိုကားကိုတင်ဆောင်လာသည့် နောက်တွဲယာဉ်သည် ၄င်းတွင်တပ်ဆင်ထားသည့် ဘားတန်းပြုတ်ထွက်ကာ ကားလိမ့်ဆင်းသွားပြီး ဆိုင်တစ်ဆိုင်ထဲသို့ ထိုးဝင်သွားခဲ့သေးသည်။

➢(၆) (၁၉၅၉)တွင် နားလည်ရခက်လောက်အောင် လျှို့ဝှက်ဆန်းကြယ်မှုများဖြစ်ပျက်ခဲ့သည်။

၄င်းမှာ. . . ထိုကား၏ အခိုင်အမာတပ် ဆင်ထားသော အစိတ်အပိုင်းများသည် သူ့အလိုလိုပင် (၁၁)ခုတိတိ ကျိုးပဲ့ ပြုတ်ကျသွားခြင်းဖြစ်လေသည်။

➢(၇) (၁၉၆၀)တွင် အဆိုပါ ပေါ်(ပ)ချေ(Porsche) ပြိုင်ကား၏ နောက်ဆုံးပိုင်ရှင်သည် သူ၏နေရပ် ကာလီဖိုးနီးယား(California)သို့ ပြန်ပို့ပြီး ကားကိုအနားပေးရန် ဆုံးဖြတ်လိုက်လေသည်။ ထို့နောက် ကားတင်သည့် အလုံပိတ်ရထားတွဲ(Boxcar)ဖြင့် တင်ပို့လိုက်လေသည်။

**ထိတ်လန့်ဖွယ်ဂိုက်ဆိုင်မှုများ**

www.burmeseclassic.com

www.burmeseclassic.com



Porsche Spyder

ရထားတွဲ တံခါးသော့များကိုလည်း သေသေချာချာ စစ်ဆေးပြီး ပိတ်ခဲ့လေသည်။

ကာလီဖိုးနီးယားသို့ ရောက်သောအခါ သော့များမှာ ပျက်စီးမှု မရှိပါဘဲ အထဲမှ ပေါ(ပ)ချေ(Porsche) ပြိုင်ကားမှာ ပျောက်ဆုံးနေလေတော့သည်။

အဆိုပါ ကျိန်စာမိနေသောကားကို ယခုထိတိုင်အောင် ရှာမတွေ့ကြတော့ပေ။ ထိုမကောင်းဆိုးဝါး ပြိုင်ကားမှာ သူ လာရာခဲ့ရာ မကောင်းဆိုးရွားအရပ်ဒေသသို့ ပြန်သွားခဲ့လေသလော (သို့မဟုတ်) တစ်နေရာရာတွင် ပုန်းအောင်းနေသလောကို မည်သူမျှ မသိနိုင်ကြသေးပေ။ ။


www.burmeseclassic.com

www.burmeseclassic.com



# နှစ်ပေါင်းများစွာကြာမှ ပစ်မှတ်ရောက်သည့်ကျည်ဆန်

## A bullet that reached its destiny years later



ဟင်နရီဇီးဂလင်း(Henryy Ziegland)သည် သူ့ကိုယ်သူ ကံဆိုးနေပြီဟု တွေးနေမိသည်။ အဘယ့်ကြောင့်ဆိုသော်. . .

(၁၈၈၃)တွင် သူသည် သူနှင့်ချစ်ကြိုက်ခဲ့သော မိန်းကလေးနှင့် လမ်းခွဲခဲ့ရသောကြောင့်ဖြစ်သည်။ သူနှင့်လမ်းခွဲခဲ့သော မိန်းကလေးသည် မကြာမီတွင် သူမကိုယ်သူမ သတ်သေသွားခဲ့သည်။

ထိုမိန်းကလေး၏ အစ်ကိုသည် ညီမဖြစ်သူ၏ အဖြစ်ဆိုးကြောင့် ဟင်နရီဇီးဂလင်းကို လွန်စွာဒေါသဖြစ်ကာ ခွင့်မလွှတ်နိုင်အောင် ခံစားခဲ့ရပြီး ဟင်နရီဇီးဂလင်းကို သေနတ်ဖြင့်ပစ်ခဲ့သည်။

မိန်းကလေး၏အစ်ကိုသည် သေနတ်ဖြင့်ပစ်လိုက်ပြီး ဟင်နရီဇီးဂလင်း သေပြီဟူသောအတွေးဖြင့်. . သူ့ကိုယ်သူပစ်ကာ သတ်သေလိုက်သည်။

သို့ရာတွင် သေနတ်အပစ်ခံရသည့် ဟင်နရီဇီးဂလင်းသည် မသေဆုံးခဲ့ပေ။

အမှန်မှာ ထိုကျည်ဆန်သည် ဟင်နရီဇီးဂလင်း၏မျက်နှာကို ရှပ်မှန်ပြီး သစ်ပင်တစ်ပင်၏ပင်စည်ထဲသို့ စိုက်ဝင်သွားခဲ့လေသည်။

ထိုဖြစ်ခဲလှသော ဖြစ်ရပ်ကို ကြုံတွေ့ရသည့် ဟင်နရီဇီးဂလင်းသည် သူ့ကိုယ်သူ လွန်စွာကံကောင်းလှသည်ဟု ယူဆသွားခဲ့သည်။

**ထိတ်လန့်ဖွယ်တိုက်ဆိုင်မှုများ**

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ပေါင်းများစွာ ကြာသောအခါ ဟင်နရီဖီးဂလင်းသည် သူ့ကိုပစ်လိုက်သည့် ကျည်ဆံဝင်နေသော အဆိုပါ သစ်ပင်ကြီးကိုလှဲပစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ကြီးမားလှသည့် ထိုသစ်ပင်ကြီးကို အလွယ်ကူဆုံးနှင့် အမြန်ဆုံးရှင်းလင်းပစ်ရန်မှာ ဒိုင်းနမိုက်ဖြင့် သစ်ပင်လှဲချပါက လွယ်ကူပြီးမြောက်မည်ဟု ဆုံးဖြတ်ခဲ့လေသည်။

ဟင်နရီဖီးဂလင်းသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ထိုးဖောက်ခွဲရေးကို ကိုယ်တိုင်ဆောင်ရွက်ခဲ့လေသည်။

ကြီးမားပြင်းထန်လှသော ယမ်းပေါက်ကွဲမှုကြီးကြောင့် သစ်ပင်ကြီးသည် သူမျှော်လင့်ထားသလို အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်နေသည်မှာ မှန်ပါသည်။

သို့သော် သူမမျှော်လင့်ထားသော သစ်ပင်၏ပင်စည်ထဲ ကျည်ဆံသည် ယမ်းအရှိန်ဖြင့် လွင့်စင်ထွက်ကာ ဟင်နရီဖီးဂလင်း၏ ဦးခေါင်းကို ထိမှန်ပြီး . . ထိုနှစ်ပေါင်းများစွာကြာမှ ပစ်မှတ်ချော်ခဲ့သည့် ကျည်ဆန်ကြောင့် သူတကယ်ပင်သေဆုံးခဲ့ရလေတော့သည်

www.burmeseclassic.com

www.burmeseclassic.com



# သေကံမရောက် သက်မပျောက်အောင် တားပေးနိုင်သူ

## Three suicide attempts, all stopped by the same Monk



ဂျိုးဆက်အစ်ဂနာ(Joseph Aigner)သည် ဩစတြီးယား(Austria)နိုင်ငံမှ (၁၉)ရာစုတွင် ထင်ရှားကျော်ကြား လူသိများသည့် သရုပ်ဖော် ပန်းချီဆရာတစ်ဦးဖြစ်သည်။

သို့သော် သူသည် လောကတွင် နေထိုင်နေရသည့်ကို မပျော်ရွှင်သူတစ်ဦးဖြစ်ပြီး မိမိကိုယ်ကိုမိမိ သတ်သေရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သူဖြစ်သည်။

မိမိကိုယ်ကိုမိမိ သတ်သေရန် ပထမဦးဆုံး ကြိုးစားခဲ့စဉ်က သူသည် အသက်(၁၈)နှစ်အရွယ်သာရှိသေးပြီး လည်ပင်းကို ကြိုးဆွဲချလျက် သေရန်ကြိုးစားခဲ့သည်။ ထိုစဉ်က ထူးဆန်းစွာ ရောက်ရှိလာသော ကပူချင်ဘုန်းကြီး(Capuchin Monk)၏ ဟန့်တားမှုကြောင့် သေကံမရောက် သက်မပျောက်ခဲ့ပေ။

ဂျိုးဆက်အစ်ဂနာသည် အသက်(၂၂)နှစ်အရွယ်တွင် ဒုတိယအကြိမ် မိမိကိုယ်ကိုမိမိ သတ်သေရန် ကြိုးစားခဲ့ပြန်သည်။

သို့သော် ထိုအချိန်တွင်လည်း သူ့ကိုပထမအကြိမ်က ဟန့်တားကယ်ဆယ်ခဲ့သည့် ဘုန်းကြီးသည်ပင် မမျှော်လင့်ဘဲ ရောက်ရှိလာပြီး သေဘေးမှ ကယ်တင်ခဲ့လေသည်။

ထိတ်လန့်ဖွယ်တိုက်ဆိုင်မှုများ

www.burmeseclassic.com

www.burmeseclassic.com





ထိုကာလမှ. . နောက်ထပ် (၈)နှစ်ခန့် ကြာသောအခါတွင် သူ၏ သေခြင်းတရားကို ဖြစ်ပေါ်စေခဲ့သည်မှာ နိုင်ငံရေးလုပ်ဆောင်မှုကြောင့် ရုံးတော်မှ သူ့အား သေဒဏ် အပြစ်ပေးကာ ကြိုးစင်တင်ခဲ့လေသည်။

သို့ရာတွင်. . အဆိုပါ တတိယအကြိမ်မြောက် သေမည့်ဘေးမှ သူ လွတ်မြောက်ခဲ့ပါသေးသည်။ အဘယ့်ကြောင့်ဆိုသော် အထက်ပါ ဘုန်းတော်ကြီးပင် ရုံးတော်သို့ရောက်ရှိလာပြီး အသနားခံစာတင်ကာ လျှောက်ထား ကြိုးပမ်းခဲ့မှုကြောင့်ပင် ဖြစ်ပေသည်။

ဂျိုးဇက်အစ်ဂနာ အသက်(၆၈)နှစ်သို့ ရောက်သည့်အခါတွင် သူကိုယ်သူ ပစ္စတိုသေနတ်ဖြင့် ပစ်သတ်ခြင်းဖြင့် မိမိကိုယ်ကိုမိမိ သတ်သေခဲ့လေသည်။

မိမိကိုယ်မိမိ သေကြောင်းကြံစည်၍ သေဆုံးသွားသည့် ဂျိုးဇက်အစ်ဂနာ၏ အသုဘကိစ္စကို အစအဆုံး ဆောင်ရွက်ပေးသူမှာ ရှေးအခါများက ဂျိုးဆက် အသက်အန္တရာယ် မဖြစ်ရန် သုံးကြိမ်တိတိ စောင့်ရှောက်ကာကွယ်ပေးခဲ့သည့် ကပူချင်ဘုန်းတော်ကြီးပင် ဖြစ်သည်ကိုတော့ သူမသိသွားခဲ့ပါ။ ထို့ပြင် သေဆုံးသွားသည့် ဂျိုးဇက်အစ်ဂနာသည် သူ့အသက်ကို သုံးကြိမ်စောင့်ရှောက်ကာကွယ်ခဲ့သည့် ဘုန်းတော်ကြီး၏အမည်ကိုလည်း သိမသွားခဲ့ပါချေ။ ။

ထိတ်လန့်ဖွယ်တိုက်ဆိုင်မှုများ

www.burmeseclassic.com


www.burmeseclassic.com



## ဝတ္ထုဇာတ်လမ်းဖြင့် ဖော်ထုတ်ဖမ်းမိသူ

## A novel that unsuspectedly described the spy next door

စာရေးဆရာ နော်မန်မေလာ(Norman Mailer)သည် သူ၏ ဝတ္ထုတစ်ပုဒ်ဖြစ်သော "ဘာဘာရီကမ်းခြေ"(Barbary Shore) စာအုပ်ထဲတွင် အမေရိကန်တွင် ရုရှားသူလျှို အဖြစ် ဆောင်ရွက်နေသူတစ်ဦးကို အရန်ဇာတ်ကောင်အဖြစ် ထည့်သွင်းဖော်ပြရန် ဝတ္ထုတွင်အစပျိုးခဲ့လေသည်။







စာရေးဆရာ နော်မန်မေလာ

ထိုဝတ္ထုကို ရေးသားလာခဲ့ရာ. . ဝတ္ထု၏အလယ်ခန့်ရောက်သောအခါ ထိုရုရှားသူလျှိုဇာတ်ကောင်သည် ဝတ္ထုထဲတွင် အဓိက



www.burmeseclassic.com

www.burmeseclassic.com



အရေးပါသည့် ဇာတ်ကောင်နေရာမှာ ရောက်ရှိလာနေသည်။

စာရေးဆရာသည် ထိုတွေ့ကို ထုတ်ဖော်ပြန်ပြီးနောက် အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနမှ ပုဂ္ဂိုလ်များသည် စာရေးဆရာ ဒနှဲမန်မလာ၏နေသည့် တိုက်၏ အပေါ်ထပ်တိုက်ခန်းတွင် နေထိုင်သူတစ်ဦးကို ဖမ်းဆီးလိုက်ကြသည်။

အဖမ်းခံရသူသည် ထိုအခိုက်က အမေရိကန်ပြည်ထောင်စုတွင် ထိပ်သီးရုရှားသူလျှိုတာဝန်ကို ထမ်းဆောင်နေသူ ဗိုလ်မှူးကြီး ရုဒေါ်(ဖ)အေဘယ် (Colonel Rudolf Abel) ဖြစ်နေသည်။

စာအုပ်ထဲတွင် ပါဝင်သည့် ရုရှားသူလျှို၏ လုပ်ဆောင်ချက်များက တကယ့်အပြင်ရှိသူလျှို၏ လုပ်ဆောင်ပုံများကို ခြေရာခံမိနေခဲ့ပြီး ဖြစ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အမ်ဘာတိုဘုရင်၏ ကိုယ်ပွား

## king Umberto I' double

အီတလီနိုင်ငံ၊ မွန်ဇာမြို့တွင် ပထမမြောက်အမ်ဘာတိုဘုရင် (King Umberto I)သည် ညစာသုံးဆောင်ရန် စားသောက်ဆိုင်ငယ်တစ်ခုသို့ သူ၏သက်တော်စောင့် ဗိုလ်ချုပ်အီမီလီယိုပွန်ဇီယာဗက်လီယာ (General Emilic Pongzia-Vaglia)နှင့်အတူ သွားခဲ့ကြသည်။

ထိုစားသောက်ပိုင်ရှင်ကို ဘုရင့်အမိန့်ဖြင့် ရှေ့တော်မှောက်ခစားစေရန် ဆင့်ခေါ်လေသည်။

အမ်ဘာတိုဘုရင်သည် ရှေ့တွင် ခစားနေသည့် စားသောက်ဆိုင်ပိုင်ရှင်နှင့် သူသည် မျက်နှာချင်း၊ ကိုယ်လုံးကိုယ်ထည်ချင်း၊ အရပ်အမောင်းချင်းမှာ အမြွှာဟု ပြောရလောက်အောင် အသွင်တူနေသည်။ အစစအရာရာ ခွဲရခက်အောင် တူညီနေသည်ကို အံ့ဩဖွယ် လေ့လာ အတဲခတ်မိလေသည်။

အမ်ဘာတိုဘုရင်နှင့် ဆိုင်ရှင်တို့ စကားပြောသည့်အခါမှ သူတို့နှစ်ဦး၏ တူညီတိုက်ဆိုင်မှုများကို ပိုမိုသိရှိခဲ့ကြသည်။

(က) နှစ်ဦးလုံးသည် (၁၈၄၄) မတ်လ ၁၄ ရက်နေ့တွင် တစ်နေ့တည်း၌ မွေးဖွားခဲ့ကြသည်။

(ခ) နှစ်ဦးလုံး၏ မွေးဖွားရာဇာတိမြို့မှာ တစ်မြို့တည်း တူညီနေပြန်သည်။

(ဂ) သူတို့နှစ်ဦးစလုံး၏ ဇနီးများမှာ မာဂရီတာ(Margherita) အမည်ဖြစ်ပြီး အမည်ဆင်တူဖြစ်နေကြသည်။

ထိတ်လန့်ဖွယ်တိုက်ဆိုင်မှုများ

www.burmeseclassic.com

www.burmeseclassic.com


(ဃ) ဆိုင်ပိုင်ရှင်သည် ထိုစားသောက်ဆိုင်ကို ဖွင့်သည့် နေ့ရက်မှာပင် ပထမမြောက်အမ်ဘာတိုဘုရင်(King Umberto I)သည် အီတလီထီးနန်းကို စိုးစံခဲ့သည်။

(င) (၁၉၀၀) ပြည့်နှစ် ဇူလိုင်လ (၂၉)ရက်နေ့တွင် အမ်ဘာတိုဘုရင် (King Umberto I)ထံ သတင်းရောက်ရှိလာသည်မှာ စားသောက်ဆိုင်ပိုင်ရှင် သေနတ်ပစ်ခတ်ခြင်းခံရ၍ သေဆုံးသွားပြီ ဟူ၍ဖြစ်သည်။ ထိုသတင်းအတွက် ဝမ်းနည်းကြောင်း ပြောပြီး ခဏမှာပင် အမ်ဘာတိုဘုရင်သည် လူထုပရိတ်သတ်ထဲမှ မင်းမဲ့ဝါဒီတစ်ဦး၏ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုကြောင့် နတ်ရွာစံကံကုန်ခဲ့လေသည်။ ။



အမ်ဘာတိုဘုရင်

www.burmeseclassic.com

www.burmeseclassic.com


# (၁၆)ဆက်မြောက်လူဝီဘုရင်အတွက် ကံဆိုးသည့်နေ့

## A bad day for King Louis XVI

ပြင်သစ်နိုင်ငံ၊ (၁၆)ဆက်မြောက် လူဝီဘုရင်အား ငယ်စဉ် ကလေးဘဝက နက္ခတ်ပညာရှင်တစ်ဦးက သူ့အားလစဉ် (၂၁)ရက်နေ့ ရောက်တိုင်းတွင်. . အစောင့်အရှောက်ဖြင့် ထာဝရ နေထိုင်သွားရန် သတိပေးထားခဲ့သည်။

လူဝီသည် ထိုသတိပေးချက်အရ သူ့ဘဝတွင် ဆိုးဆိုးဝါးဝါး ဖြစ်မည်စိုးသောကြောင့် လစဉ် (၂၁)ရက်နေ့တွင် မည်သည့် အလုပ်မျှ မလုပ်ခဲ့ပေ။ သို့သော်. . လူဝီထံတွင် အစောင့်အရှောက်များသည် အမြဲ စောင့်ရှောက်မှု မပြုနိုင်သောကြောင့် တစ်ဦးတည်းရှိသည့် နေ့ရက်များလည်း ရှိခဲ့လေသည်။

(၁၇၉၁) ဇွန်လ ၂၁ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၌ တော်လှန်ရေးဖြစ်ပွားခဲ့ပြီး လူဝီဘုရင်နှင့် မိဖုရားတို့သည် ဗီယင်နာမြို့တွင် အကျဉ်းချထားခြင်းခံခဲ့ရသည်။

ထိုအချိန်က ပြင်သစ်နိုင်ငံတွင် ဘုရင်စနစ်မှ လွတ်မြောက်မှု ရအောင် ပြည်သူများကြိုးစားနေကြချိန်ဖြစ်သည်။

(၁၇၉၁) စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပြင်သစ်နိုင်ငံသည် သက်ဦးဆံပိုင်ဘုရင်အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းခဲ့၍ ပြည်သူ့ သမ္မတနိုင်ငံ ထူထောင်ခဲ့သည်။

နောက်ဆုံးတွင် (၁၇၉၃) ဇန်နဝါရီလ ၂၁ရက်နေ့၌ ပြင်သစ်


www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ၏ (၁၆)ဆက်မြောက်လူဝီဘုရင်သည် ခေါင်းဖြတ်စက်ဖြင့် ကွပ်မျက်ခြင်းခံခဲ့ရလေသည်။ လူဝီဘုရင်သည် ငယ်စဉ်က သူ့ဗေဒင်[illegible] စိုးရွံ့ခဲ့သည့် (၂၁)ရက်နေ့မှာပင် ဘဝခရီးကို ကံဆိုးစွာ အဆုံးသတ်ခဲ့ရသည်။ ။



www.burmeseclassic.com

www.burmeseclassic.com



# လောင်းကစားမျက်လုံး



www.burmeseclassic.com

www.burmeseclassic.com




လောင်းကစားသမားအချို့သည် အံ့ဖွယ်ကောင်း ရာတွင်လည်း
ကောင်း (၁၆)ကောင် ချစ်လှည့်ရာတွင် လည်းကောင်း ဖဲကစားရာ
တွင်လည်းကောင်း မိမိပြိုင်ဘက်၏ စိတ်ကို ဖတ်ရှုနိုင်ခြင်း ရှိကြ
သည်။ ဤအချက်နှင့်ပတ်သက်၍ အဆောက်အအုံများမှ ရှာဖွေလေ့လာ
ခဲ့ရာ စိတ်စွမ်းအင်နှင့် "ကံ" (LUCK)တို့၏ အကြား ပြိုင်နိုင်မှု
ရှိသော ကျွမ်းဆက်များကို တွေ့ရှိခဲ့သည်။

ဒေါင်းသန်းလှန်ခြင်း အန်စာတုံးလှိမ့်ခြင်း အလုံးပေါ် ကစားခြင်း အံစာပစ်၍ကစားခြင်း ကာစီနို(Casinos)ကစားခြင်း ပိုကာဆိုးခြင်းနှင့် လောင်းကစားနည်းအမျိုးမျိုးကို ကစားသူများ သည်. . . ကံကောင်းသည့် ဂဏန်းများ(Lucky numbers) အတိတ် နိမိတ်များ(Omens) စိတ်အာရုံကို ညှို့ယူခြင်းဆောင်ရွက်ချက်များ ပြုလုပ်၍ အိမ်မက်ထဲက အတိတ်နိမိတ်များ ကြိုတင်ဟောကြားချက်များ



www.burmeseclassic.com

www.burmeseclassic.com





(Predictions)နှင့် စိတ်ထဲကတခဏအတွင်း အလိုလိုသိမြင်လာမှုများ (moments of intuition)ကို စိတ်အာရုံပြု၍ ဆောင်ရွက်တတ်သူ အချို့ရှိသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ထိုသူသည် မည်မျှ အနိုင်ရလိုက်ပါသနည်း။

ကျွန်ုပ်တို့သည် လောင်းကစားခြင်း၏ မကောင်းကျိုးများ (ဆိုးကျိုးများ) အကြောင်းကို သိရှိထားကြပြီးဖြစ်သော်လည်း ထပ်မံပြောပြလိုပါသေးသည်။ လောင်းကစားခြင်း၏ အန္တရာယ်ပေးမှုမှာ များပြားလှပေသည်။ လောင်းကစားမှုကို စတင်ဆောင်ရွက်မိသည့် လောင်းကစားသမားတစ်ဦးသည် မိမိပြုလုပ်နေသည့် လောင်းကစားကိစ္စကို မူးယစ်ဆေး စွဲနေဘိသကဲ့သို့ မဖြတ်နိုင်အောင် စွဲလမ်းတတ်သည့် အန္တရာယ်ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com


ငွေကြေးများစွာ ရှုံးသောအခါ ဘဝပျက်လောက်သည်အထိ စိတ်ပျက်အားငယ်မှုကို ကြုံတွေ့ခံစားရခြင်းသည်လည်း ဆိုးကျိုး တစ်ရပ်ဖြစ်သည်။ ပြုလုပ်နေကျ လောင်းကစားမှုကို စဉ်လာမပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ငွေကြေးအတွက် ရမ်းကားကြမ်းတမ်းလာပြီး ထင်ရာစိုင်းသောအပြုအမူများဖြင့် မှားယွင်းစွာ ငွေရှာမိတတ်ခြင်းမှာလည်း ဆိုးဝါးလှသည်။ ဤသို့ဖြစ်ပါမူ လောင်းကစားမှုပြုခြင်းသည် ကျွန်ုပ်တို့လူသားများကို စစ်မှန်သည့်ပျော်ရွှင်မှု မပေးနိုင်သည်မှာ သေချာလှပေသည်။

လောင်းကစားသမားများနှင့် စိတ်ပညာသည် သာယာပျော်ပျောင်းစွာ ကရသည့် ဝေါ့(ဇ)(Waltz) စုံတွဲအကကဲ့သို့ နီးနီးကပ်ကပ် ဆက်စပ်မှုရှိကြပေသည်။ ဝေါ့(ဇ)(Waltz)စုံတွဲအက၏ သိမ်မွေ့သည့် ခံစားမှုကို ဖော်ပြရန်ခက်သကဲ့သို့ လောင်းကစားသမားများ၏ ဘဝတွင် အတုနှင့်အစစ်၊ အနိုင်နှင့်အရှုံးတို့ကို အပိုင်ကွက်တိ ပြောနိုင်ရန် မလွယ်လှပေ။

တရုတ်နိုင်ငံတွင် တရုတ်လူမျိုးများသည် လောင်းကစားခြင်းကို နှစ်သက်သဘောတွေ့ကြသည်။ ဤတွင် အလွယ်တကူ လေ့လာနိုင်သည်မှာ မာကျောက်(MahJong)ကစားခြင်း၊ ဖဲကစားခြင်း(Card Playing)နှင့် အခြားလောင်းကစားမှုများသည် ရှေးကျသည့် ခေတ်အခါကာလကပင် ရှိနေခဲ့ကြောင်း သိရှိရသည်။

ဤသို့သော လောင်းကစားမှု ပြုကြသူများတွင် အစွဲအလမ်းကြီးမှုများ(Superstitions)ရှိနေတတ်ကြသည်။

သာဓကများစွာရှိပေသည်။

ကန်တုံးနီး(စ)လူမျိုး(Cantonese)များ လက်ဝက်ကတည်း



www.burmeseclassic.com

www.burmeseclassic.com


တ(books)ဟူသော စကားလုံးကိုတစ်စုံတစ်ရာမျှ ပြောခြင်း၊ ရွတ်ဆိုခြင်း မပြုမိအောင် ဂရုထားကြသည်၊ ရှောင်ကြဉ်ကြသည်။ အကြောင်းမှာသူတို့လူမျိုး၏အသံထွက် "books"သည် "ဆုံးရှုံးခြင်း"(lose)နှင့် အသံထွက်ချင်း ဆင်တူနေသဖြင့် လောင်းကစားသမားများသည် ငွေကြေး ဆုံးရှုံးမည်ကို စိုးရိမ်သောကြောင့် အတိတ်နိမိတ်ဆောင်ကာ ရှောင်ကြဉ်ကြခြင်းဖြစ်သည်။



မာကျောက်(MahJong)ကစားနေကြပုံ

လောင်းကစားပွဲတွင် အနိုင်ရရှိသည့်ငွေကြေးကို လောင်းကစားစားပွဲ၌ ရေတွက်ခြင်းမပြုရန် အကြံပေးချက်လည်းရှိပေသည်။ လောင်းကစားပွဲသို့ မလာမီ မကောင်းမှုပြုလုပ်တော့မည့် အချိန်တွင် ဘုန်းကြီးများ(သို့)သီလရှင်များနှင့် ဆက်သွယ်ဆောင်ရွက်မှုပြုခြင်းကို ရှောင်ကြဉ်ရန်လည်း သတိထားတတ်ကြပေသည်။ လောင်းကစား ယှဉ်ပြိုင်ကစားနေကြစဉ်တွင်(ဥပမာ) ဖဲဝိုင်း၌ဖဲချပ်ကစားနေစဉ် ပြိုင်


www.burmeseclassic.com

www.burmeseclassic.com




ပွဲဝင် တစ်ဘက်လောင်းကစားသမား၏ ပခုံးကို မထိ၊ မပုတ်မိရန်လည်း အထူးဂရုပြုတတ်ကြသည်။

တရုတ်နိုင်ငံတွင် တရုတ်လူမျိုးလောင်းကစားသမားများသည် ကာဆီနို(Casino)၏ ဖန်ရှုအီ(Feng Shui)အမှတ်အသားကို ဂရုထားတတ်ကြပေသည်။ အကြောင်းအရင်းမှာ တစ်ခါတစ်ရံတွင် လောင်းကစားရုံအတွင်းသို့ ဝင်ရာ၌ အဓိကဝင်ပေါက်(Main entrance)မှ ဝင်ခြင်းသည် မင်္ဂလာမရှိဟု ယူဆတတ်ကြသည်။

တစ်ခါတစ်ရံတွင် ဤအဓိကဝင်ပေါက်များသည် ဖန်ရှုအီ (Feng Shui) အမှတ်အသား၏ ကျိန်စာများ လောင်းကစားခြင်း အပေါ် သက်ရောက်မှုရှိနေတတ်သည်ဟု ယူဆကြသောကြောင့် ဖြစ်သည်။



ကာဆီနို ဝင်ပေါက်ကို ဖန်ရှုအီပုံစံ စီရင်ထားပုံ

တရုတ်လူမျိုးလောင်းကစားသမားများ၏ ဘိုးစဉ်ဆောင်ဆက်ကစ၍ သတ်မှတ်ထားသည့် အသိပညာတစ်ခုမှာ လောင်းကစားမှုအတွက် ဟိုတယ်အခန်းကို(ဘိုကင်)လုပ်တော့မည် . . ၊ မှာကြား



www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဆိုပါက အခန်းနံပါတ် (၄)ကို ရှောင်ရန်ဖြစ်သည်။

အကြောင်းရင်းမှာ နံပါတ်(၄)ဟူသော စကားလုံး၏ တရုတ်အသံထွက်သည် သေခြင်း(Death)ဟူသော သူတို့၏စကားလုံးနှင့် အသံထွက်ချင်းတူနေသဖြင့် လောင်းကစားမှုစတင်ဆောင်ရွက်ရန် မင်္ဂလာမရှိဟု မှတ်ယူတတ်ကြပေသည်။

မင်္ဂလာရှိသည့် နံပါတ်ကိုရယူလိုပါမူ တရုတ်လူမျိုးတို့သည် အစဉ်အမြဲနံပါတ်(၈)ဂဏန်းကို ယူလေ့ရှိတတ် ကြသည်။ စိတ်ပညာရှင်များသည် လောင်းကစားသမားများနှင့် ၎င်းတို့၏ အစွဲအလမ်းကြီးမားမှုများကို လေ့လာရာတွင် ထိုသူတို့၏ ယဉ်ကျေးမှုအစဉ်အလာလူမှုပတ်ဝန်းကျင် ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်ပါဝင်စားအာရုံထားမှုများကိုပါ ပေါင်းစပ်မှုပြု၍ လေ့လာတတ်ကြသည်။

အချို့သော လောင်းကစားသမားများသည်. . . ၎င်းတို့၏ ကောင်းကံ၊ ဆိုးကံနှင့် ရှေ့ဖြစ်မည့် ကောင်းကျိုး၊ ဆိုးပြစ်များကို ကြိုတင်သိရှိနိုင်ရန်အတွက် အတိတ်နိမိတ်ကောက်၍ ခန့်မှန်းတတ်ကြသည်။ ဤသို့ အတိတ်နိမိတ်ကောက်၍ ရှေ့ဖြစ်ကို ကြိုတင်သိနိုင်အောင် ဆောင်ရွက်ရာ၌ အဝတ်စတစ်စကို မြင်မိလျှင်လည်းကောင်း၊ ကိန်းဂဏန်းတစ်လုံးကို မြင်မိကြားမိလျှင်သော်လည်းကောင်း၊ ကစားဝိုင်းဒိုင်၏ မျက်နှာထားဟန်ပန် အမူအယာနှင့် ဆက်ဆံရေး အခြေအနေများ စသည်တို့သည်. . . လောင်းကစားသမားတို့အတွက် ကံကောင်းခြင်းနှင့် ကံဆိုးခြင်းတို့ကို ပေးစွမ်းနိုင်သည်ဟု အတိတ်နိမိတ်ကောက်ယူတတ်ကြသည်။

လောင်းကစားသမားတို့သည် ထိုသို့အတိတ်နိမိတ်ကောက်ယူ၍ ကောင်းကံ၊ ဆိုးကံနှင့် ကောင်းကျိုး၊ ဆိုးကျိုးများကို ယုံကြည်ကာ

www.burmeseclassic.com


လောင်းကစားလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြသည်။ အချို့သောလောင်းကစားသမားတို့သည် ဘာသာရေးထုံးစလေ့ အစွဲအလန်းများကို ရှေးယခင်ခေတ်များက ကံကောင်းခဲ့မှုများ၊ အနိုင်ရရှိခဲ့မှုများနှင့် ဆက်စပ်၍ လောင်းကစားပြုလုပ်ခြင်းကိုယုံကြည်ကြသည်။

သို့ရာတွင် လောင်းကစားသမားများ၏ အတိတ်ကအောင်မြင်မှု၊ ဆုံးရှုံးမှုဖြစ်ရပ်များကို သတိတရ ပြန်လည် အသုံးချခြင်းသည် အခါခပ်သိမ်းအောင်မြင်မှုမရနိုင်ပေ။ အကြောင်းမှာ လောင်းကစားသမားသည် ၎င်း၏ယုံကြည်မှုများကို အားဖြည့်လောင်းသည့် ကိုယ်ပိုင်ရှုထောင့်သစ်၊ ကိုယ်ပိုင်အမြင်သစ်တို့ဖြင့် အစဉ်အမြဲ ကျွမ်းကျင်ပိုင်နိုင်စွာ လောင်းကစားပွဲတွင် ပါဝင်ဆင်နွှဲနေတတ်ကြ၍ဖြစ်သည်။

၎င်းအချက်နှင့် သဘောထားချင်းဆန့်ကျင်သူမှာ ဒေါက်တာဆနိတ်(Dr. Snake)ဖြစ်သည်။ သူသည် ဖဲကစားနည်း တစ်မျိုးဖြစ်သည့် ပိုကာ(Poker)ကစားရာတွင် လွန်စွာကျွမ်းကျင်သူဖြစ်သည်။ ဂီတာတီး ကျွမ်းကျင်သူဖြစ်သကဲ့သို့ အနောက်အင်ဒီးကျွန်းများရှိ အချို့ နီဂရိုး လူမျိုးတို့၏ စုန်းကဝေအတတ်တစ်မျိုးနှင့်တူသည့် ခေတ်မီသော ဗူဒူ၊ ဟူဒူ(Voodoo and hoodoo)အတတ်ပညာကို လေ့လာဆည်းပူးထားသော ဒေါက်တာဆနိတ်သည် ရှေ့ဖြစ်ဟောနိုင်သူဖြစ်ပေသည်။

လွန်ခဲ့သောနှစ်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်ဘောလုံးအသင်းအတွက် ကြိုတင်ဟောကိန်း ထုတ်ခဲ့သူဖြစ်သည်။ ဒေါက်တာဆနိတ်အနေဖြင့် သာဓကအဖြစ် မီးမောင်းထိုးပြသူမှာ အပြည်ပြည်ဆိုင်ရာ ပိုကာကစားသမား ဂျယ်ရီယန်း(Jerry Yang)ဖြစ်သည်။ ဂျယ်ရီယန်းသည် လောင်းကစားပွဲတွင် အနိုင်ရရန် ဘုရားဝတ်ပြု၍ ဆုတောင်းသူ ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဂျူယံရီယန်းသည် ကမ္ဘာကြီးမြတည်း ပိုကာ ကစားရုံဖြင့် ဆိုပွဲမှ လောင်းကြေးငွေ ဒေါ်လာ(၈.၂)သန်းကို အေးအေးဆေးဆေး အနိုင် ရခဲ့ဖူးသည်။ ဒေါက်တာ ဆန်းဒါက ပြည့်စွက်ပြောပြသည့်အတွက် ဂျူယံရီယန်း၏ အကြောင်းကို ပိုမိုပြည့်စုံစွာ သိလာရပေသည်။

ဂျူယံရီယန်းသည် ကာလီဖိုးနီးယားနိုင်ငံသား စိတ်ပညာ ရှင် တစ်ဦးလည်းဖြစ်သည်။ သူသည် အထက်တွင် ဖော်ပြသကဲ့သို့ လောင်းကြေးငွေ အကြီးအကျယ်မရမီ (၂)နှစ်ခန့်မှစ၍ ပိုကာ ကစား ခြင်းကို စတင်ခဲ့သည်။ နှစ်ပိုင်(၆)ရက်နေ့တွင် စတင်သည့်ပွဲသည် ကာစီနိုဗိုကာကစားသမားအတွင်း အကြီးဆုံးသော ကစားပွဲကြီးဖြစ်ပြီး ကမ္ဘာ သိကြမ်းမရှိ ကစားနိုင်မည့် ကစားသမားဦးရေ (၆၃၅၈)ဦး ရှိလေ သည်။ ပြိုင်ပွဲဝင်ရန် အလေ့အကျင့်မှ ပြင်ဆင်ထားပြီးသော ဂျူယံရီယန်း သည် ကစားပွဲဝင်ဖို့ သူ၏ကလေးငယ်များ၏ ဓာတ်ပုံကိုနမ်းသည် [illegible] အများအတွင်း သူတောင်းခဲ့လေတော့သည်။



လောင်းကြေးငွေ ဒေါ်လာ(၈.၂)သန်း
အနိုင်ရရှိသွားသည့် ဂျူယံရီယန်း

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ကစားပွဲမဝင်မီ ဂျယ်ရီ ပြုနေကျဝတ္တရားဖြစ်ပေသည်။ တစ်ကြိမ်တွင်မူသူပြောသောစကားမှာ ကြီးကျယ်လှသည်။

"ဘုရားကျွန်တော်မျိုးအား ပွဲပြတ်နိုင်အောင်စောင့်ရှောက်ပေးတော်မူပါ ဘုရား"

ဂျယ်ရီ၏ ကံကောင်းထောက်မမှုကြောင့်ပေလော။

သို့တည်းမဟုတ် ဆုတောင်းပြည့်ခဲ့ခြင်းပေလော။

အကြောင်းရင်းမှန်ကို မပြောပြတတ်သော်လည်း ဂျယ်ရီသည် ပိုကာကစားပွဲတွင် အနိုင်ကြီးနိုင်ခဲ့ပေသည် ဂျယ်ရီယန်းသည် ပိုကာ ကစားပွဲသို့ မသွားမီ၊ မကစားမီသာ ဘုရား၌ ဆုတောင်းမှု ပြုလုပ်သည်သာ မဟုတ်ပဲ၊ ကစားနေစဉ် ကာလအတွင်းတွင်လည်း အရေးပေါ်အနိုင်ရရန် အခက်အခဲ အကြပ်အတည်း ဖြစ်သည့်အခါမျိုးတွင် ဘုရားထံအာရုဏ်ပြု၍ ဆုတောင်းမှုပြုမြဲဖြစ်သည်။

ဤသို့ နမူနာပြခြင်းကြောင့် ဂျယ်ရီယန်းကဲ့သို့ ဘုရားထံ ဆုတောင်းလျှက် လောင်းကစားပြုလုပ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဤသို့သော ဖြစ်ရပ်တွင် ဂျယ်ရီယန်းသည် ဘုရားထံ အမြဲတမ်း ဝတ်ပြုဆုတောင်းခြင်းဖြင့် သူ၏ စိတ်စွမ်းအင် ထိုးဖောက်သိမြင်နိုင်သောစွမ်းအင်များ တိုးတက်ရရှိလာခြင်းဖြစ်ကာ စိတ်ဆန္ဒနှင့် ဆုတောင်းပြည့်ဝခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။

သင်သည် ဘုရားရှိခိုးခြင်း၊ သင်၏စိတ်ဝိညာဉ်ကို အားဖြည့်ဆုတောင်းခြင်း မှန်မှန်ပြုလုပ်ခြင်း၊ သမာဓိအားကောင်းအောင် ထူထောင်ခြင်းဖြင့် ကောင်းကျိုးရလဒ်များကို ခံစားနိုင်ပါသည်။ သို့ဖြစ်ပေရာ "ကံကောင်းခြင်း"ဆိုသည်မှာ မိမိကိုယ်တိုင် ကံကောင်းမှုကို ဖန်တီးရယူမှုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့်ဆိုရသော် မိမိဖြစ်လိုသည့် ဆန္ဒကို ဖြစ်ရမည်ဟု ပြင်းပြလှိုက်လှဲမှုရှိသော ယုံကြည်မှုရှိခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ ဆောင်ရွက်မှုများတွင် ယုံကြည်မှုအပြည့်အဝထားရှိ၍ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပေသည်။

အကယ်၍ "ကံ"(luck)ဆိုသည်မှာ ကျွန်ုပ်တို့ အသုံးပြုခဲ့သော စိတ်၏လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်ဆိုပါက ကျွန်ုပ်တို့လိုအပ်သည့်အချိန်တွင် ထို"ကံ"ကိုရယူနိုင်မှု ရှိ မရှိ သိလိုကြပေလိမ့်မည်။ ဒေါက်တာဆနိုတ်၏ တွေးခေါ်မှုအရ ဆိုရပါမူ ထိုစိတ်၏လုပ်ငန်းစဉ်ဖြင့် "ကံ"ကို ဖော်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ ရှေးဘိုးဘေးဘီဘင်များထံမှ မျိုးရိုးလိုက်ကာ အမွေဆက်ခံထားခြင်းဖြစ်ပြီး လူတိုင်းတွင် ရှိသည့် မီးခဲပြာဖုံး ငုပ်လျှိုးကိန်းအောင်းနေသော စွမ်းအင်ပုန်း(Latent power)ဖြစ်သည်။ ဒေါက်တာဆနိုတ်က အာရုံခံစားမှုနှင့်ပတ်သက်၍ ဆက်လက်ရှင်းပြသည်မှာ. . .

ပိုကာကစားခြင်းသည် ဂျယ်ရီယန်းအတွက် ဇဝနဉာဏ်ရွှင်၍ ဘဝရှင်သန်မှုရစေသည်။ ဂျယ်ရီယန်းသည် ရှေးခေတ်အခါက အာဖရိကန် ဆဗာနား (African Savannah) သစ်တောကြီးထဲမှ မုဆိုးတစ်ဦးနှင့် အလားတူသည်။ မုဆိုးသည် လက်တွင် လှံတံကိုစွဲကိုင်ထားဘိသကဲ့သို့ ဂျယ်ရီယန်းသည်လည်း အတွင်းစိတ်အာရုံတွင် စဉ်းစားဉာဏ်အမြင် ဆင်ခြင်တုံတရားနှင့် ပြည့်ဝထက်မြက်လာသည့်အခါ လှံတံဖြင့် သားကောင်ကို အပြီးအပြတ်ချေမှုန်းပစ်နိုင်သကဲ့သို့ ဂျယ်ရီယန်းသည်လည်း ထိုဉာဏ်လက်နက်ဖြင့်လောင်းကစားပွဲကို ပွဲသိမ်းအောင်မြင်နိုင်ခြင်းဖြစ်သည်။

၄င်းသည် လူတိုင်းတွင်ရှိသည့် သဘာဝအလျောက်ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ပြီး သင်ကြားပေးရန် မလိုသော သဘာဝအသိ ဖြစ်သည်။ ယနေ့ကာလတွင် ထိုသဘာဝအသိကို လူတို့အလေးထားခြင်း၊ အသုံးပြုခြင်းမရှိဘဲ မြုံနေသကဲ့သို့ တိမ်မြုပ်နေသည်။ သို့သော် ဘဝတွင် ရှေ့ဖြစ်ကိုကြိုတင်သိမြင်နိုင်ရန်အတွက် မြုံနေသော ပင်ကိုယ်ရှိပြီးသား သဘာဝအသိကို ပြန်လည်ဖော်ထုတ် အသုံးပြုရန် လိုအပ်ပေသည်။

သင်၏စိတ်အာရုံခံစားမှုကို နက်ရှိုင်းတည်ငြိမ်မှုရအောင်တိုးမြှင့်ကျင့်ကြံအားထုတ်ပါက စိတ်စွမ်းအင်များကို ရနိုင်ပေသည်။ အမှန်မှာ ၎င်းသည် သင့်တွင်ရှိနှင့်ပြီးဖြစ်သော သဘာဝအာရုံအသိပင်ဖြစ်သည်။ သို့သော် ထိုရှိပြီးသား မိမိ၏ပင်ကိုယ်သဘာဝ အာရုံအသိကို ရှေးအချိန်ကာလများစွာကပင် အပြည့်အဝ အသုံးမချနိုင်ခဲ့သည်မှာ လူတိုင်းဖြစ်သည် ဟူ၍ ဆိုရပေမည်။

၁၉၇၀ ပြည့်နှစ်တွင် သိပ္ပံနည်းကျလေ့လာဆန်းစစ်မှုတစ်ခုပြုခဲ့သည်။ ၎င်းမှာ အမှတ်ထင်ထင် ရှိနေသော အိပ်မက်များ မြင်မက်ခြင်းနှင့် ၎င်းကို အတိတ်နိမိတ်ဟူ၍ အတိတ်နိမိတ်ကောက်တာမြင်းပွဲလောင်းခြင်းကြောင့် မြင်းပွဲတွင် အနိုင်ရရှိမှု ဆက်စပ်ပုံကိုသိပ္ပံနည်းကျလေ့လာခြင်းဖြစ်သည်။

ကာလီဖိုးနီးယားတက္ကသိုလ် (California University) ဦးနှောက်နှင့်အာရုံကြော စိတ်ပညာဌာနမှ ဒေါက်တာသယ်မာမို (Dr. Thelma Moss)က သူမ တွေ့ရှိခဲ့သော လူများစွာသည် မြင်းအပြေးပြိုင်ပွဲ၏ရလဒ်ကိုမှန်ကန်အောင် ကြိုတင်ခန့်မှန်းနိုင်ကြသဖြင့် များစွာအံ့ဩမိရသည်။ ထို့ထက်ပို၍ အံ့ဩမိရသည်မှာ ထိုသူများသည် အားကစားကို ဝါသနာမပါသူများ ဖြစ်နေခြင်းကြောင့်ပင်။

ဒေါက်တာသယ်မာမို့၏ လေ့လာချက်တစ်ရပ်မှာ သူမတွင်



www.burmeseclassic.com

www.burmeseclassic.com



ါ ဘိန်ဆွေရင်းချာတစ်ဦးလိုခင်မင်သော စိတ်ပညာရှင်တစ်ဦး ရှိခဲ့သည်။

ထိုမိတ်ဆွေ၏ အမည်မှာ မစ္စစ်ဆမ်မီဟတ်ဆန် Mrs. Sammie Hudson ဖြစ်သည်။ သူမသည် မြင်းပြိုင်ပွဲအကြောင်းကိုပင် သေသေချာချာမသိ၊ မြင်းပြိုင်ပွဲနှင့်သက်ဆိုင်သည့် အလေ့အထ ကျင့်စဉ်ကိုပင် နားမလည်သူ ဖြစ်သော်လည်း မြင်းပြိုင်ပွဲနှင့် ပတ်သက်သော အိမ်မက်များကို မှတ်မှတ်သားသား မြင်မက်လေ့ ရှိခဲ့သည်။

သူမအမှတ်ထင်ထင်ရှိနေသည်မှာ ပြိုင်ပွဲများတွင် အနိုင်ရသောမြင်းများ၏ အရောင်အသွေးနှင့် ထင်ရှားသည့် ထူးခြားချက်များ ဖြစ်သည်။ ဤမြင်းပွဲများနှင့် ပတ်သက်သော ဗဟုသုတများ သူမတွင် ရှိမထားပေ။ ကြိုတင်သိရှိထားခြင်းလည်း မရှိပေ။

ဤမြင်းပွဲများသည် တကယ်ပင် ကျင်းပခဲ့ပြီး အနိုင်ရမြင်း ပေါ်ထွက်သောအခါ မစ္စစ်ဆမ်မီဟတ်ဆန်က အနိုင်ရလိမ့်မည့် မြ

www.burmeseclassic.com

www.burmeseclassic.com



တင်ခန့်မှန်းချက်ပေးသောမြင်းသည်သာ ပွဲတိုင်းတွင် အနိုင်ရကြောင်း အံ့သြဖွယ် ကြုံတွေ့ရသည်။

ဒေါက်တာသယ်မာမို၏ လေ့လာချက်အရ ဤသို့ ထူးထူးခြားခြား စွမ်းရည်ရှိသည့်အခြားသူများကိုလည်း အမှတ်မထင် တွေ့လာရသည်။ ဒေါက်တာ၏ လေ့လာချက်များတွင် အခြားအကြောင်းအရာ ဖြစ်ရပ်မျိုးကိုလည်း ကြုံတွေ့ရပေသေးသည်။

အဆိုပါဖြစ်ရပ်တွင် ပါဝင်ခဲ့သည့် အမျိုးသမီးသည် ဘာသာရေး အယူအဆများကြောင့် လောင်းကစားမှုကို မပြုလုပ်ပေ။ သို့ဖြစ်၍ မြင်းပြိုင်ပွဲများတွင် အနိုင်ရမည့်မြင်းကို ပွဲစဉ်တိုင်းအတွက် အိမ်မက်ထူးများဖြင့် ကြိုတင်သိရှိရသော်လည်း သူမအတွက်မူ အကျိုးမရှိပေ။ အိမ်မက်ထူးများသည် အချည်းနှီးပင်ဖြစ်ပေတော့သည်။

သူမ၏အိမ်မက်များသည် လွန်စွာမှန်ကန်တိကျပြီး ပြိုင်ရိုးပြိုင်စဉ်မဟုတ်သော ပွဲစဉ်များ (ဥပမာ- အပြင်၌အလွတ်ကျင်းပသော ပြိုင်ပွဲများ)မှ အနိုင်ရမည့်မြင်း (သို့) လူ (သို့) ဂဏန်း (သို့) အသင်းများကိုပင် ရွေးထုတ်ဖော်ပြနိုင်သည်အထိ ကြိုတင်သိရှိသည်။

နောက်ဆုံးတွင်မူ သူမ၏ခင်ပွန်းက ဇနီးဖြစ်သူ၏ စွမ်းရည်ကို



www.burmeseclassic.com

www.burmeseclassic.com


စမ်းသပ်သည့် အနေဖြင့်. . သူ၏မိတ်ဆွေဇနီးမောင်နှံကို သူမ၏ အိမ်မက်အတိုင်း မြင်းပွဲလောင်းရန် ဆွဲဆောင်ကြည့်သည်။

အိမ်မက်စွမ်းရည်ထူးရှိသောသူမ၏ ခန့်မှန်းပေးသော အနိုင်ရမည့် မြင်းကို မိတ်ဆွေဇနီးမောင်နှံက ယုံကြည်စွာဖြင့် (၂)ဒေါ်လာ လောင်းကြေးတင်ရာ မြင်းပွဲတွင် အဆိုပါမြင်း အနိုင်ရသဖြင့် ဒေါ်လာ တစ်ထောင်နီးပါး လောင်းကြေးနိုင်ခဲ့ဘူးလေသည်။

ဤသည်မှာ အံ့ဖွယ်ပင်ဖြစ်ပေသည်။ ဒေါက်တာသယ်မာမို့၏ စူးစမ်းလေ့လာချက်များအရ မြင်းပွဲတွင် အနိုင်ရမည့်မြင်းများကို အိမ်မက်အတိုင်း ကြိုတင်ခန့်မှန်းနိုင်မှု ပြုရာ၌ ထိုသူတို့၏လုပ်ငန်း နောက်ခံအခြေအနေ၊ လေ့ကျင့်မှုနှင့် လက်ရှိလုပ်ငန်းလုပ်ဆောင်မှုတို့ သည် မည်မျှလွှမ်းမိုးမှု ရှိနိုင်ကြောင်း ကောက်ချက်ချဆွဲကြည့်သည်။

ဥပမာအားဖြင့်ဆိုရပါမူ စာရင်းကိုင်တစ်ဦးသည် စာရင်း တစ်ခုကို ကြည့်လိုက်လျှင် ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ တစ်မူထူးခြားနေ သော ကိန်းဂဏန်းများကို ပို၍အာရုံပြုမိကာ ချက်ချင်းတွေ့ရှိတတ် သည်။

ထိုနည်းတူစွာ ရုပ်မြင်သံကြားထုတ်လုပ်သူတစ်ဦးသည် အဖြစ်အပျက်တွင် သူကိုယ်တိုင်ပါဝင်နေဘိသကဲ့သို့ သဘာဝကျကျ ရိုက်ကူးရေးကို အာရုံစူးစိုက်မိပေမည်။ သဘာဝမကျမှု ရှိလျှင်လည်း ချက်ချင်းမြင်သိတတ်သည်။

လေ့လာချက်များအရ ကျွန်ုပ်တို့၏ ကိုယ်ရည်ကိုယ်သွေးများ သည် စွမ်းရည်ပုန်းများအရ ပုံဖော်ထားခြင်းဖြစ်သည်။ ဒေါက်တာ သယ်မာမို့သည် လောင်းကစားမှုဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးထူးချွန် ထက်မြက်သူများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် မဖော်ပြသော်



www.burmeseclassic.com

www.burmeseclassic.com


လည်း သူမ၏လေ့လာချက်များအရ ထင်ထင်ရှားရှား သိမြင်နိုင်သည့် အချက်များ ရှိပေသည်။

လောင်းကစားသမားများသည် ၄င်းတို့၏အာရုံသိဖြင့် သိမြင်မှု၊ အိပ်မက်သို့မဟုတ် အမြင်အာရုံကို အတိတ်နိမိတ်ကောက်ခြင်း၊ ကြိုတင်နိမိတ်ဖတ် ဟောကိန်းထုတ်ခြင်း စသည်တို့ဖြင့် လောင်းကစားမှုပြုရာတွင် ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင် ချလိုက်နိုင်ခြင်းသည် အနိုင်ရရှိသောသူတို့၏ ကိုယ်ရည်ကိုယ်သွေးပင် ဖြစ်ပေသည်။ ဒေါက်တာသယ်မာမိုသည် သူမ၏ပင်ကိုယ်ဝါသနာအရ စိတ်ပညာနှင့်ဆက်စပ်မှုရှိသော လောင်းကစားခြင်းဆိုင်ရာ ဖြစ်ရပ်များကို လေ့လာခဲ့သဖြင့် အတိုင်းအတာတစ်ခုအထိ အကျိုးရလဒ် ရှိခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် စိတ်ပညာနှင့်ဆက်နွယ်သည့် လောင်းကစားမှုဆိုင်ရာ အရည်အသွေးများကို အကဲဖြတ်ရာတွင် ဖြစ်ရပ်တစ်ခုစီကို ဘက်စုံထောင့်စုံမှ သတိရှိရှိ လေ့လာကြည့်ရှု သုံးသပ်ပြီးမှသာ ကောက်ချက်ချရန်လိုအပ်ပေသည်။ အကြောင်းမှာ လောင်းကစားမှုနယ်ပယ်တွင် မရိုးမသားလုပ်မှု၊ ကလိမ်ကျမှု၊ လိမ်လည်ကောက်ကျစ်မှု၊ အတုအလိမ်လုပ်မှုနှင့် အယောင်ဆောင်မှုများ အလွန်ပေါများသောကြောင့် ဖြစ်သည်။

အပြင်၌ စိတ်နယ်လွန်တန်ခိုးသတ္တိနှင့်ဆိုင်သော စာအုပ်များ၊ လောင်းကစားမှုနည်းစနစ်များ၊ ညွှတ်ကွင်း ကျော့ကွင်း ဆင်နိုင်သော နည်းလမ်းစုံကို ဖော်ပြထားသည်မှာ အမျိုးအစားစုံလင်လှပေသည်။ လူများစွာတို့သည် လောင်းကစားခြင်းကို ငွေများများရနိုင်သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် အဘယ်ကြောင့် နှစ်သက်စွဲလမ်းတွယ်တာတပ်မက်နေသည်ကို လေ့လာကြည့်သင့်ပေသည်။


www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီသော သုတေသနပြုချက်များအရ လောင်းကစားခြင်းကို မူးယစ်ဆေးဝါး၊ အရက်စွဲသည့်ပမာ မဖြတ်နိုင်လောက်အောင် စွဲလမ်းတွယ်တာနေခြင်း၏ အလွန်အရေးပါသိသာထင်ရှားသော အချက်တစ်ရပ်မှာ လူ့ခန္ဓာကိုယ်ရှိ အာရုံကြောဆိုင်ရာ ပို့ဆောင်ဆက်သွယ်ပေးမှုအရ လောင်းကစားသမားကို ပျော်ရွှင်မှု(Pleasure) ကျေနပ်သော ခံစားမှုကို ပေးနိုင်သောကြောင့်ဟု ဆိုရပေမည်၊

ဇူးရစ် (Zurich)၊ တက္ကသိုလ်ဆေးရုံ (University Hospital)ရှိ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ စိတ်ပညာဌာနစ်မှ ဒေါက်တာပီတာဘရူဂျာ(Dr. Peter Brugger)ကဲ့သို့သော သိပ္ပံပညာရှင်များသည် ခေတ်မီတိုးတက်သော သုတေသနများကို ဆောင်ရွက်လာကြသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

ဒေါက်တာ ပီတာဘရူဂျာ၏ သုတေသနပြုချက်အရ ဒိုပါမိုင်း (dopamine)သည် စိတ်ပညာပိုင်းဆိုင်ရာ စွမ်းရည်ကို ပါဝင်ကူညီထောက်ပံ့ပေးနိုင်ကြောင်း အကြံပြုသည်၊



www.burmeseclassic.com

www.burmeseclassic.com


လိင်မှုဆိုင်ရာကိစ္စ(sex)နှင့် အစားအစာ(food)တို့သည် ဒိုပါမိုင်းကို ထုတ်လွှတ်၍ ဦးနှောက်သို့ပို့ပေးသည်ဟု ခေတ်မီသုတေသနပြုချက်အရဖော်ပြသည်။ လောင်းကစားကိုစွဲလမ်းခြင်း၏ အဓိကအချက်မှာလည်း ဒိုပါမိုင်း ဖြစ်နိုင်သည်ဟု ဖော်ပြထားသည်။

လောင်းကစားသမားများသည် ဒိုပါမိုင်း ထုတ်လွှတ်မှုကို လောင်းကစား ပြုနေချိန်ကာလတွင် အမြင့်မားဆုံးရရှိလေသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ဒေါက်တာဆနိတ်၏ လေ့လာတွေ့ရှိချက်၊ ဒေါက်တာမာမို၏ လေ့လာတွေ့ရှိချက်နှင့် ဒေါက်တာဘရူဂျာ၏ လေ့လာတွေ့ရှိချက် အသီးသီးကို ပေါင်းစပ်မှုပြုကာ အဖြေရှာကြည့်နိုင်သည်။ ထင်ရှားပေါ်လွင်လာသည့်အချက်မှာ လောင်းကစားသမားများ၏ ဦးနှောက်တွင် ပင်ကိုယ်ဓာတုဖွဲ့စည်းမှုအရလည်းဖြစ်ပေသည်၊ ပါရမီကြောင့်လည်းဖြစ်နိုင်ပေသည်။ အောင်မြင်သော လောင်းကစားသမားများသည် ပွင့်လင်းဖော်ရွေသူများဖြစ်ပြီး အကောင်းမြင်ဝါဒကို လက်ကိုင်ထားသူများဖြစ်သည်။ ထိုသူတို့သည် အခြားလောင်းကစားသမားများ ကစားနေချိန်တွင် သိသိပ်ကျစ်လစ်စွာ အနိုင်ရမည့် အခွင့်အရေးကောင်းတစ်ခုကို မိမိရရဆုပ်ကိုင်နိုင်သူများလည်း ဖြစ်ကြသည်။

လောင်းကစားခြင်းကို နှစ်သက်တွယ်တာ စွဲလမ်းနေသူများအား ဆေးကုသပေးခြင်းသည် ကောင်းမွန်ပါသည်။ ထိုနည်းတူစွာ လွန်ခဲ့သောကာလများက အရေးမထားသတိမမူခဲ့သော လောင်းကစားသမားများရှိ မီးခဲပြာဖုံးဖြစ်ကာ ငုပ်ရှိုးနေသော စွမ်းရည်ပုန်း (ပင်ကိုယ်စွမ်းအင်)များကိုလည်း ဖော်ထုတ်သင့်ပေသည်။

Ref : PSYCHIC GAMBLERS

လောင်းကစားမျက်လုံး

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





(၁)

"ဗြဲ..."

"အောင်မယ်လေးတော့"

"ဂွပ်"

"အား.."



www.burmeseclassic.com

www.burmeseclassic.com





# ၂

"ဒီနေ့ မြဘုန်းမလာပါလား"

"မသိဘူးလေ"

ခိုင်မြနှင့်ဝေဖြိုးတို့ ဒီမနက်မှ လွှတ်ရည်ဆိုင် ထိုင်ရတာ အရသာမရှိသလို ပျင်းခြောက်ခြောက်ကြီးဖြစ်နေကာ ဆိုင်လာမထိုင်သော မြဘုန်းအား သတိရ၍ မေးကြခြင်းဖြစ်သည်။ ခါတိုင်းတော့ ဆိုင်မှာမြဘုန်းက ဦးစွာရောက်နှင့်နေတတ်သည်။ အနည်းဆုံး သူ့ဗိုက်ခွဲခွဲကြီးထဲ အီကြာကွေးတစ်ချောင်း၊ မုန့်ဟင်းခါးတစ်ပွဲကောက် ထည့်ပြီးမှ လွှတ်ရည်ချိုဆိမ့်မှာသောက်ကာ ခိုင်မြတို့ ရောက်လာ စောင့်နေကျ။ လူစုံသည်နှင့် ဟိုပြောဒီပြော ရယ်စရာတွေလည်း ပြော



www.burmeseclassic.com

www.burmeseclassic.com


တတ်သည်။ အရွတ်အနောက်သန်လေသည်။

"ဒီကောင်တော့မဟုတ်မှလွဲရော အိမ်ကနေ မောင်းချခံရပြီ ထင်တယ်"

ခိုင်မြစကားကြောင့် ဝေဖြိုးမျက်လုံးသေးသေးလေးတွေ လှစ်ခနဲ ရောက်လာကာ. . .

"ဘယ်လိုကြောင့်လဲဟ"

"ငါပြောပြချင်တယ် ဒါပေမယ့် ဒီကောင်က မပြောနဲ့ဆိုလို့ကွ"

"ဟာ. . . ပြောရမှာပေါ့ မင်းနှယ် သူငယ်ချင်း အချင်းချင်း ကူညီရမယ့်ထောင့်ပေါ်လာရင် ဝင်ဖြည့်ရမှာပေါ့"

ထိုအခါ ခိုင်မြက လေသံကိုနှိမ့်လျက်. . .

"အေး ငါပြောပြမယ် မင်း ဘယ်သူ့မှ လျှောက်မပြောဘူးလို့ ကတိပေးမလား"

"အားပေးတယ်ကွာ. . . ပြော"

"ဒီလိုကွ ပြီးခဲ့တဲ့ တနင်္ဂနွေက ငါတို့မင်းအိမ်မှာ ဂစ်တာလာ တီးပြီး (၉)နာရီထိုးမှ ငါနဲ့ ဒီကောင်ထပြန်တာမှတ်မိလား"

"အင်းလေ မှတ်မိတာပဲ"

"ပြဿနာက အဲ့ဒီနေ့ကကွ အမှန်က သူ့အမေက သူ့ကို ည(၈)နာရီလောက်အရောက် ပြန်လာဖို့မှာလိုက်တာ သူ့အဖေက အတော်နေမကောင်းဖြစ်နေလို့တဲ့"

"ဆေးခန်းပို့ဖို့လား"

"မဟုတ်ဘူး ရွာချဖို့"

"ဘယ်လို"

"ဟာကွာ ခေါ်ပစ်တာကွ ရှင်းပြီလား"


www.burmeseclassic.com

www.burmeseclassic.com



"ဩော် သိပြီ သိပြီး ကွင်းမြှောက်တာတို့ ဘာတို့လုပ်တာ"

"အေး အဲဒါ ရှေးအယူပေါ့ကွာ အဲ့ဒီပြဿနာက ဒီလိုဟ"

ခိုင်မြစကားခဏဖြတ်ကာ ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်လေသည်။

၄. ၄. ၄. ၄.



www.burmeseclassic.com

www.burmeseclassic.com





# (၇)

ဝေဖြိုးတို့ရပ်ကွက်ထိပ်ရောက်မှ မီးကင်းတဲ သံချောင်းခေါက်သံ ကြားကာ ခိုင်မြသတိရသွားသည်။

“ဟာ. . အန်တီမြ မှာလိုက်တယ်လေကွာ မင်းကို (၈)နာရီ အရောက်ပြန်ခဲ့ဆို. . .”

“အေးဆေးပါကွာ”

သူစိုးရိမ်တကြီး ပြောသော်လည်း မြဘုန်းပုံစံက တစ်ကယ့်ကို အေးဆေးပင်။ သို့နှင့် သူတို့ရပ်ကွက်ရှိရာဖက် ဆက်လျှောက်လာကြ ရင်း မြဘုန်းက ပုံမှန်သွားနေကျ ကတ္တရာလမ်းအတိုင်း မသွားဘဲ စိုက်ကွင်းမြေနီလမ်းဖက်ချိုးကာ ဆင်းသွား၍. . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲမြဘုန်း"

"လာစမ်းပါ"

ည ကိုးနာရီကျော်ကာမှ ဘယ်ကို သဝေထိုးဦးမလဲဟု တွေးကာ. . မြဘုန်းနောက်သို့ ဆင်းလိုက်လာခဲ့သည်။ လမိုက်ညဆိုသော်လည်း ကြယ်ရောင်နှင့် မြေနီလမ်းက လင်းစွာမြင်ရသည်။

လမ်းတစ်ဝက်ရောက်မှ မြဘုန်းက. . .

"မင်းအေးအေးသာလိုက်ခဲ့ ခဏနေ ရှယ်ဝါးတီးဖွင့်ရမယ်"

"ဘယ်မှာလဲ. . ."

"မမေးနဲ့ ဟိုကျ မင်းသိလိမ့်မယ်"

ခိုင်မြ လိုက်သာလိုက်ခဲ့ရသည်။ မြဘုန်းကိုတော့ သိပ်မယုံချင်။ ဘယ်သူ့ကို ခြောက်စားဟောက်စားလုပ်ဦးမလဲတွေးကာ စိတ်ထင့်နေမိသည်။ ဒီကောင်က သူတစ်ပါးကို ခြောက်လှန့်ရတာကို အလွန်ဝါသနာထုံတဲ့ကောင်။ ပြီးခဲ့တဲ့လက ခံလိုက်ရတာကိုတောင် အမှတ်မရှိဘဲ ဘာတွေထပ်လုပ်ဦးမည်မသိ။

တစ်ခြားတော့မဟုတ်။ သာကေတမှာနေသော သူ့ဦးလေးတစ်ယောက်ဆုံးသွား၍ နာရေးကိစ္စကူညီရန်ဟုဆိုကာ သူနှင့်ဝေဖြိုးကို အပါခေါ်ကာ သာကေတရှိ နာရေးအိမ်သို့ရောက်သွားသည်။

လုပ်အားကူဖို့အတွက် သွားသော်လည်း သူ့ရပ်ကွက်နှင့်သူကူညီသည့်သူက အပြည့်ရှိနေ၍ သိပ်တော့မပင်ပန်းပါ။ သို့သော် အိပ်ရေးတော့ ပျက်ရသည်။ နေ့ည ကစားဝိုင်းတွေရှိနေသဖြင့် အသံဆူတာရော လူများတာကြောင့်ပါ သူနှင့်ဝေဖြိုးတို့ နေ့ငုတ်တုတ်၊ ညငုတ်တုတ်နှင့်အတော်ပင် ဒုက္ခရောက်ကြသည်။ မြဘုန်းကတော့ သုခဘုံသို့ရောက်နေသည်။ ဦးလေးဆုံးတာ မငိုအားပဲ ဦးလေးအိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ဖက်မျက်နှာချင်းဆိုင်အိမ်က ကောင်မလေးတွေကို ကြိတ်ပိုးပြီး ပြုံးကာနေလေသည်။ တစ်ညတော့ သူနှင့်ဝေဖြိုးကို အိမ်နောက်ဘက် အခန်းထဲခေါ်သွားကာ. . .

"ငါ့ကို အဲဒီဒယ်အိုးဖင်က အိုးမည်းတွေနဲ့ ငါ့ကိုယ်ပေါ်မှာ အရိုးခြောက်ပုံ ဖော်ပေးစမ်းကွာ"

"ဟေ ဘာလုပ်ဖို့လဲ"

"လုပ်စမ်းပါကွာ ကိစ္စရှိလို့"

"ဘာကိစ္စလဲ ပြော"

"ချိုးမှုပဲကွာ"

မြဘုန်းက စိတ်မရှည်သလိုညည်းတွားကာ အကျီလုံချည်တွေချွတ်ချပြီး အနက်ရောက် အတွင်းခံလေးနှင့်. . .

"ငါ့ကောင်မလေး အကူအညီတောင်းလို့ကွ ငါတို့ဘက်တဖဲသမားတွေက ညဘက် အပေါ့သွားချင်ရင် ငါ့ကောင်မလေးအိမ်ရှေ့က မြောင်းစပ်မှာသွားကြတယ် မနက်မိုးလင်းတော့ သေးစော်တွေနံဟောင်နေတာပဲတဲ့ အဲ့ဒါ တားပေးပါဆိုလို့ တားမလို့"

"ဟာ အဲ့ဒါအလွယ်လေးပဲ ပြောလိုက်ပေါ့ကွ အိမ်ဝိုင်းထဲက အိမ်သာမှာပဲ သွားကြပါလို့"

"ခက်တော့နေပြီ မင်းတို့ငါတို့က မျက်နှာစိမ်းကွ ရွာခံကိုသွားပြီး ဆရာကြီးလုပ်ရင် အတုတ်ခံနေရမယ် ဒီတော့ နောက်တစ်ခါအဲ့ဒီဘက်မသွားရဲအောင် ခြောက်လွှတ်လိုက်ရင် ပြီးပြီ လုပ်ကွာ. . မြန်မြန်"

ခိုင်မြတို့ ဆက်ပြောလည်း ရမည်မဟုတ်၍ နားအေးပြီးရော ဟု သဘောထားကာ မြဘုန်းခိုင်းသည့်အတိုင်း လုပ်ပေးလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိုးမည်းနှင့်မြဘုန်း၏ ဖြူဖွေးတုတ်ခိုင်သော ကိုယ်လုံးပေါ်မှာ မျက်နှာကအစ ခြေဖမိုးအထိ အရိုးခြောက်ပုံပေါ်အောင် သုတ်လိမ်းပေးလိုက်သည်။ ဆိုးတော့မဆိုး၊ အမှောင်ထဲ ရွှေ့ရပ်လိုက်လျှင် အဖြူပေါ်ထင်းနေသည့် အိုးမည်းကြောင်းတွေက တစ်ကယ့်ကို အရိုးခြောက်ပင်။

"အိုခေ ငါလစ်ပြီ"

"မြဘုန်းခြံနောက်မှ ခြံရှေ့ဖက် ပတ်ထွက်သွား၍ သူတို့လည်း လက်ဆေးကာ ထုံးစံအတိုင်း ငုတ်တုတ်ငိုက်ဖို့ပြင်ကြသည်။ သို့သော် ငိုက်ချိန်မရ။

"အား. . ."

အိမ်ရှေ့လမ်းတစ်ဖက်ရှိ မြောင်းထဲမှ စူးစူးဝါးဝါး အော်သံကြီးကြောင့် ကစားဝိုင်းတွေပါ ပျက်ကာ ထွက်ကာကြည့်ကြသည်။ ခဏကြာတော့ သတိလစ်နေသော မြဘုန်းအား မြောင်းထဲမှ ဆွဲတင်လာကြသည်။ သူနှင့်ဝေဖြိုးလည်း ထိုအခါမှ မြဘုန်းဖြစ်နေမှန်း သိကာ လက်လွှဲယူကြပြီး မြဘုန်းကို သတိရအောင် လုပ်ကြသည်။ မြဘုန်း သတိရသော်လည်း စကားမေးမရ။ တစ်ညလုံး အဖျားတွေတက်ပြီး မနက်လင်းမှ ဆေးခန်းပို့ကြသည်။

ဆေးခန်းက ပြန်မှ မြဘုန်းပြောပြနိုင်တော့သည်။

"ငါတော့ သေပြီလို့တောင်ထင်တာ"

"ဟေ ပြောပါဦးကွ'

"အာ ငါမင်းတို့ဆီကထွက်လာပြီး ငါ့ကောင်မလေးအိမ်ရှေ့မြောင်းထဲ ဆင်းထိုင်ပြီး စောင့်တာလေ ဒီမြောင်းစောင်းမှာ ခေါင်းလာပေါက်လို့ကတော့ 'ဖြဲ' ခနဲ ထခြောက်မယ်ဆိုပြီးတော့ပေါ့ကွာ မကြာ



www.burmeseclassic.com

www.burmeseclassic.com



ဘူး ငါတို့အိမ်ဖက်ကနေ လူတစ်ယောက်ထွက်လာရောတွ အသာ လှမ်းကြည့်တော့ ပုဆိုးအောက်နားစလေးမပြီး ဒီဖက်ဘူးလာတာ လာပစေဆိုပြီး ငါအသာစောင့်နေတာ ထင်တားတဲ့အတိုင်း ဒီဘက် မြောင်းစပ်မှာ လာထိုင်ရောကွ အဲ့ဒါနဲ့ ငါလည်း မြောင်းထဲကနေ ဘွားခနဲထပြီး ဗြခနဲ ထခြောက်လိုက်တာ ငါသတိလစ်သွားတယ်"

"ဘယ်လိုကြောင့်လဲ"

"အဲ့ဒီလူမှာ ခေါင်းမပါဘူးကွ"

"ဟမ်. . ."

ဖြစ်ပုံ. . . ဖြစ်ပုံ ထိုစဉ်က မြဘုန်းရက်လည်ပြီးတာတောင် အဖျားမကျ သာကေတမှ တောင်ဥက္ကလာအိမ်သို့ ပြန်ရောက်လာတာ သုံးရက်ဆက်ပြီး ဆေးကုလိုက်ရသည်။ ယခုလည်း. . .

"သံတံတားရောက်နေပြီ မင်းဘယ်သွားမှာလဲ"

မင်္ဂလာလမ်း သံတံတားကို လှမ်းမြင်နေရ၍ ခိုင်မြသတိပေး သလိုပြောသည့်တိုင် မြဘုန်းနှုတ်ဆိတ်နေကာ တံတားနှင့် မလှမ်း မကမ်း ချောင်းကမ်းနဖူးပေါ် စောင်းထိုင်ချလိုက်တော့သည်။

"ဟေ့ကောင် ဘာလုပ်တာလဲ"

"ရှူး တိုးတိုး ခဏလေးစောင့်စမ်းပါ လာထိုင်"

ခိုင်မြ စိတ်ပျက်စွာ ဝင်ထိုင်ရင်း. . . "

"မင်းမမှတ်သေးဘူးလား မြဘုန်း"

"ဟာ. . ဒီတစ်ခါ အေးဆေး ဟင်းတွေက ရှယ်ကွ ငါနေ့ခင်း ကတည်းက ကြိတ်ချင်နေတာ"

"ဘာလဲ ခေါ်စာလား"

"အေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကွာမင်းဘာသာလစ်ပြီး မင်းဘာသာစားလည်း ဖြစ်တာပဲ"

"မရဘူးကွ ငါလာပစ်ရင် ငါ့အမေပါလာမှာ ဟော. . ရှူး"

မြဘုန်း စကားဖြတ်ကာ မင်္ဂလာလမ်းဖက် လှမ်းကြည့်သည်။

"လာပြီကွ"

လေသံလေးနှင့်ထပ်ပြောသဖြင့် သူလည်း မြဘုန်းကြည့်ရာဘက် လှမ်းကြည့်လိုက်သည်။ မည်းမည်းသဏ္ဌာန်နှစ်ခု မင်္ဂလာလမ်းပေါ်မှ ချောင်းကမ်းနဖူးဆီသို့ ကွင်းစပ်အတိုင်း တစ်ရွေ့ရွေ့ချဉ်းကပ်ပြီး သူတို့ရှိရာနှင့်မလှမ်းမကမ်းတွင် ရပ်သွားသည်။

ထို့နောက် ရွက်ယူလာပုံရသော အဝိုင်းသဏ္ဌာန်တစ်ခုအား မြေကြီးပေါ် ချလိုက်ပြီး သိပ်မကြာ မြဘုန်း၏မိခင် အန်တီမြ၏ အသံကို ကတုန်ကရင်နှင့်ကြားရလေတော့၏။

"ဒေါင် ဒေါင် ဒေါင်"

"ကွင်းပိုင်ကြီးတို့ကိုပင့်ဖိတ်ကျွေးမွေးပါတယ် စားဖွယ်အစုံရဲ့ အလှူရှင်က ကြာသပတေးသားဖြစ်ပါတယ်။ ကြာသပတေးသားကြီးရဲ့ နာမကျန်းဖြစ်မှုကို ချမ်းသာပေးကြပါ။ အမှားရှိရင်လည်း ခွင့်လွှတ်ပါတော်"

ထိုအခိုက်မှာပင် မြဘုန်း ပုဆိုးခြုံ၍ ထသွားပြီး အာခေါင်သံကြီးနှင့်

"စားမယ် ဝါးမယ် စားမယ် ဝါးမယ်"

"အမေ. . အား. . အမေရေ ဟို ဟိုမှာ မည်းမည်းကြီးအား"

"သမီးပြေးပြေး အမလေး ကွင်းပိုင်ကြီးတို့ရယ် ကျေ. . ."

"ဘုံး. . ."



www.burmeseclassic.com

www.burmeseclassic.com



"အွပ်. ."

'အမေ"

"သမီးရေ အမေ့ကိုဆွဲပြေးပါဟဲ့ အမယ်လေး ဘုရားကယ်ပါ"

ဋ ဋ ဋ ဋ

ဇိတ်

www.burmeseclassic.com

www.burmeseclassic.com





## (၄)

"အင်း. . အဲ. . အဲဒီတော့ ဘာတွေဖြစ်ကုန်လဲ"

ခိုင်မြဲစကားဖြတ်ကာ ရေနွေးငုံ့သောက်နေပြန်၍ ဝေဖြိုး အားမလိုအားမရဖြစ်ကာ လှတ်မေးသည်၊ ခိုင်မြဲလည်း ရေနွေးတစ်ခွက် ကုန်အောင်သောက်ပြီးမှ. . .

"ဘာတွေဖြစ်ကုန်လဲဆိုတော့ ဒီကောင့်ကိုစောင့်ရင်း မလာတဲ့အဆုံး သူ့အမေနဲ့ သူ့အစ်မ ခေါ်လာပစ်ကြတယ်. . မြဘုန်းထ ထခြောက်တော့ လန့်ပြီးပြေးကုန်ကြတယ် ဒီကောင်က အဲ့ဒီထဲက ကြက်ကြော်တွေ အမဲကြော်တွေ အဲ့ဒီမှာတင် တစ်ဝထိုင်ထီးတော့တာ ငါကတော့ အန်တီမြတို့သားအမိကို သနားလွန်းလို့ မစားတော့ဘူး ကွာ တစ်ကယ်ရက်စက်တဲ့ကောင်ကွ အဲ့ဒါနဲ့ မျိုလို့ဆို့လို့ ဝပြီးပြန်လာ



www.burmeseclassic.com

www.burmeseclassic.com


တော့ ကွင်းစပ်ကနေ မင်္ဂလာလမ်းပေါ်လည်းတက်ရော ငုတ်နှဲ့ငြိကျန်ခဲ့တဲ့ ထဘီတစ်ကွင်းကို တွေ့ရောကွ. . . မြဘုန်းက အဲ့ဒါကို ယူပြီး လမ်းမီးရောင်အောက်သွားကြည့်မှ သူ့နဖူးသူရိုက်ပြီ ငိုင်သွားတယ်။

"ဟေ ဘာလို့လဲ"

"အဲ့ဒါ သူ့အစ်မ အပျိုကြီး ထဘီတဲ့လေ"

"ဟင်"

"မင်းစဉ်းစားကြည့် ဒီကောင် အိမ်အောက်ထပ်တစ်ခုလုံး လက်ဖက်ရည်ဆိုင်ကို ငှားထားတာ. . အဲ့ဒီညက သူ့အစ်မ အိမ်ပေါ် ရောက်အောင် ဘယ်လိုတက်မလဲဆိုတာ"

"အဲ"

ဝေဖြိုး မျက်လုံးလေးလည်တည်တည် ဖြစ်သွားပြီးမှ တခိခိ ရယ်တော့သည်။

"ငါတော့ အဲ့ဒီပြဿနာနဲ့ ဒီကောင် မောင်းချခံရပြီထင် တယ်ကွ၊ အန်တီမြတို့သားအမိလည်း လန့်ပြီး ဖျားတာ အတော်ကု လိုက်ရတယ်"

ဝေဖြိုးအရယ်ရပ်ပြီး ဂရုဏာသံနှင့်။

"အေးကွာ အဲ့သလို ဖြစ်ကုန်တော့ ဘယ်ကောင်းမလဲ အစ်မ လည်း အရှက်ကွဲ မိဘလည်း ဒုက္ခရောက်နဲ့ ဒီကောင်ကိုက မဟုတ် သေးပါဘူးကွာ"

မြဘုန်းအကြောင်းကတော့ ပြောမဆုံးပေါင် တောသုံးထောင် ဆိုဖြစ်နေသည်။ မူလတန်းကျောင်းသား ဘဝကတည်းက တစ်ခုံ တည်း တစ်တန်းတည်း တွဲမိပြီး တက္ကသိုလ်ရောက်သည်အထိ မခွဲမခွာ မြလာသော သူငယ်ချင်းများဖြစ်သောအခါ ငယ်သံပေးဇာတ်နှင့် ဆိုး



www.burmeseclassic.com

www.burmeseclassic.com



မွှေကောင်းမွှေ မျှခံနေကြရလေသည်။ ဝေဖြိုးနှင့်ခိုင်မြတို့ အနေအေး သလောက် မြဘုန်းကတော့ မွှေပါသည်။ ကလေးဘဝကတည်းက မြဘုန်းက အမွှေ။ တစ်ခါတစ်လေ မြဘုန်းအကြောင်းအား ခိုင်မြ ထိုင်တွေးရင်း စိတ်ကုန်နေမိသည်။ မှတ်မှတ်ရရ ခုနစ်တန်းနှစ်က မြဘုန်းကြောင့် သုံးယောက်သား ကားနေအောင် ခံခဲ့ရဖူးသည်။

အတန်းပိုင်ဆရာမ ဒေါ်ခင်ဆွေဝင်းမှာ မင်းသမီး ခင်ယုမေ နှစ်ဦးက အလှနှင့် အတော်တူပါသည်။ သဘောကောင်း အသင်အပြ လည်းကောင်းသဖြင့် အတန်းသားအားလုံးက ချစ်ကြသည်။

"ငါတို့ ဆရာမက အပျိုကွ၊ ချောလည်းချောတယ်၊ မင်းတို့ ဆရာမက ကလေးအမေ လာမယှဉ်နဲ့"

ဟုပြောပြီး တစ်ခြားအတန်းကကောင်တွေနှင့် ဂုဏ်တုဂုဏ် ပြိုင် လုပ်ရတာလည်းအမော။ အားလုံးထဲမှာ အဆိုးဆုံးက မြဘုန်း။ ဆရာမကလည်း မြဘုန်းဗိုက်နှင့်ဗလကိုသုံးပြီး မော်နီတာ ရာထူးလေး ပေးထားသဖြင့် ပို၍ အသံကျယ်တော့သည်။

ဆရာမကို တစ်ကျောင်းတည်းအတူရှိတဲ့ ဆရာတွေက တောင် မကြည့်စေရ။ ဆရာမကျောင်းသွားကျောင်းပြန် ကားပေါ် ရောက်သည်အထိ အကြိုအပို့အား မြဘုန်းလိုင်စင်ဆွဲထားသည်။ သူနှင့်ဝေဖြိုးကတော့ မြဘုန်းလုပ်သမျှနောက်မှာ အလိုအလျောက် ပါနေသူများဖြစ်ကြသည်။

တစ်နေ့တော့ စာသင်ချိန်ကြီး ဆရာမထံ အမျိုးသားဧည့်သည် တစ်ယောက် ရောက်လာပါသည်။ အသားညိုညို တုတ်တုတ်ခိုင်ခိုင် မြင့်မြင့်ကြီးဖြစ်၍ ခေါင်းပေါင်းထုပ်သာ ထုပ်ပေးလိုက်လျှင် ပန်မျာပီ ဟုပြောနိုင်လောက်အောင် မျက်ခုံးမျက်လုံး နှာခေါင်းကအစ ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com


ယိမ်းနေသူ၊ အမွေးအမျှင်ကလည်း ထူပြော၍ ဒီလူနဲ့သာ ညားရင် ငါ့ဆရာမ တောထဲရောက်ပြီဟု မြဘုန်းညည်း ထွားလေတော့၏။ ထိုလူညို ကပြားကြီးက ထိုတစ်ခါကမှစ၍ တစ်ပတ်နှစ်ခေါက်လောက် ပုံမှန်ရောက်ရောက်လာသောအခါ မြဘုန်းတို့သုံးယောက်သာမက တစ်တန်းလုံးက ကြည့်မရတော့ပါချေ။

သို့သော်လည်း ရှေ့ဆုံးတန်းက ခင်စပ်စုတို့ပြောစကားအရ ဆရာမနှင့်စေ့စပ်ထားတဲ့လူ၊ အင်ဂျင်နီယာဟုကြားသိနေရ၍ ဘယ်သူမှတော့ မလှုပ်ရဲကြ။ သို့သော် မြဘုန်းကတော့ လှုပ်လေသည်၊ ကျောင်းအနောက်ဘက် ရထားသံလမ်းစောင်းမှ ခွေးလယားသီးများ ခူလာခဲ့သည်။ ထုံးစံအတိုင်း ခိုင်မြ၊ ဝေဖြိုးပါသည်ပေါ့။

အတန်းထဲရောက်မှ ခွေးလယားသီးအခွံပေါ်က အမွှန်အမွေးများအား စာရွက်တစ်ရွက်ထဲ သပ်ချကာ စုဆောင်းယူကြသည်၊

"မော်နီတာ အဲ့ဒါ ဘာလုပ်ဖို့လဲ"

"ဟို ပန်ချာပီကောင်ကို သမမယ်လေ နောက်လာရဲအောင်"

"အင်း ကောင်းတယ် ကောင်းတယ်"

သို့နှင့် ခင်စပ်စုဟုနာမည်ပြောင်ပေးထားသော ခင်မြတ်ဆု၏ မီဒီယာကဏ္ဍကြောင့် မြဘုန်းတို့လုပ်မည့်အစီအစဉ်အား တစ်ခန်းလုံး သိထားကြကုန်သည်။ နေ့လယ်ခင်း မုန့်စားဆင်းချိန်ဆို၊ ဟိုလူရောက်လာပြီး အတန်းထဲက ဆရာမ စားပွဲခုံဘေးက ထိုင်ခုံအလွတ်တစ်ခုမှာ ထိုင်နေကျဖြစ်သဖြင့် ထိုင်ခုံမှာ ခွေးလယားသီးအမှုန့်များ ဖြူးထား လိုက်လေသည်။ ထိုနေ့က အနီးပုဂ္ဂိုလ် လာနေကျနေ့လည်းဖြစ်ကာ ခွေးလယားသီးနှင့်ချုံခိုတိုက်ဖို့ အပိုင်စောင့်ကြသည်။

ကံဆိုးသည်ပဲလား၊ အနီးပုဂ္ဂိုလ်ရောက်မလာဘဲ ခွေးလယား



www.burmeseclassic.com

www.burmeseclassic.com



သီးထိုင်ခုံတွင် အင်္ဂလိပ်စာဆရာမ ဒေါ်မာဂရက် ဝင်ထိုင်မိကာ ပြုံးသနာတက်တော့သည်။

ဆရာမကြီးက ဝလည်းဝ ထိုင်လိုက်လျှင် ခုံနှင့်အပြည့်အလျှံ ဖြစ်၍ ခွေးလယားသီး၏ ပါဝါကို အပြည့်အဝခံစားရကာ တွန့်လိမ်ကုန်ပါသည်။ ဒါ သွေးရိုးသားရိုးမဟုတ်မှန်း ဆရာမ ရိပ်စားမိပြီး ခတ်ထန်ထန် ခပ်ကြမ်းကြမ်းလေးမေးသောအခါ ရှေ့ဆုံးတန်းက ခင်စပ်စု ထ၍ ဖော်ကောင်လုပ်တော့၏။

"မော်နီတာနဲ့ ခိုင်မြဲတို့ ဝေဖြိုးတို့ အဲဒီခုံမှ ခွေးလယားသီးတွေ သုတ်ထားတယ်ဆရာမ"

"လာစမ်း အဲ့ဒီကောင်တွေ ထွက်ခဲ့စမ်း"

နောက်ဆုံးတော့ စည်းကမ်းထိန်းသိမ်းရေး ရုံးခန်းထဲရောက်သွားကာ တစ်သက်စာ အရှိုးရာများ ထပ်သွားလေတော့သည်။

"ခိုင်မြဲ"

ဝေဖြိုးခေါ်၍သူအတွေးပြတ်ကာ လှည့်ကြည့်သည်။

"ငါတို့မြဘုန်း အိမ်ကိုလိုက်သွားကြမလား"

"သွားလေ"

သို့နှင့် လက်ဖက်ရည်ဆိုင်မှထကာ ရပ်ကွက်ထဲလျှောက်ဝင်လာခဲ့သည်။ မြဘုန်းအိမ်အောက်ထပ်မှာ လက်ဖက်ရည်ဆိုင် ရှိသော်လည်း ထိုဆိုင်အား မြဘုန်းတောင် မထိုင်သဖြင့် သူတို့လည်း မထိုင်ဖြစ်ကြ၊ ရပ်ကွက်ထိပ်က ဆိုင်မှာသုံးယောက်ဆုံကြ ထိုင်ကြသည်။ သူနှင့် ဝေဖြိုးတို့ ရောက်သွားတော့ မြဘုန်းနှင့်သူ့ဖခင် ဦးရွှေဘုန်းတို့အိမ် အောက်ထပ် လက်ဖက်ရည်ဆိုင်မှာ အခန့်သားတွေ့ရလေ၏။

သို့သော် မြဘုန်း ခေါင်းမှာ ပတ်တီးနှင့်ဖြစ်၍ သူ့ဘေးဝင်ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com


မေးကြသည်။

"မင်းမလာလို့ လိုက်လာတာကွ ခေါင်းက ဘာဖြစ်တာလဲ"

"အေးဆေးပါကွာ လက်ဖက်ရည်သောက်ကြလေ"

"တော်ပြီ ငါတို့ထိပ်က ဆိုင်မှာသောက်ခဲ့ပြီ ပြောစမ်းပါဦး မင်းခေါင်းက ဘာဖြစ်တာလဲ"

ဝေဖြိုးအားကျိုးခန့် မေးနေသော်လည်း မြဘုန်း စိတ်မဝင်စားဘဲ လမ်းတစ်ဖက်ရှိ အိမ်သို့အကြည့်ပို့ကာ ပြီတီတီလေးလုပ်နေလေသည်။ ထို့ကြောင့် ခိုင်မြ စိတ်မရှည်သောအသံနှင့်. . .

"ဟေ့ကောင် မင်းကို မေးနေတယ်လေကွာ"

မောင်မြဘုန်းက ခေါင်းခါခါ လယ်ခါခါနှင့်. . .

"အသက်နဲ့အဝေးကြီးပါကွာ အေးဆေးပါ ဟိုးမှာ ဟိုးမှာမြင်လား"

မြဘုန်းက မသိမသာမေးငေါ့ပြ၍ ခိုင်မြတို့လည်း လှည့်ကြည့်ကြသည်။ မြဘုန်းလှမ်းကြည့်နေသော အိမ်ခြံဝင်းထဲ၌ အသက်သုံးဆယ်ဝန်းကျင်လောက် အမျိုးသမီးတစ်ဦး လေသာဆောင် ထွက်ထိုင်နေတာ မြင်ရသည်။

"အဲ့ဒါ ငါ့ရဲ့မမ ဖြစ်လာမယ်ဆိုတာ ကျိန်းသေလောင်းရဲတယ် အဟတ်ဟတ် အခု သူငါ့ကို ရှုံးနေတယ်ကွ မြင်လား မင်းကြည့် နောက်သုံးရက်လောက်ပဲ ထိုင်ကြည့်လိုက် ဂွတ်သွားပြီ အဟတ်ဟတ်"

ဝေဖြိုး ခေါင်းကို ဖြည်းလေးစွာခါရင်း. . .

"ငါမေးတာ မင်းခေါင်းက ဘာဖြစ်တာလဲ အဲ့ဒါကွာ ကျန်တာ မပြောနဲ့"

"ဘာမှမဟုတ်ပါဘူးကွာ နောက်ရင်းပြောင်ရင်း ဖြစ်တာပါ



www.burmeseclassic.com

www.burmeseclassic.com


သုံးချက်လောက်တော့ ချုပ်လိုက်ရတယ်"

"ဟော"

"ဒီလိုကွ ငါတို့အနောက်လမ်းထဲက ဒေါ်စောတို့လင်မယားက မနက်သုံးနာရီဆို သိရိမင်္ဂလာဈေးမှာ ပုံမှန်ဈေးကြိုသွားတယ် ငါလည်း အဲဒီနေ့ညက အိပ်မပျော်တာနဲ့ အောက်ဆင်းထိုင်ရင်း အဲ့ဒါကို သတိရပြီး ငါတို့ခြံနောက်က ပုံနရိပ်ချုံဘေးမှာ သွားထိုင် စောင့်နေလိုက်တယ်။ သူတို့လင်မယားလည်း အနားရောက်ရော ငါလည်းချုံထဲကနေ 'ဗြဲ'ဆိုပြီး ထခြောက်တာ ဒေါ်စောကတော့ အမလေးတော့လို့ အော်တယ်ကွ သူ့ယောကျ်ား ဦးဝေဝေက လက်ထဲကိုင်လာတဲ့ အုပ်နီခဲနဲ့ လန့်ပြီးထုပစ်တာ ငါကွဲရော"

"သေ. . သေမှ အေးမယ့်ကောင်"

"အဟုတ်ဟုတ် ဒါပေမယ့် ပျော်တယ်ကွ အား. . ကျွတ်ကျွတ် ခဏလေးထိုင်ကြဦးကွာ ငါ ဗိုက်နာလာပြီ"

မြဘုန်းထသွားမှ တစ်ချိန်လုံးငြိမ်ပြီး နားထောင်နေသော မြဘုန်းဖခင် ဦးရွှေဘုန်းက. . .

"မင်းတို့ကောင် ပြောတိုင်းယုံပြီး သိပ်အထင်မကြီးနဲ့ကွ"

"ဘာကိုလဲ ဦးလေး"

"ဟိုးက အပျိုကြီးကိစ္စလေ"

ခိုင်မြတို့ ထိုအိမ်ဖက် အကြည့်တစ်ချက်ရောက်သွားပြီးမှ. .

"မဟုတ်ဘူးလား"

"အမှန်တော့ အဲ့ဒီအပျိုကြီးက ငါ့ကိုစိတ်ဝင်စားနေတာကွ"

"ဗျာ"

ထို့နောက် ဦးရွှေဘုန်းက အညောင်းတစ်ချက်ဆန့်၍. . .


www.burmeseclassic.com

www.burmeseclassic.com


"ကဲ ငါလည်း အပေါ်တက်လိုက်ဦးမယ်ဟေ့ မင်းတို့မယုံလည်း စောင့်ကြည့်ပေါ့ အခုကြည့်နေတဲ့ အပျိုကြီးရဲ့မျက်လုံးတွေ ဒီမှာ ကျန်ခဲ့မလား အပေါ်ထပ်ကို ရောက်လာမလားဆိုတာ'

သို့နှင့် ဦးရွှေဘုန်း ထထွက်သွားမှ ခိုင်မြက. . .

"မြဘုန်းဆိုတဲ့ကောင် ခပ်ကြောင်ကြောင်နိုင်တာ ငါသိပြီကွ"

"ဘာကိုလဲ"

"ဒီကောင်ကြောင်တာ သူ့အဖေကြောင့်"

"ဟာတိုးတိုးပြောပါကွာ"

ထိုနေ့က မြဘုန်းနှင့်တစ်နာရီလောက်ထိုင်စကားပြောခဲ့ကြပြီး ဝေဖြိုးကို လမ်းထိပ်လိုက်ပို့ကာ သူလည်း သင်တန်းကိစ္စအတွက် မြို့ထဲသို့ ဆက်ထွက်လာခဲ့သည်။

သည်နောက်ပိုင်း ဝေဖြိုးလည်း ကျောင်းပိတ်ထားတုန်း သူ့အဒေါ်နှင့် နယ်ပြန်သွားကာ သူလည်း သင်တန်းကိစ္စနှင့်ရော လူမစုံတာကြောင့်ပါ ထိပ်ကဆိုင်မှာ မထိုင်ဖြစ်ပဲ မြဘုန်းနှင့်လည်း ဆယ်ရက်နီးပါး အဆက်အသွယ်ပြတ်သွားသည်။

ဝေဖြိုးနယ်က ပြန်ရောက်လာမှ မြဘုန်းဆီ နှစ်ယောက်အတူ ရောက်လာခဲ့ကြသည်။

အောက်ထပ်ဆိုင်မှာ ဦးရွှေဘုန်းကိုတွေ့သဖြင့်. . .

"ဦးလေးမြဘုန်းရှိလား"

"အေး အပေါ်မှာ တက်သွားကြလေ ဒီကောင်လည်း မင်းတို့ကို မျှော်နေတယ်ကွ"

ဦးရွှေဘုန်း မျက်နှာက ခါတိုင်းရွှင်ရွှင်ပြပြမရှိသဖြင့် ခိုင်မြတို့လည်း စိတ်ထဲထင့်ကာ အပေါ်ထပ်တက်လာခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

နှစ်ယောက်သား အာမေဋိတ်သံတစ်သံသာ ပြိုင်တူထွက်နိုင်ပြီး အပေါ်ထပ် လှေခါးထိပ်မှာတင် ကြက်သေသေကုန်ကြသည်။ လှေခါးထိပ်ဖက်မျက်နှာမူကာ အရင်းဘက်နှင့်ထိုင်နေသော မြဘုန်းက မြဘုန်းမှဟုတ်ရဲ့လားဟု မေးစရာဖြစ်နေသည်။

အသားအရေတွေညှိုဖျော့တွန့်ကွေးကာ ဆံပင်တွေပါ ကျဲပါးကုန်ပြီး အသက်ခြောက်ဆယ်အရွယ် အဖိုးကြီးမျက်နှာနှင့်မခြားအိုစာသွားသော မြဘုန်းကိုကြည့်ကာ ခိုင်မြတို့အသက်ရှူဖို့ပင် မေ့နေကြ၏။

"လာကြလေကွာ မင်းတို့အတော်ရက်စက်တဲ့ကောင်ကွ"

ဒီတော့မှ နှစ်ယောက်သား ကသုတ်ကယက်ဝင်လာပြီး မြဘုန်းဘေးမှာ ဝင်ထိုင်လိုက်ကြသည်။ ဝေဖြိုးက အေးစက်စက်ကြီးဖြစ်နေသော မြဘုန်းဘက်ကို လှမ်းဆုတ်ပြီး။

"ဘယ်လိုဖြစ်တာလဲ သူငယ်ချင်းရာ"

ထိုအမေးအား မြဘုန်းတစ်ယောက်ခါတိုင်းလို အေးဆေးပါကွာလို့ မဖြစ်နိုင်တော့ဘဲ မျက်ရည်တွေဝဲလျက်နှင့်. . .

"မနေ့က ငါနားကြားလိုက်ရတဲ့ တရားခွေထဲမှာ ဆရာတော်ကြီးမိန့်တဲ့ စကားက မှန်တယ်ကွ 'လူတွေအားလုံးဟာ ကိုယ့်စိတ်နဲ့ကိုယ် သွားနေကြတာ' တဲ့. . အမှန်ပဲ သူငယ်ချင်း မင်းတို့ကတော့ ငယ်စဉ်ကတည်း စိတ်ဖြူဖြူနဲ့လူတွေဆိုတော့ ခုချိန်အထိ ဖြူဖြူစင်စင်လေး နေခွင့်ရကြတယ်။ စိတ်ကောင်းထားလို့ ကိုယ်ထားတဲ့ စိတ်သဘောအတိုင်း ကောင်းကောင်းမွန်မွန်နေရတယ် ငါကတော့ ငယ်ငယ်ကတည်းက ဆိုးခဲ့တယ်ကွ သူများ ငိုတာမြင်ရရင် သူများ ကြေကွဲလန့်



www.burmeseclassic.com

www.burmeseclassic.com



တာမြင်ရရင် ငါပျော်တယ် ငါစိတ်ပျော်ဖို့ သူများ စိတ်ဒုက္ခ ရောက်အောင် လုပ်ခဲ့မိတယ်ဆိုတော့ ဆရာတော်ကြီးပြောသလို လူတွေအားလုံး ကိုယ့်စိတ်နဲ့ကိုယ် သွားကြတာဆိုရင် ငါအခု ဒီပုံ ဒီဘဝက ငါ့စိတ်ပဲပေါ့ ဆရာဝန်ကတော့ ဦးခေါင်းဒဏ်ရာကြောင့် ဆဲလ်တွေသေပြီး ခုလိုချက်ချင်းအိုစာသွားတာလို့ ပြောတာပေါ့ အမှန်တကယ်က စိတ်ပါပဲကွာ. . ."

ခိုင်မြဲတို့ စိတ်ကောင်းဖြစ်ကြရုံကလွဲလို့ ဘာမျှမတတ်နိုင်ကြ။ တစ်နာရီလောက်အားပေးစကား ထိုင်ပြောပြီး ပြန်လာခဲ့ကြလေတော့သည်။ အပြန် လျှောက်လာရင်းဝေဖြိုးက. .

"ငါတော့ မယုံကြည်နိုင်လောက်အောင်ပဲ ခိုင်မြဲရာ"

"ယုံလိုက်ပါ ဝေဖြိုး ဒါဟာ မျက်မြင်ကိုယ်တွေ့ပဲကွာ ငါတို့သူငယ်ချင်းမြဘုန်း ဘယ်လောက်ဆိုးခဲ့တယ်ဆိုတာ ငါ့တို့အမြင်အသိပဲ အခုဒီဘဝ ဒီပုံကွာ ဘယ်လောက်သံဝေဂ ယူဖို့ကောင်းသလဲဆိုတာ"

သည်နောက်တော့ သူငယ်ချင်းနှစ်ယောက် စကားမပြောဖြစ်ကြ။ ရပ်ကွက်ထိပ်မှာ လမ်းခွဲဖြစ်ကြသည်အထိ နောက်ထပ် ပြောစရာစကားမရှိတော့စွာ ကျောခိုင်းလိုက်ကြလေ၏။

သို့သော် ကိုယ်စီအတွေး၌မူ. . .

"လူတွေအားလုံး ကိုယ့်စိတ်နဲ့ကိုယ် သွားနေကြတာပါလား"



www.burmeseclassic.com